# ခရစ်ဝင်ကျမ်းများ

သင်ခန်းစာ ၄

ရှင်လုကာခရစ်ဝင်ကျမ်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း .......... 1**

**နောက်ခံသမိုင်း .......... 1**

**ကျမ်းရေးသူ.......... 2**

အစဉ်အလာအမြင် .......... 3

ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း .......... 6

**မူလပရိသတ် .......... 9**

သော်ဖိလု .......... 9

ပိုမိုကျယ်ပြန့်သောပရိသတ် .......... 10

**အချိန်ကာလ .......... 12**

ရက်စွဲ .......... 12

ရည်ရွယ်ချက် .......... 12

**ဖွဲ့စည်းပုံနှင့် အကြောင်းအရာ .......... 13**

**ယေရှု၏အစပြုခြင်း .......... 14**

မွေးဖွားခြင်းဆိုင်ရာ ကြေငြာချက်များ .......... 15

မွေးဖွားခြင်းနှင့် ကလေးဘဝ .......... 16

ယေရှုအကြောင်း ယောဟန်၏သက်သေခံချက် .......... 18

ဘုရားသခင့်သားတော်၏အတည်ပြုချက်များ .......... 20

**ဂါလိလဲပြည်၌ ယေရှုအမှုတော်ဆောင်ခြင်း .......... 22**

နာဇရက်မြို့၌ဟောသော တရားဒေသနာ .......... 22

သွန်သင်ချက်များနှင့် အံ့ဖွယ်အမှုများ .......... 24

ဗတ္တိဇံဆရာယောဟန် .......... 26

သွန်သင်ချက်များနှင့် အံ့ဖွယ်အမှုများ .......... 27

တမန်တော်ဆယ့်နှစ်ပါးအားပြင်ဆင်ခြင်း .......... 27

**ယေရုရှလင်မြို့သို့ ယေရှု၏ခရီးစဉ် .......... 28**

တပည့်တော်ဖြစ်ခြင်း၏သဘောသဘာဝ .......... 28

ပဋိပက္ခများတိုးများလာခြင်း .......... 32

တပည့်တော်ဖြစ်ခြင်း၏တန်ဖိုး .......... 33

ယေရှု၏ဆက်ကပ်အပ်နှံမှု .......... 34

**ယေရုရှလင်မြို့နှင့် အနီးဝန်းကျင်တွင် ယေရှု၏ ဓမ္မအမှုတော်ဆောင်ခြင်း .......... 35**

**ယေရှုအားကားစင်တင်ခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း .......... 37**

ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့် သေဆုံးခြင်း .......... 37





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်း ........ 40

**အဓိကအကြောင်းအရာများ ........ 42**

**ကယ်တင်ခြင်းဆိုင်ရာဖော်ပြချက် ........ 42**

**ဘုရားသခင်သည် ကယ်တင်ရှင် ........ 46**

ဘုရားသခင်၏တန်ခိုးတော် ........ 46

ဘုရားသခင်၏အစီအစဉ် ........ 47

ဘုရားသခင်၏သားတော် ........ 48

**ကယ်တင်ခြင်းခံရသောသူများ ........ 49**

**နိဂုံး ........ 54**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

လွန်ခဲ့သောနှစ်များစွာတွင်၊ မီးလောင်နေသော အဆောက်အဦး၏ရုံးခန်းအတွင်း လူတစ်စုပိတ်မိနေကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။ ထို့နောက် အခန်းထဲသို့ လူငယ်တစ်ဦးတိုး၍ဝင်လာသည်။ ထိုပိတ်မိနေသူတို့သည်လည်း မီးဘေးမှလွတ်မြောက်ရန်အတွက် လူငယ်၏စကားကိုလိုက်နာခဲ့ကြသည်။ အဆောက်အဦးတစ်ခုလုံးမှ အသက်ရှင်ကျန်ရစ်သူအများအပြား၏ ပြောကြားမှုများအရ လူငယ်သည် အဆောက်အဦးတွင် အလုပ်လုပ်ခဲ့သော စေတနာ့ဝန်ထမ်း မီးသတ်သမားဖြစ်သည်။ လူငယ်သည် မီးထဲတွင် အသက်ဆုံးရှုံးခဲ့သော်လည်း အခြားများစွာသောသူများအား သေခြင်းမှ လွတ်မြောက်စေခဲ့သည်။

လုကာသည် အခြားခရစ်ဝင်ကျမ်းရေးသူများထက် ယေရှုကိုကယ်တင်သူအဖြစ် ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့ နားလည်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ၊ လူသားမျိုးနွယ်သည် အကူအညီမဲ့ သို့မဟုတ် မျှော်လင့်ချက်မရှိဘဲ ပျောက်ဆုံးနေပြီး စိတ်ပျက်အားငယ်နေကြပါသည်။ ကျွန်ုပ်တို့ကို ခြောက်လှန့်နေသော ဘုရားသခင်၏ တရားစီရင်ခြင်းမှ လွတ်မြောက်ရန် နည်းလမ်းမရှိပါ။ သို့သော် ကိုယ်တော့်အသက်၏တန်ဖိုးဖြင့် ကျွန်ုပ်တို့အားကယ်တင်ရန် ယေရှုကြွလာသည်ဟု ရှင်လုကာခရစ်ဝင်ကျမ်းသည် အသိပေးသည်။

ဤသည်မှာ ကျွန်ုပ်တို့၏ ခရစ်ဝင်ကျမ်းများ အခန်းဆက်ဆောင်းပါးတွင် စတုတ္ထမြောက်သင်ခန်းစာဖြစ်ပြီး “ရှင်လုကာခရစ်ဝင်ကျမ်း” ဟု ခေါင်းစဉ်တပ်ထားသည်။ ဤသင်ခန်းစာတွင်၊ ဓမ္မသစ်ကျမ်း၏ တတိယမြောက်ခရစ်ဝင်ကျမ်းကို သာ၍နားလည်သဘောပေါက်ရန် မည်သို့ဖတ်ရမည်နှင့် ၎င်း၏သွန်သင်ချက်များကို ကျွန်ုပ်တို့၏ဘဝအသက်တာတွင် မည်သို့အသုံးချရမည်အကြောင်းတို့ကို လေ့လာပါမည်။

ရှင်လုကာခရစ်ဝင်ကျမ်းကို အဆင့်သုံးဆင့်ဖြင့် ချဉ်းကပ်ပါမည်။ ဦးစွာ၊ ရှင်လုကာခရစ်ဝင်ကျမ်း၏ကျမ်းနောက်ခံသမိုင်းကို သုံးသပ်မည်။ ဒုတိယ၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာမည်။ တတိယ၊ ၎င်း၏အဓိကအကြောင်းအရာအချို့ကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ ရှင်လုကာခရစ်ဝင်ကျမ်း၏ ကျမ်းနောက်ခံသမိုင်းနှင့်စကြပါစို့။

# နောက်ခံသမိုင်း

ကျမ်းရေးသူလုကာကိုယ်တိုင်ကိုင်၊ သူ၏မူလပရိသတ်နှင့် ရေးသားသည့်အချိန်အခါ သို့မဟုတ် အခြေအနေများကို သုံးသပ်ခြင်းဖြင့် လုကာ၏ခရစ်ဝင်ကျမ်းနောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာပါမည်။ ကျမ်းရေးသူနှင့်ပတ်သက်၍ ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကျမ်းရေးသူ

အစကတည်းကပင်၊ ရှင်လုကာခရစ်ဝင်ကျမ်းကို အတွဲနှစ်တွဲ၏ပထမတွဲအဖြစ် ကျယ်ပြန့်စွာ အသိအမှတ်ပြုကြောင်း ကျွန်ုပ်တို့ဖော်ပြသင့်သည်။ ဒုတိယတွဲမှာ တမန်တော်ဝတ္ထုဖြစ်သည်။ ထို့အတွက်ကြောင့် ရှင်လုကာကျမ်းရေးသူနှင့်ပတ်သက်သောမေးခွန်းများသည် တမန်တော်ဝတ္ထုကျမ်းရေးသူနှင့် ပတ်သက်သောမေးခွန်းများနှင့် အကျုံးဝင်ပါသည်။ လုကာ ၁:၁-၄ တွင် ရှင်လုကာခရစ်ဝင်ကျမ်း၏ နိဒါန်းကို နားထောင်ပါ။

> ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သောသက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူ တို့သည်၊ ငါတို့သည် ထင်ရှားစွာဖြစ်လေပြီးသော အတ္ထုပ္ပတ္တိများကို ငါတို့အားကြားပြောသည် အစဉ်အတိုင်း မှတ်သားသောစာကို စီရင်ရေးထားသောသူ အများရှိကြသည်ဖြစ်၍၊ ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေ့ဦးစွာမှစ၍၊ စေ့စေ့ဖွေရှာလိုက်စစ်ပြီးလျှင်၊ ကိုယ်တော်သင်ပြီးသော အကြောင်းအရာတို့သည် ဧကန်အမှန်ဖြစ်ကြောင်းကို ကိုယ်တော်သိစေခြင်း ငှါ အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည်အကြံရှိပါ၏၊ အလွန်မြတ်သော သော်ဖိလု (လုကာ ၁:၁-၄)။

၎င်းကို တမန်တော် ၁:၁-၂ တွင်ဖော်ပြထားသော အလားတူနိဒါန်းနှင့် နှိုင်းယှဉ်ကြည့်ပါ_

> အိုသော်ဖိလု၊ ယေရှုသည် ရွေးကောက်တော်မူသော တမန်တော်တို့ကို ဝိညာဉ်တော်အားဖြင့် မှာထား ပြီးမှ၊ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူသမျှတို့ကိုထုတ်ဘော်၍၊ အထက်ကျမ်းစာကို ငါစီရင်ရေး ထားပါပြီ (တမန်တော် ၁:၁-၂)။

ဤနိဒါန်းနှစ်ခုစလုံးသည် ကျမ်းရေးသူမှ သော်ဖိလုအမည်ရှိသူတစ်ဦးထံ စာရေးခဲ့ကြောင်း ဖော်ပြသည်။ တမန်တော်ဝတ္ထု၏နိဒါန်းသည် ယခင်စာအုပ်တစ်အုပ်ဖြစ်သော လုကာခရစ်ဝင်ကျမ်းကို ရည်ညွှန်းသည်ဟု ပညာရှင်အများစု ကောက်ချက်ချကြသည်။

ထိုစာအုပ်နှစ်အုပ်စလုံးကို တစ်ဦးတည်းမှရေးခဲ့ကြောင်းသိနိုင်သည့် အခြားအထောက်အထားများလည်းရှိသေးသည်။ လုကာခရစ်ဝင်ကျမ်း၏ဂရိပုံစံသည် တမန်တော်ဝတ္ထု၏ဂရိနှင့်ဆင်တူသော်လည်း အခြားသော ခရစ်ဝင်ကျမ်းများ၏ပုံစံနှင့် အလွန်ကွာခြားသည်။ ကျမ်းများသည် စကြဝဠာလုံးဆိုင်ရာ ဧဝံဂေလိတရား၊ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်၊ ဘုရားသခင်၏အလိုတော်နှင့် နှုတ်ကပတ်တော်၏ မတားဆီးနိုင်သောတန်ခိုးတော်နှင့် ခရစ်တော်၏အမှုတော်ကို “ကယ်တင်ခြင်း” အဖြစ် ဖော်ပြခြင်း ကဲ့သို့သော တူညီသောအကြောင်းအရာများကို မကြာခဏအလေးပေးဖော်ပြထားသည်။ ထို့ကြောင့်၊ ကျမ်းရေးသူတစ်ဦးသည် ကျမ်းနှစ်အုပ်ကို ရေးသားခဲ့သည်ဆိုပါက ထိုသူသည် မည်သူနည်း။

တတိယမြောက်ခရစ်ဝင်ကျမ်း၏ကျမ်းရေးသူနှင့်ပတ်သက်၍ အဆင့်နှစ်ဆင့်ဖြင့် လေ့လာပါမည်။ ဦးစွာ၊ လုကာအမည်ရှိသူတစ်ဦးသည်ခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်ဟူသော အစဉ်အလာအမြင်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သုံးသပ်ပါမည်။ ဒုတိယအနေနှင့်၊ လုကာ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကို လေ့လာပါမည်။ ဤခရစ်ဝင်ကျမ်းကို လုကာရေးခဲ့သည့် အစဉ်အလာအမြင်ကို ဦးစွာကြည့်ကြပါစို့။

## အစဉ်အလာအမြင်

လုကာခရစ်ဝင်ကျမ်းသည် ၎င်း၏ကျမ်းရေးသူအမည်ကို မဖော်ပြထားသောကြောင့် နည်းပညာအရ အမည်မသိဖြစ်သည်။ သို့သော်လည်း၎င်းသည် အံ့သြစရာမဖြစ်သင့်ပါ။ သော်ဖိလုသည် မည်သူရေးသည်ကို သေချာပေါက်သိသောကြောင့် စာရေးသူသည်မိမိမည်သူဖြစ်ကြောင်းဖော်ပြရန် မလိုအပ်ပါ။ သို့သော် စာရေးသူနှင့်ပတ်သက်သော အထောက်အထားအချက်အလက် အရင်းအမြစ်များစွာ ရှိပါသည်။

လုကာသည် တတိယမြောက်ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ကြောင်းခံယူသောအစဉ်အလာအမြင်ကို အတည်ပြုသည့် အထောက်အထားအနည်းဆုံးသုံးမျိုး ရှိသည်။ ဦးစွာ၊ ဓမ္မသစ်ကျမ်း၏ အခြားအစိတ်အပိုင်းများမှ မှတ်ချက်များသည် သူ၏ကျမ်းရေးသူဖြစ်ခြင်းကို ထောက်ပြသည်။

တတိယမြောက်ခရစ်ဝင်ကျမ်းကို ရေးသားသူသည် ပေါလု၏ဓမ္မအမှုတော်လုပ်ငန်းအဆုံးနှစ်များတွင် သူနှင့်အတူရှိခဲ့ကြောင်း ဓမ္မသစ်ကျမ်းဖော်ပြသည်။ ဥပမာအားဖြင့်၊ တမန်တော်ဝတ္ထုတွင်၊ စာရေးသူသည် တစ်ခါတစ်ရံတွင် တတိယပုဂ္ဂိုလ်တစ်ဦးအနေနှင့် "သူတို့"ဟူသောအသုံးအနှုန်းဖြင့်၎င်း၊ အခြားအချိန်များတွင် ပထမပုဂ္ဂိုလ်အဖြစ် "ငါတို့"အနေဖြင့်၎င်း ဇာတ်ကြောင်းကို ပြောပြသည်။ ဤပထမပုဂ္ဂိုလ်၏ နောက်ဆုံးပြောသောဇာတ်ကြောင်းသည် တမန်တော် ၂၇:၁–၂၈:၁၆ ဖြစ်ပြီး၊ ပေါလု၏ ရောမမြို့သို့သွားသောခရီးစဉ်ကို ဖော်ပြသည်။

၎င်းအပြင်၊ ပေါလု၏သြဝါဒစာများတွင် လုကာသည် ဤကာလအတွင်း သူနှင့်အတူရှိသော လုပ်ဖော်ဆောင်ဖက်အနည်းငယ်ထဲမှ တစ်ဦးဖြစ်ကြောင်း ဖော်ပြသည်။ ဥပမာ၊ ၂ တိမောသေ ၄:၁၁ တွင် ပေါလုသေဆုံးချိန်နီးလာသောအခါတွင် "လုကာတစ်ယောက်တည်းသာ ငါထံမှာရှိ၏" ဟု တိမောသေအား ပြောကြားခဲ့သည်။ ဤကဲ့သို့သောအချက်အလက်သည် တတိယမြောက်ခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုကို လုကာရေးသားခဲ့သည်ကို သက်သေမပြနိုင်သော်လည်း ၎င်းသည် ခိုင်မာသော ဖြစ်နိုင်ချေကို ဖြစ်စေသည်။

ဒုတိယ၊ လုကာခရစ်ဝင်ကျမ်း၏ ကနဦးလက်ရေးစာမူများသည် လုကာကို ကျမ်းရေးသူအဖြစ် ထောက်ပြသည်။

> ကနဦးလက်ရေးစာမူများကို အချိန်ကာလသတ်မှတ်ခြင်းသည် အမှန်တကယ် နည်းပညာပိုင်းဆိုင်ရာ သိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး၊ ရှေးခေတ်လက်ရေးစာမူတစ်ခုကို အချိန်ကာလသတ်မှတ်ရာ၌ ပညာရှင်များအသုံးပြုသည့် အထောက်အထားသုံးမျိုးရှိပါသည်။ ပထမတစ်ခု၊ အမှန်တကယ် အရေးကြီးဆုံးဖြစ်သည်— ၎င်းသည် ကျောင်းသားများကို တခါတရံ အံ့အားသင့်စေသည်— စာပေပုံသဏ္ဍာန် Paleography ဖြစ်သည်။ စာပေပုံသဏ္ဍာန် Paleography ဟူသည် ရှေးလက်ရေးမှုကို ရည်ညွှန်းသည်။ "paleo" သည် ရှေးဟောင်းဖြစ်ပြီး "graphy" သည်အရေးအသားဖြစ်သည်။ ထို့ကြောင့် ရှေးကျသည့်အရေးအသားဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စာပေပုံသဏ္ဍာန် Paleography ပညာရှင်များသည် တစ်ခါတစ်ရံတွင် ဆယ်စုနှစ်အနည်းငယ်အတွင်းရေးသားထားသည့် စာတမ်းတစ်စောင်သို့မဟုတ် နှစ်ငါးဆယ်အတွင်း အချိန်အထိပြောနိုင်သည်။ အကြောင်းမှာ ဘာသာစကားတစ်ခုတွင်လက်ရေးသည်အချိန်နှင့်အမျှ ပြောင်းလဲလေ့ရှိသောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အက္ခရာကိုယ်တိုင်သည် ၎င်း၏အရေးအသားအရ ပြောင်းလဲသွားသော်လည်း၊ သေချာသည်မှာ ရေးသားပုံသည်မပြောင်းလဲပါ၊ ၎င်းသည် paleography ပင်ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ဓာတုဗေဒအမျိုးအစားခွဲခြမ်းစိတ်ဖြာခြင်း ဖြစ်သည်။ ဥပမာအားဖြင့်၊ ကာဗွန် ၁၄ အချိန်ကာလသတ်မှတ်ခြင်း သို့မဟုတ် မှင် သို့မဟုတ် တိရစ္ဆာန်အရေခွံကို စမ်းသပ်ခြင်း သို့မဟုတ် စာရွက်စာတမ်းပေါ်တွင် ရေးထားသမျှ၏အချိန်ကာလကိုဆုံးဖြတ်ရန် အခြားစမ်းသပ်မှုမျိုးများ ဖြစ်သည်။ တတိယနည်းလမ်းမှာ လက်ရေးစာမူကို ရက်စွဲတပ်ရန်သည် ပြင်ပမှတ်ချက်များ သို့မဟုတ် ထုတ်ပြန်ချက်တစ်စုံတစ်ရာအားဖြင့် ဖြစ်သည်။ ၎င်းတို့ကို ကူးယူသော ကျမ်းပြုဆရာများသည် ၎င်းတို့နှင့် အချိန်ကာလသတ်မှတ်လေ့မရှိသော်လည်း၊ တစ်ခါတစ်ရံတွင် ၎င်းတို့သည် အဆိုပါစာရွက်စာတမ်းကို ကူးယူသည့်အခါတွင် အတိအကျသိရှိနိုင်စေရန် အထောက်အကူဖြစ်စေမည့် အမှတ်အသား သို့မဟုတ် မှတ်ချက်တစ်မျိုးမျိုး ပြုလုပ်နိုင်သည်။ ထို့ကြောင့် လက်ရေးစာမူများကို ရက်စွဲသတ်မှတ်သည့် နည်းလမ်းသုံးမျိုးရှိသည်။
>
> **ဒေါက်တာ Mark L. Strauss**

ရှင်လုကာခရစ်ဝင်ကျမ်း၏ ယုံကြည်စိတ်ချရဆုံးသော ကနဦးလက်ရေးစာမူများထဲမှတစ်ခုမှာ ကျူးစာအမှတ် ၇၅ ဖြစ်ပြီး၊ “P-၇၅” ဟုမကြာခဏရည်ညွှန်းသည်။ **ဤလက်ရေးစာမူအား အေဒီ ၁၈၀ ဝန်းကျင် အချိန်ကာလသတ်မှတ်သည်။** ၎င်းတွင် အခြားသောကနဦးလက်ရေးစာမူများထက် တတိယမြောက်ခရစ်ဝင်ကျမ်းအများအပြားပါဝင်ပြီး “ရှင်လုကာကျမ်း” ဟူသောအမည်ကို ပေးထားသည်။

အခြားရှေးဟောင်းလက်ရေးစာမူများစွာသည်လည်း လုကာအား ခရစ်ဝင်ကျမ်းအားရေးသားသူအဖြစ် သတ်မှတ်ထားပြီး၊ အခြားမည်သူ့ကိုမျှ ဖော်ပြခြင်းမရှိပါ။ တတိယ၊ ကနဦးအသင်းတော်၏ ရေးသားချက်များသည် လုကာကို ကျမ်းရေးသူအဖြစ် သတ်မှတ်သည်။

ကနဦးအသင်းတော်မှ အရေးကြီးသောစာရွက်စာတမ်းများသည် တတိယမြောက်ခရစ်ဝင်ကျမ်းအားရေးသားသူသည် လုကာဖြစ်ကြောင်းကို တသမတ်တည်း ဖော်ပြသည်။ အေဒီ ၁၇၀ မှ ၁၈၀ ဝန်းကျင် ရက်စွဲပါရှိသော Muratorian အပိုင်းအစသည်၊ ဓမ္မသစ်ကျမ်းစာအုပ်များကိုဖော်ပြသည့် အစောဆုံးသိရှိထားသောစာရွက်စာတမ်းဖြစ်ပြီး ကနဦးအသင်းတော်သည် ကျမ်းရင်းဆိုင်ရာဖြစ်သည်ဟု ယူဆကာ၊ ၎င်းသည်တတိယမြောက်ခရစ်ဝင်ကျမ်း၏ရေးသားသူသည် လုကာဖြစ်သည်ကို ရှင်းလင်းစွာ အတည်ပြုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ထပ်ရှေးကျသောသက်သေတစ်ခုမှာ Marcion ၏အယူအဆရှိသူအားချေပရန်အတွက် အေဒီ ၁၆၀ မှ ၁၈၀ အတွင်းရေးသားထားသော Anti-Marcionite ဟုခေါ်သည့် ရှင်လုကာခရစ်ဝင်ကျမ်း နိဒါန်း ဖြစ်သည်။ ၎င်းသည် တတိယမြောက်ခရစ်ဝင်ကျမ်းကို ဤသို့ မိတ်ဆက်ပေးသည်_

> ရှုရိပြည်မှ အန္တိအုတ်မြို့သား သမားတော်ဖြစ်သောလုကာသည် တမန်တော်များ ၏တပည့်တော်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် သူသည် ပေါလုနှင့်အတူ လိုက်ပါသွားသည်။ ဝိညာဉ်တော်၏လှုံ့ဆော်မှုအောက်တွင် လုကာသည် သူ၏ခရစ်ဝင်ကျမ်းတစ်ခုလုံးကို အာခေယပြည်၌ ရေးသားခဲ့သည်။

ထို့အပြင်၊ ဒုတိယနှင့် တတိယရာစုနှစ်များမှ အသင်းတော်ခေါင်းဆောင်အများအပြားသည် လုကာအား တတိယမြောက်ခရစ်ဝင်ကျမ်းကို ရေးသားသူအဖြစ် အသိအမှတ်ပြုကြသည်။ ဥပမာ၊ လုကာကိုရေးသားသူနှင့်ပတ်သက်၍ အေဒီ ၁၃၀ မှ ၂၀၂ ဝန်းကျင်တွင်နေထိုင်သော Irenaeus, အေဒီ ၁၅၀ မှ ၂၁၅ တစ်ဝိုက်တွင် နေထိုင်ခဲ့သော အလက်ဇန္ဒြီးယားမှ Clement, အေဒီ ၁၅၅ မှ ၂၃၀ အတွင်း နေထိုင်ခဲ့သော Tertullian တို့သည် အတည်ပြုခဲ့သည်။

> လုကာသည် တတိယမြောက်ခရစ်ဝင်ကျမ်းကို ရေးသူဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး ယုံကြည်နိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ လုကာသည် ဆရာဝန်တစ်ဦးဖြစ်ကြောင်း၊ ပေါလုသည် အာရှမိုင်းနားကိုဖြတ်၍ တရောမြို့ ဟုခေါ်သောအရပ်သို့ရောက်စဉ်တွင် တွေ့ဆုံခဲ့ကြောင်းကို တမန်တော်ဝတ္ထုအရ ကျွန်ုပ်တို့သိရသည်။ ပေါလုသည် လုကာနှင့်တွေ့ဆုံကာ ဖိလိပ္ပိမြို့သို့ အတူခရီး ထွက်ကြပြီး လုကာသည်ဖိလိပ္ပိမြို့တွင် ဆရာဝန်တစ်ဦးအဖြစ်ရှိနေခဲ့သည်။ ထို့နောက် ဖိလိပ္ပိမြို့မှ ယေရုရှလင်မြို့သို့သွားရာခရီးတွင် ပေါလုနှင့် အေဒီ ၅၇ တွင်ပြန်လည်ပူးပေါင်းခဲ့သည်။ ထို့ကြောင့်၊ ဓမ္မသစ်ကျမ်းမှကျွန်ုပ်တို့ရရှိထားသော အချက်မှာ လုကာသည် ပေါလုကိုကောင်းစွာသိကျွမ်းကာ ခရီးအတူထွက်သော သူတစ်ဦးဖြစ်ပြီး၊ ဤလုကာသည် ရှင်လုကာခရစ်ဝင်ကျမ်းကိုရေးသားသော တစ်ဦးတည်းသောသူဖြစ်ကြောင်း အထောက်အထားအားလုံး ရှိပါသည်။
>
> **ဒေါက်တာ Peter Walker**

> အကယ်၍ သင်သည်ပေါလု၏အဖော်တစ်ဦး၏အမည်ကို မှန်းဆကြည့်လျှင် လုကာအားမြင်မည်မဟုတ်ပါ။ သူသည် ပေါလု၏စာများတွင် ထင်ရှားသော ပုဂ္ဂိုလ်မဟုတ်။ တိတု သို့မဟုတ် အခြားတစ်ဦးအားသင်သည် မြင်မိပေလိမ့်မည်။ ထို့ကြောင့်၊ ပေါလု၏စာများတွင် သူသည် အလွန်ထင်ရှားသောပုဂ္ဂိုလ်မဟုတ် ဟူသောအချက်သည် ခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုအတွက် လုကာအား ရည်ညွှန်းခြင်းသည် မှန်ကန်ဖွယ်ရှိကြောင်း ညွှန်ပြနေသည်။ သို့သော် ခရစ်ဝင် ကျမ်းဟုမှတ်ယူခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်များသည် ခရစ်ဝင်ကျမ်းများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စတင်ပျံ့နှံ့ရာ အစောပိုင်းအချိန်ကာလသို့ ပြန်သွားသည်ဟု တွေးထင်ရခြင်း အတွက် အကြောင်းပြချက်ကောင်း ရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ကြောင့်၊ လုကာဖော်ပြချက်နှင့် တမန်တော်ဝတ္ထုတွင် တူညီသောကျမ်းရေးသူသည် ပေါလု၏အဖော်ဖြစ်ပုံရသည်ဟူသောအချက်ကို ပေါင်းစပ်ထားသောကြောင့်၊ လက်ရာနှစ်ခုစလုံးကို ရေးသားသူသည် ပေါလု၏လုပ်ဖော်ကိုင်ဖက်များထဲမှ တစ်ဦးဖြစ်ပြီး သူ၏ခရီးအချို့တွင် ပေါလုနှင့်အတူ လိုက်ပါသွားသော လုကာ ဖြစ်ဖွယ်ရှိသည်။

**ဒေါက်တာ Richard Bauckham**

လုကာသည် ဤခရစ်ဝင်ကျမ်းကိုရေးခဲ့သည်ဟူသော အစဉ်အလာအမြင်ကို ယခုအတည်ပြုပြီး ဖြစ်သောကြောင့်၊ လုကာ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းအား ကြည့်ကြပါစို့။

## ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း

ဓမ္မသစ်ကျမ်းသည် လုကာ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းအကြောင်း အနည်းဆုံးအချက်လေးချက် ကို ဖော်ပြသည်။ ပထမ၊ သူသည် တမန်တော်တစ်ဦးမဟုတ်ပါ။ လုကာသည် သူ၏ခရစ်ဝင်ကျမ်းတွင် သူဖော်ပြခဲ့သော အဖြစ်အပျက်များ၏ မျက်မြင်သက်သေတစ်ဦးဖြစ်ပုံမပေါ်ပါ။

လုကာခရစ်ဝင်ကျမ်း ၁း၁-၂ မှ ဤအချက်အလက်များကို နားထောင်ပါ_

> ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သောသက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူတို့သည်၊ ငါတို့တွင် ထင်ရှားစွာဖြစ်လေပြီးသော အတ္ထုပ္ပတ္တိများကို ငါတို့အားကြားပြောသည် အစဉ်အတိုင်း မှတ်သားသောစာကို စီရင်ရေးထားသောသူ အများရှိကြသည်ဖြစ်၍ (လုကာ ၁း၁-၂)။

> ရှင်လုကာခရစ်ဝင်ကျမ်းသည် သမိုင်းပညာရှင်တစ်ဦးရေးသားလေ့ရှိသောနိဒါန်း ပါရှိသော ခရစ်ဝင်ကျမ်းလေးစောင်ထဲမှ တစ်ခုတည်းသောကျမ်းဖြစ်သည်။ ထို့ကြောင့် လုကာသည် ထိုအချိန်က သမိုင်းဆိုင်ရာနည်းလမ်းကို လိုက်နာခြင်းနှင့် ပတ်သက်၍ အထူးသတိရှိသောသူဖြစ်ကြောင်း ဆိုလိုသည်။ ထို့ပြင် နိဒါန်းတွင် သူ၏အရင်းအမြစ်အကြောင်း ဖော်ပြသည်။ သူကိုယ်တိုင် မျက်မြင်သက်သေ ဖြစ်သည်ဟုမဆိုသော်လည်း၊ မျက်မြင်သက်သေထွက်ဆိုချက်များကို မှတ်တမ်းယူကာ မှတ်တမ်းတင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် သူဖော်ပြသော မျက်မြင်သက်သေများ၏ထွက်ဆိုချက် ကျွန်ုပ်တို့တွင်ရှိသည်။ သို့သော် ပေါလုသည် ယေရုရှလင်မြို့သို့ရောက်ပြီးနောက်၊ လုကာနှင့်အတူ ယေရုရှလင်မြို့သို့ သူ၏နောက်ဆုံးခရီးတွင် ပေါလုသည် ၂ နှစ်ခန့် အကျဉ်းချခံရ သည်။ ထိုကာလ၌ လုကာသည် ဂျေရုဆလင်နှင့် ပါလက်စတိုင်းရှိ အချို့နေရာများ

> တွင်လှည့်ပတ်နေပုံရသည်။ ထို့ကြောင့်၊ သူ့တွင် ၂ နှစ်မျှတွေ့ဆုံမေးမြန်းနိုင်သော အခွင့်ကောင်းရှိသည်—ရှေးသမိုင်းပညာရှင်ကောင်းတစ်ဦးအနေဖြင့်လုပ်ဆောင်လိမ့်မည်ဟုမျှော်လင့်ထားသကဲ့သို့—ယေရုရှလင်အသင်းတော်၏အသင်းဝင်များဖြစ်သည့် မျက်မြင်သက်သေများ၊ သခင်ဘုရား၏ညီတော် ယာကုပ်ကဲ့သို့သော လူများကို တွေ့ဆုံမေးမြန်းနိုင်သည်။ တမန်တော်ဆယ့်နှစ်ပါးမှ အချို့တို့သည် ယေရုရှလင်မြို့သို့မဟုတ် ပါလက်စတိုင်း၏ အခြားဒေသများတွင် ရှိနေနိုင်သည်။ ထို့ကြောင့်၊ လုကာသည် မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းရန် အလွန်ကောင်းမွန်သောအနေအထားတွင် ရှိနေပါသည်။ ထို့နောက်တွင်၊ သူသည်ပေါလုနှင့်ရောမမြို့သို့ လိုက်ပါသွားကာ ယေရှု၏အဖြစ်အပျက်ကိုအမှတ်ရကြောင်း သူ့အားပြောပြရန် ၎င်းတို့၏ကိုယ်ပိုင်ဇတ်လမ်းများ ရှိခဲ့ဖူးသည့် အခြားသူများလည်း ရှိပေမည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ပြောနိုင်သည်မှာ လုကာသည် မျက်မြင်သက်သေများနှင့် ပထမဆုံးထိတွေ့ခွင့်ရရန် အလွန်ကောင်းမွန်သော အနေအထားတွင် ရှိနေသည်ဟု ထင်ပါသည်။

**ဒေါက်တာ Richard Bauckham**

ဒုတိယ၊ လုကာသည်လည်း တစ်ပါးအမျိုးသားဘဝမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ပုံရသည်။ ပေါလုသည် အချုပ်ထောင်မှ ကောလောသဲမြို့သားများထံ စာရေးသောအခါ၊ ထိုအချိန်တွင် ပေါလုနှင့်အတူရှိနေသည့် လုကာထံမှတဆင့် နှုတ်ခွန်းဆက်စကားများ ပေးပို့ခဲ့သည်။ ကောလောသဲ ၄:၁၄ တွင် ပေါလုရေးသားခဲ့သည်ကို နားထောင်ပါ_

> ငါချစ်သော ဆေးသမားလုကာနှင့် ဒေမသည် သင်တို့ကို နှုတ်ဆက်ကြ၏ (ကောလောသဲ ၄:၁၄)။

အခန်းငယ် ၁၀-၁၁ တွင် အာရိတ္တာခု၊ မာကုနှင့် ယုတ္တုတို့သည် ထိုအချိန် ပေါလုနှင့်အတူ အမှုဆောင်နေသော ဂျူးလူမျိုးများဖြစ်သောကြောင့် သိသာပါသည်။ ထို့ကြောင့် လုကာသည် တစ်ပါးအမျိုးသားဖြစ်ကြောင်း ကောက်ချက်ချရန် ကျိုးကြောင်းဆီလျော်သည်။ တမန်တော် ၁:၁၉ တွင် လုကာသည် အာရမိတ်ကို "သူတို့ဘာသာစကား" ဖြစ်သည်ဟုဖော်ပြခြင်းကိုကြည့်၍ ၎င်းကို အတည်ပြုနိုင်သည်။ အာရမိတ်သည် ဂျူးဘာသာစကားဖြစ်သော်လည်း သူ၏ဘာသာစကားမဟုတ်။

တတိယ၊ လုကာသည် ပညာတတ်ပုံရသည်။ ဓမ္မသစ်ကျမ်းထဲမှ စာအုပ်များစွာကို ဂရိဘာသာစကား၏ သာမန်ပုံစံဖြင့်ရေးထားသည်။ သို့သော် ရှင်လုကာခရစ်ဝင်ကျမ်းသည် ၎င်း၏ဘာသာစကားကို အသုံးပြုရာတွင် ပိုမိုဆန်းပြားရှုပ်ထွေးသည်ကို တွေ့ရသည်။

လုကာသည် ပညာကောင်းစွာတတ်ကြောင်းကို ကောလောသဲ ၄:၁၄ တွင် ပေါလု၏ "ဆေးသမား" အဖြစ် သက်သေခံချက်တွင်လည်း ထင်ဟပ်နေသည်။ ဓမ္မသစ်ခေတ်တွင် ဆေးဝါးသည် ယနေ့ခေတ်

ကဲ့သို့ တရားဝင်ပညာရပ်တစ်ခုမဟုတ်သော်လည်း၊ ကျွမ်းကျင်မှု၊ တတ်မြောက်မှုနှင့် သင်ယူမှုအဆင့် ရှိရန် လိုအပ်သည်။

လုကာ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းအကြောင်း ကျွန်ုပ်တို့သိနိုင်သည့် စတုတ္ထအချက်မှာ သူသည် တမန်တော်ဝတ္ထုတွင်ဖော်ပြထားသော ဖြစ်ရပ်များစွာအရ ပေါလု၏အမှုတော်လုပ်ငန်းတွင် ပါဝင်ခဲ့သူဖြစ်သည်။

ဖိလေမုန်အခန်းငယ် ၂၄ တွင် ပေါလုဖော်ပြခဲ့သည့်အတိုင်း လုကာသည် သူ၏ "လုပ်ဖော်ဆောင်ဖက်" ဖြစ်သည်။ တမန်တော် ၁၆:၆-၁၀ အရ၊ လုကာသည် ပေါလုနှင့် တရောမြို့၌ ဦးစွာပူးပေါင်းပြီး မက်ဆီဒိုးနီးယားသို့သွားရန် သာသနာပြုခေါ်ဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် သူနှင့်အတူ လိုက်ပါသွားခဲ့သည်။ ထိုအချိန်မှစ၍ လုကာသည် တမန်တော် ၁၆:၄၀–၂၀:၅ တွင်မှတ်တမ်းတင်ထားသော ဖိလိပ္ပိမြို့တွင် ကြာရှည်စွာနေထိုင်ခြင်းမှလွဲ၍၊ ပေါလုနှင့်အတူ မကြာခဏအတူရှိနေခဲ့သည်။ လုကာ၏သစ္စာရှိမှုကို တမန်တော် ၂၇:၁ တွင် ပေါလု၏အန္တရာယ်များသော ရောမမြို့သို့သွားသည့်ခရီးတွင် ပါဝင်ခဲ့ခြင်းဖြင့် တွေ့ရသည်။

> ဓမ္မသစ်ကျမ်းထဲမှ လူများအားလုံးကိုစဉ်းစားလိုက်လျှင် ကျွန်ုပ်လုကာနှင့် တွေ့ချင်ပါသည်။ တစ်ချိန်တုန်းက ကျွန်ုပ်သည်ဆေးဆရာဖြစ်မည်ဟု ထင်ခဲ့သောကြောင့်၊ သူသည်ကျွန်ုပ်ကို အမြဲစိတ်ဝင်စားစေခဲ့သည်။ ခရစ်ဝင်ကျမ်းများထဲမှ တစ်ခုကိုရေးရန် သူ၏အရည်အချင်းပြည့်မီခြင်းကို စဉ်းစားသောအခါ၊ ကျွန်ုပ်၏အမြင်နှင့် ကိုက်ညီသော အရာများစွာရှိပါသည်။ ပထမအချက်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက် ဖြစ်သည်။ တမန်တော် ၁၆ တွင် လုကာသည် "ကျွန်ုပ်တို့" ဟူ၍ စတင်ပြောဆိုသည်။ ရုတ်တရက် သူသည် အကြောင်းအရာထဲတွင် ရှိနေသည်။ တစ်ဆင့်တင်ပြရုံမျှသာမဟုတ်ပါ။ ကနဦးခရစ်ယာန်ဘာသာကို ကိုယ်တိုင်တွေ့ကြုံခံစားခွင့်ရရှိကြပြီး၊ အမှန်တကယ်ဖြစ်ပျက်ခဲ့သည့်အရာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့ကြသူများ၏ အပေါင်းအသင်းနှင့်လုကာသည် အတူရှိခဲ့သည်။ ၎င်းသည် စိတ်လှုပ်ရှားဖွယ် တစ်ခုဟု ထင်ပါသည်။ ဒုတိယအချက် သူသည် သမားတော်တစ်ဦးဖြစ်သည် ။ တစ်စုံတစ်ဦးအား မိမိကဲ့သို့ဖြစ်လာရန် လေ့ကျင့်သင်ကြားခြင်းအကြောင်း စဉ်းစားရာ၌၊ ထိုသို့သောလူမျိုးသည် မှန်ကန်သည့်ရောဂါစစ်တမ်းကို လိုလားသူ အမျိုးအစားဖြစ်သည်ကို ကျွန်ုပ်သိသည်။ သူတို့သည် သူတို့၏အချက်အလက်များတိကျမှန်ကန်စေဖို့ရန် အလွန်ပင်သတိထားကြသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ ကောက်ချက်ချသမျှသည် လူနာ၏အကျိုးအတွက် ဖြစ်သောကြောင့်ဖြစ်သည်။ လုကာနှင့်ပတ်သက်၍ ကျွန်ုပ်အားထိမိစေသော တတိယအချက်သည် ဂရိ-ရောမကမ္ဘာတွင် ခရီးသွားခြင်းဆိုင်ရာအမြင် ဖြစ်သည်။ ခရစ်ဝင်ကျမ်းဇာတ်ကြောင်းအပေါ် သူ၏အမြင်သည် ဂ္လာသရေလ သို့မဟုတ် ပါလက်စတိုင်းအတွက် အကန့်အသတ်မရှိပါ။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာအမြင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်ဧဝံဂေလိတရားကို ကမ္ဘာလုံးဆိုင်ရာအဖြစ် ကျွန်ုပ်တို့အလေးထားသော တစ်နေ့တွင်၊ လုကာသည် ဂရိနှင့်ရောမမြို့နှင့် ဂရိ-ရောမကမ္ဘာ၏အခြားဒေသများတွင် အခွင့်အရေးရခဲ့သောကြောင့် လုကာကျမ်းကို အမှန်တကယ် နားလည်မှုဖြင့် ကျွန်ုပ်တို့ဖတ်နိုင်သည်။ သခင်ယေရှု၏သတင်းတရားကိုပေးထားသည့် ယဉ်ကျေးမှုတွင် ထိုသတင်းတရားကိုမည်သို့လိုက်လျှောက်မည်ကို သူသည် မြင်တွေ့ခွင့်ရခဲ့သည်။

**ဒေါက်တာ Steve Harper**

ယခု ကျွန်ုပ်တို့သည် တတိယမြောက်ခရစ်ဝင်ကျမ်း၏ရေးသားသူနှင့်ပတ်သက်၍ လေ့လာပြီးသောအခါ၊ လုကာ၏မူလပရိသတ်၏ဝိသေသလက္ခဏာကို ကြည့်ကြပါစို့။

# မူလပရိသတ်

လုကာ၏ မူလပရိသတ်ကို နည်းလမ်းနှစ်မျိုးဖြင့် လေ့လာမည်။ ဦးစွာ၊ သော်ဖိလုအတွက်ကျမ်း၏ ရှင်းလင်းပြတ်သားသောရည်ညွှန်းမှုကို ကြည့်ရှုပါမည်။ ဒုတိယအနေနှင့်၊ ကျမ်းသည် ပိုမိုကျယ်ပြန့်သော ပရိသတ်အတွက် ရည်ရွယ်သည်ဟူသော ဖြစ်နိုင်ခြေကို သုံးသပ်ပါမည်။ လုကာ၏ပထမဆုံးစာဖတ်သူဖြစ်သော သော်ဖိလုနှင့်စကြပါစို့။

## သော်ဖိလု

သော်ဖိလုသည် မည်သူနည်း၊ လုကာ ၁:၁-၄ တွင် မည်သူကိုရည်ညွှန်းသည်နှင့် ပတ်သက်၍ ရာစုနှစ်တစ်လျှောက် အငြင်းအခုံများစွာဖြစ်ခဲ့ပြီး တမန်တော် ၁:၁-၂ ၌လည်း ဖော်ပြထားသည်။ သော်ဖိလုဟူသော စကားလုံးသည် "ဘုရားသခင်ကို ချစ်မြတ်နိုးသူ" ဟု အဓိပ္ပာယ်ရပြီး၊ ထိုအကြောင်းကြောင့် သော်ဖိလုသည် အမှန်တကယ် ပုဂ္ဂိုလ်တစ်ဦး မဟုတ်၊ အသင်းတော်ရှိ ဘုရားသခင်ကို ချစ်မြတ်နိုးသူများဖြစ်သည့် ရှင်လုကာခရစ်ဝင်ကျမ်း၏ စာဖတ်သူများအား ကိုယ်စားပြုသည်ဟု လူအများ ယူဆခဲ့ကြသည်။ အခြားအဓိကဖြစ်နိုင်ခြေမှာ သော်ဖိလုသည် လူတစ်ဦးဖြစ်သည်။ ဤဒုတိယရှုမြင်ချက်ကို ပညာရှင်အများစု၊ ကျွန်ုပ်လည်း သဘောတူပါမည်၊ အကြောင်းမှာ လုကာသည် သူ့ကို “အလွန်မြတ်သော” “kratiste” ဟုဖော်ပြပြီး၊ နောက်ပိုင်း လုကာသည် “kratiste” အား ရောမအရာရှိများ၊ ဖေလဇ် Felix နှင့် အဂြိပ္ပ Agrippa တို့ကို ရည်ညွှန်းသည်။ ထို့ကြောင့်၊ လုကာ၏စိတ်ထဲတွင် မြင့်မားသောဂုဏ်အသရေရှိသူတစ်ဦးကို ရည်ညွှန်းသည့် ပညာရပ်ဆိုင်ရာအသုံးအနှုန်းတစ်ခုဖြစ်ပြီး အထူးသဖြင့် ရောမအစိုးရတွင် ရာထူးကြီးသူဖြစ်ကောင်းဖြစ်နိုင်သည်။ ထို့အပြင် လုကာ ၁:၁-၄ သည် ရည်ညွှန်း

> မှုတစ်ခုဖြစ်ပုံရသည်။ ၎င်းသည် ရည်ညွှန်းမိတ်ဆက်ပေးခြင်းအမျိုးအစားနှင့် ကိုက်ညီပါသည်။ သမိုင်းဆိုင်ရာလုပ်ဆောင်မှုများသည် ဤဘာသာစကားမျိုး အား လုပ်ငန်းထုတ်လုပ်ခြင်းအတွက် ငွေကြေးပံ့ပိုးပေးသူလူပုဂ္ဂိုလ်ကို ရည်ညွှန်း အသုံးပြုပါသည်။ ထို့ကြောင့်၊ ၎င်းသည် ကျွန်ုပ်တို့သိထားသော ရည်ညွှန်း မိတ်ဆက်ပေးချက်နှင့် အလွန်ကိုက်ညီပြီး၊ ထိုအကြောင်းကြောင့် ကျွန်ုပ်ပြော သကဲ့သို့သော်ဖိလုသည် အမှန်တကယ်လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

**ဒေါက်တာ David R. Bauer**

လုကာ၏နိဒါန်း၌ သော်ဖိလုသည် သူ့အားကျမ်းရေးသားရန် တာဝန်ပေးအပ်ပြီး ငွေကြေးပံ့ပိုးပေး သူဖြစ်ကြောင်း ရည်ညွှန်းသည်။ လုကာ ၁:၃ တွင်၊ လုကာသည် သူ၏လုပ်ဆောင်မှုအား “အလွန်မြတ် သောသော်ဖိလု”ထံဦးတည်ခဲ့သည်။ kratiste ဟူသော အသုံးအနှုန်းသည် မြင့်မြတ်သော ဂုဏ်အသရေကို ဖော်ပြခြင်း ဖြစ်သည်။ ဤအသုံးအနှုန်းသည် ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် အခြားလူနှစ်ဦးကိုသာ ဖော်ပြ သည်_ ရောမဘုရင်ခံဖေလဇ် Felix နှင့် ဖေတ္တု Festus တို့ဖြစ်သည်။ သော်ဖိလုသည် အဆင့်မြင့် ရောမအရာရှိ မဟုတ်ပါက၊ သူသည် ဂုဏ်သိက္ခာနှင့် အရေးပါသော ပုဂ္ဂိုလ်ဖြစ်မည်မှာ သေချာသည်။

သို့သော်လုကာနှင့် သော်ဖိလုအကြား ဆက်ဆံရေးသည် အားပေးထောက်ပံ့ပေးရုံမျှထက် ပိုမို ရှုပ်ထွေးသည်။ တစ်နည်းအားဖြင့်၊ သော်ဖိလုသည် လုကာ၏ ကျောင်းသားလည်းဖြစ်သည်။ လုကာ ၁:၃-၄ တွင် ဖတ်ရသည့် စကားလုံးများမှာ_

> ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေ့ဦးစွာမှစ၍၊ စေ့စေ့ဖွေရှာ လိုက်စစ်ပြီးလျှင်၊ ကိုယ်တော်သင်ပြီးသောအကြောင်းအရာတို့ကိုသည် ကေန်အမှန် ဖြစ် ကြောင်းကို ကိုယ်တော်သိစေခြင်းငှါ အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည်အကြံရှိပါ၏၊ အလွန်မြတ်သော သော်ဖိလု (လုကာ ၁:၃-၄)။

သော်ဖိလုသည် ယေရှုအကြောင်း သိထားပြီးဖြစ်သည်။ သို့သော် လုကာသည် သော်ဖိလုအား ယုံကြည်စိတ်ချမှုရှိစေရန်သွန်သင်ရာ၌ ယေရှု၏အသက်တာအကြောင်း ပိုမိုပြည့်စုံစွာနှင့် စည်းစနစ်တကျ ရေးသားခဲ့သည်။ လုကာသည် သော်ဖိလုကို ၎င်း၏ပထမဆုံးစာဖတ်သူအဖြစ် အတိအလင်း ကိုးကားခဲ့ သည်ကိုတွေ့မြင်ရသဖြင့်၊ ၎င်းသည် ပိုမိုကျယ်ပြန့်သောပရိသတ်ထံ စာရေးရန် စဉ်းစားရာတွင်လည်း လုကာအားအထောက်အကူဖြစ်စေပါသည်။

## ပိုမိုကျယ်ပြန့်သော ပရိသတ်

လုကာသည် သော်ဖိလုထက်သာမက ပိုမိုကျယ်ပြန့်သော ပရိသတ်အတွက်ရေးသည်ဟု ယူဆရန် အကြောင်းပြချက်များစွာရှိသည်။ တစ်ချက်မှာ၊ ကနဦးခရစ်ယာန်များသည် စာများနှင့် အခြားအရေး အသားများကို အချင်းချင်းဝေမျှလေ့ရှိကြသည်။ သာဓကတစ်ခုအနေဖြင့်၊ ကောလောသဲ ၄:၁၆ တွင် ပေါလုရေးခဲ့သည့်အရာကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဤစာကို သင်တို့သည် ဘတ်ပြီးမှ လောဒိကိမြို့အသင်းတော်ကို ဘတ်စေကြလော့။ ထိုမြို့မှရသော စာကိုလည်း သင်တို့ဘတ်ကြလော့ (ကောလောသဲ ၄:၁၆)။

ကနဦးခရစ်ယာန်များသည် ၎င်းတို့၏အရေးအသားများကို မျှဝေလေ့ရှိသောကြောင့် သော်ဖိလုသည်လည်း လုကာ၏စာများကို ဝေမျှရန် စိတ်ထက်သန်နေလိမ့်မည်ဟု ယူဆရန် ကျိုးကြောင်းဆီလျော်ပါသည်။

၎င်းအပြင်၊ ခရစ်ဝင်ကျမ်း၏စာပေပုံစံမြင့်မားခြင်းသည်လည်း ပိုမိုကျယ်ပြန့်သောပရိသတ်ကို လုကာ၏စိတ်ထဲတွင်ရှိကြောင်း သေချာစေသည် ။ ပုံစံသည် လူတစ်ဦးအတွက်သာ ရည်ရွယ်သော သီးသန့်မဟုတ်ပါ။ လုကာ ၁:၃ တွင်ဖော်ပြထားသော ကျယ်ပြန့်သောသမိုင်းဆိုင်ရာသုတေသနပြုချက်သည် ပိုမိုကျယ်ပြန့်သောပရိသတ်ကိုလည်း ရည်ညွှန်းသည်။ ၎င်းအပြင်၊ ခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထု၏ ရှည်လျားမှုသည်လည်း လုကာသည် ပိုမိုများပြားသောပရိသတ်အတွက် ရည်ရွယ်သည့် အဓိကအလုပ်တစ်ခုကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိနိုင်သည်။ သို့သော် ဤများပြားသောပရိသတ်သည် မည်သူတို့နည်း။

လုကာသည် တစ်ပါးအမျိုးသားခရစ်ယာန်များအတွက် အဓိကအားဖြင့် ရေးခဲ့ပုံရသည်။ ဥပမာအားဖြင့်၊ သူ၏ဂရိပုံစံသည် တစ်ပါးအမျိုးသားများ၏ပုံစံဖြစ်သည်။ ဘုရားသခင့်နိုင်ငံတော်ဧဝံဂေလိတရား၏ စကြဝဠာလုံးဆိုင်ရာဖြစ်ခြင်းအရ ကယ်တင်ခြင်းသည်လူမျိုးအားလုံးအတွက်ဖြစ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ လုကာ၏ခရစ်ဝင်ကျမ်းသည် ဂျူးခရစ်ယာန်များအတွက်လည်း အဖိုးတန်ပေလိမ့်မည်။ သို့သော် ရှင်မဿဲခရစ်ဝင်ကျမ်းညွှန်ကြားသကဲ့သို့ ဤကျမ်းသည် ၎င်းတို့အားညွှန်ကြားမှုမပြုပါ။

ယေဘူယျအားဖြင့်၊ ဘုရားသခင်သည် သမိုင်းတစ်လျှောက်လုံးတွင် ကိုယ်တော်၏လူမျိုးအားလုံးသမ္မာကျမ်းစာတစ်အုပ်လုံးကို ဖတ်ရှုကာနားလည်နိုင်စေရန် အစဉ်ရည်မှန်းထားသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် သီးခြားကျမ်းရေးသူများကို သီးခြားစာအုပ်များရေးရန် မှုတ်သွင်းသောအခါတွင်၊ ၎င်းတို့၏တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဝင်စားမှုများဖြင့် လုပ်ဆောင်ခဲ့ကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ ဤအခြေခံသဘောအရ၊ လုကာသည် သော်ဖိလုနှင့် ပထမရာစုမှတစ်ပါးအမျိုးသား ခရစ်ယာန်များ၏ လိုအပ်ချက်များကို တိုက်ရိုက်ပြောဆိုရန် သူ၏ခရစ်ဝင်ကျမ်းကို ပုံစံပြုခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ခေတ်သစ်ပရိသတ်များသည် ထိုသူတို့အား လုကာရေးခဲ့သောအရာများကို ကြားနေရသည်။ သို့သော် ကျွန်ုပ်တို့သည် သူ၏ခရစ်ဝင်ကျမ်းကိုဖတ်ရှုစဉ် လုကာနှင့် သူ၏မူလပရိသတ်များကို စိတ်ထဲတွင် မှတ်သားထားမည်ဆိုလျှင်၊ သူရေးခဲ့သောအရာကို နားလည်သဘောပေါက်ပြီး ကျွန်ုပ်တို့၏အသက်တာတွင် လက်တွေ့ကျင့်သုံးရန် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ခရစ်ဝင်ကျမ်း၏ကျမ်းရေးသူနှင့် ပရိသတ်သည် မည်သူဖြစ်သည်ကို သိရှိခြင်းဖြင့် ၎င်း၏အချိန်ကာလကို ဆန်းစစ်ရန် ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အချိန်ကာလ

ရှင်လုကာခရစ်ဝင်ကျမ်း၏အချိန်ကာလကို နည်းလမ်းနှစ်သွယ်ဖြင့် စူးစမ်းလေ့လာပါမည်။ ပထမဦးစွာ၊ ကျွန်ုပ်တို့သည် ၎င်း၏ရေးသားသည့်ရက်စွဲကို သုံးသပ်ပါမည်။ ဒုတိယအနေနှင့်၊ ရေးသားရခြင်း၏ရည်ရွယ်ချက်ကို ကြည့်ပါမည်။ ရှင်လုကာခရစ်ဝင်ကျမ်း၏ ရက်စွဲဖြင့်အစပြုကြပါစို့။

## ရက်စွဲ

အေဒီ ၆၅ နှင့် ၆၇ ရက်စွဲကို ညွှန်ပြသောအနည်းဆုံး အချက်နှစ်ချက်ရှိသည်။ ဦးစွာ၊ ရှင်လုကာခရစ်ဝင်ကျမ်းနှင့် ရှင်မာကုခရစ်ဝင်ကျမ်းကြား နှိုင်းယှဉ်ချက်များသည် ဓမ္မသစ်ကျမ်းပညာရှင်အများစုကို လုကာသည် မာကု၏ သုတေသနအရင်းအမြစ်အားအသုံးပြုခဲ့ကြောင်း သဘောတူရန် တွန်းအားပေးသည်။ မာကုအကြောင်း ကျွန်ုပ်တို့၏ အစောပိုင်းသင်ခန်းစာတွင်၊ မာကုအတွက် အစောဆုံးဖြစ်နိုင်ချေရှိသော ရက်စွဲသည် အေဒီ ၆၄ ဖြစ်သည်။ လုကာသည် မာကုကို အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုပါက၊ သူ၏ခရစ်ဝင်ကျမ်းအတွက် အစောဆုံးဖြစ်နိုင်ချေရှိသောရက်စွဲသည် အေဒီ ၆၅ ဝန်းကျင်တွင် ဖြစ်နိုင်ချေရှိသည်။။

ဒုတိယ၊ တမန်တော်ဝတ္ထုသည် အေဒီ ၆၉ ထက် နောက်မကျသောရက်စွဲကို ညွှန်ပြပါသည်။ အေဒီ ၆၇ ထက် နောက်မကျပါ။ တမန်တော်ဝတ္ထုသည် အေဒီ ၆၅ ဝန်းကျင်တွင် ဖြစ်ပျက်ခဲ့သည့် ပေါလု၏ အာဇာနည်အဖြစ်အသေခံခြင်း၊ အေဒီ ၆၈ တွင် အဆုံးသတ်ခဲ့သော Neronic နှိပ်စက်ညှဉ်းပန်းမှုများ၊ အေဒီ ၇၀ တွင် ယေရုရှလင်ကျဆုံးခြင်းများကဲ့သို့ အရေးကြီးသော အဖြစ်အပျက်များကို မှတ်တမ်းတင်မထားပါ။ ဤထင်ရှားသော ချန်လှပ်မှုများကြောင့် လုကာသည် ဤဖြစ်ရပ်များမဖြစ်ပွားမီ သို့မဟုတ် အနည်းဆုံး ၎င်းတို့ကို သူသတိမမူမီ တမန်တော်ဝတ္ထုကိုရေးသားခဲ့သည်ဟု အကြံပြုလိုပါသည်။ တမန်တော် ၁:၁ အရ၊ လုကာ၏ခရစ်ဝင်ကျမ်းသည် တမန်တော်ဝတ္ထုမရေးမီပင် ပြီးမြောက်ခဲ့သည်။ ထို့ကြောင့် လုကာသည် အေဒီ ၆၇ တွင် သူ၏ခရစ်ဝင်ကျမ်းကို ပြီးမြောက်ခဲ့ပုံရသည်။ အေဒီ ၆၉ ဂျေရုဆလင်မကျရှုံးမီ သေချာပေါက်နီးပါး ပြီးစီးခဲ့သည်။

လုကာရေးသည့်ရက်စွဲကို ယခုစဉ်းစားပြီးသည်နောက်၊ သူ၏ရည်ရွယ်ချက်ကို ကြည့်ကြမည်။

## ရည်ရွယ်ချက်

လုကာ ၁:၃-၄ တွင်၊ လုကာသည် ဤခရစ်ဝင်ကျမ်းကို ရှာဖွေလေ့လာခြင်းနှင့် ရေးသားခြင်းအတွက် အောက်ပါအကြောင်းပြချက်ကို ပေးခဲ့သည်။

> ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေ့ဦးစွာမှစ၍၊ စေ့စေ့ဖွေရှာလိုက်စစ်ပြီးလျှင်၊ ကိုယ်တော်သင်ပြီးသောအကြောင်းအရာတို့ကိုသည် ဧကန်အမှန် ဖြစ် ကြောင်းကို ကိုယ်တော်သိစေခြင်းငှါ အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည်အကြံရှိပါ၏၊ အလွန်မြတ်သော သော်ဖိလု (လုကာ ၁:၃-၄)။

လုကာသည် သော်ဖိလုနှင့် သူ့ကဲ့သို့သော တစ်ပါးအမျိုးသားခရစ်ယာန်များအတွက် ဂျူးမေရှိယ ယေရှုကိုယုံကြည်သော သူတို့၏အားနည်းသောယုံကြည်ခြင်းကို ခိုင်မာစေရန်အတွက် ရေးသားခဲ့သည်။

လုကာရေးနေချိန်တွင် သော်ဖိလုကဲ့သို့သော တစ်ပါးအမျိုးသားခရစ်ယာန်များသည် ၎င်းတို့၏ ယုံကြည်ခြင်းအတွက် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ဤစိန်ခေါ်မှုများသည် အနည်းဆုံး အရင်းအမြစ်နှစ်ခုမှ ရောက်လာပါသည်။ ပထမ၊ ရောမမြို့ရှိ ခရစ်ယာန်များကို နီရို၏ နှိပ်စက်ညှဉ်းပန်းမှုသည် အင်ပါယာတစ်လျှောက် ပျံ့နှံ့သွားနိုင်သည်ဟူသော ကြီးမားသောကြောက်ရွံ့မှုကို ဖြစ်ပေါ်စေခဲ့သည်။ ဤအကြောက်တရားကြောင့် ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာသည်ဟု ခရစ်ယာန်များ၏ ပြောဆိုချက်ကို လူအချို့ သံသယဖြစ်ခဲ့သည်။

ဒုတိယ၊ ခရစ်ယာန်များသည် ဂျူးလူမျိုးအများစုရှိရာ အသင်းတော်သို့ တပါးအမျိုးသား ပြောင်းလဲလာသူများ၏ အခြေအနေနှင့် ပတ်သက်၍ ငြင်းခုံကြသည်။ ထို့ပြင် ဤမုန်းတီးမှုနှင့်ကွဲလွဲမှုများ သည် လူသားမျိုးနွယ်၏ လူမျိုးတိုင်းအပေါ် ယေရှုကယ်တင်ခြင်းပေးသည်ဟူသည်နှင့်ပတ်သက်၍ သံသယများကို တိုးစေသည်။

ဤစိန်ခေါ်မှုများနှင့် သံသယများကိုတုံ့ပြန်ရာ၌ တစ်ပါးအမျိုးသားယုံကြည်သူများအနေဖြင့် ယေရှုနောက်လိုက်ခြင်းသည် မှန်ကန်သောရွေးချယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း လုကာသည်အာမခံ ရေးသားခဲ့သည်။ ယေရှုသည် ဘုရားသခင့်နိုင်ငံတော်ကို အမှန်တကယ် စတင်ခဲ့သည်။ တစ်ပါးအမျိုးသား ခရစ်ယာန်များသည် အမှန်တကယ်ပင် ဘုရားသခင့်အိမ်တော်တွင် အပြည့်အဝအိမ်တော်သားများ ဖြစ်ကြသည်။ သူတို့သည် သခင်ယေရှုအပေါ် သစ္စာစောင့်သိပါက ကယ်တင်ခြင်း၏ကောင်းချီးအားလုံး ကို ရရှိမည်ဟု ယုံကြည်စိတ်ချနိုင်သည်။

ယခု ကျွန်ုပ်တို့သည် ရှင်လုကာခရစ်ဝင်ကျမ်း၏နောက်ခံကို စစ်တမ်းကောက်ယူပြီးနောက်၊ ကျွန်ုပ်တို့၏ဒုတိယအဓိကအကြောင်းအရာဖြစ်သော_ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကြည့်ကြ ပါစို့။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ခရစ်ဝင်ကျမ်းလေးစောင်စလုံးသည် ယေရှု၏အသက်တာကို အစီအစဉ်တကျ ရှည်လျားသော အတိုင်းအတာဖြင့် ဖော်ပြပေးသည့် ဤအခန်းဆက်ဆောင်းပါးရှိ အစောပိုင်းသင်ခန်းစာကို သင်မှတ်မိပါ လိမ့်မည်။ သို့သော်၊ အနည်းငယ်သောအတိုင်းအတာဖြင့်၊ တစ်ခါတစ်ရံတွင် ကွဲပြားခြားနားသော နည်း စနစ်များအတိုင်း ယေရှုနှင့်ပတ်သက်သောဇာတ်လမ်းများကို စုစည်းကြသည်။ ဥပမာ၊ မဿဲနှင့်မာကုတို့ သည် တစ်ခါတစ်ရံတွင် အချို့သောအကြောင်းအရာများနှင့်အညီ ၎င်းတို့၏အချက်အလက်များကို စီစဉ် သည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ နှိုင်းယှဉ်ကြည့်လျှင် လုကာသည် သူ၏ခရစ်ဝင်ကျမ်းကို ပထဝီဝင် အနေအထားအရ များစွာစီစဉ်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ကျွန်ုပ်တို့သည် ရှင်လုကာခရစ်ဝင်ကျမ်းကို အပိုင်းခြောက်ပိုင်း ပိုင်းခြားပါမည်_ ၁:၁-၄ တွင် အတိုချုံးနိဒါန်းဖြစ်ပြီး၊ ဇာတ်လမ်းကြီးငါးခုဖြင့်ထပ်မံဖြည့်ထားသည်_

ခရစ်ဝင်ကျမ်း၏ပထမပိုင်းအဓိကအပိုင်းသည် ယေရှု၏မူလအစကိုဖော်ပြပြီး ယုဒပြည်နှင့်ဂျော်ဒန်မြစ်ဒေသတို့ကို အာရုံစိုက်သည်။ ဤအပိုင်းသည် ၁:၅–၄:၁၃ ဖြစ်သည်။

ဒုတိယအဓိကအပိုင်းသည် ၄:၁၄–၉:၅၀ တွင်ဂါလိလဲပြည်၌ ယေရှု၏ဓမ္မအမှုတော်လုပ်ငန်းကို ဖော်ပြသည်။

တတိယအဓိကအပိုင်းသည် ၉:၅၁–၁၉:၂၇ တွင် ယေရှု၏ယေရုရှလင်မြို့သို့ ခရီးစဉ်အကြောင်း ဖော်ပြသည်။

စတုတ္ထအဓိကအပိုင်းသည် ၁၉:၂၈–၂၁:၃၈ တွင် ယေရုရှလင်မြို့နှင့်အနီးရှိ ယေရှု၏ဓမ္မအမှုတော်အကြောင်း ဖြစ်သည်။

လုကာ၏ခရစ်ဝင်ကျမ်း၏ပဉ္စမနှင့်နောက်ဆုံးအဓိကအပိုင်းသည် ယေရုရှလင်မြို့အပြင်ဘက်တွင်ရှိသော ယေရှု၏လက်ဝါးကပ်တိုင်တွင် အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း၏ဇာတ်လမ်းဖြစ်သည်၊ ၂၂:၁–၂၄:၅၃ တွင်တွေ့ရှိရသည်။

လုကာ၏နိဒါန်းကို ကျွန်ုပ်တို့ကြည့်ရှုပြီးဖြစ်သောကြောင့်၊ လုကာ ၁:၅–၄:၁၃ တွင် ယေရှု၏အစပြုခြင်းမှစတင်ကာ သူ၏ဇာတ်ကြောင်း၏ အဓိကအပိုင်းငါးပိုင်းကို ကျွန်ုပ်တို့လေ့လာပါမည်။

## ယေရှု၏အစပြုခြင်း

ယေရှု၏အစပြုခြင်းဆိုင်ရာ လုကာ၏မှတ်တမ်းသည် ယေရှုမွေးဖွားခြင်းမှစတင်ကာ၊ သူ၏လူထုဓမ္မအမှုတော်လုပ်ငန်းဖြင့် သူ၏ဘဝတစ်ခုလုံးကို ကုန်ဆုံးစေသည်။ ဤအခန်းများတွင် လုကာ၏ အဓိကအလေးထားမှုမှာ ယေရှုသည် ဘုရားသခင်၏သားတော်နှင့် ဒါဝိဒ်၏သားတော်ဖြစ်ကြောင်း၊ သူသည်အပြည့်အဝဘုရားသခင်နှင့် အပြည့်အဝလူသားဖြစ်စေကြောင်း ပြသရန်ဖြစ်သည်။ ထို့အပြင်၊ ဒါဝိဒ်၏သားတော်အနေဖြင့်၊ ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ကမ္ဘာမြေကြီးပေါ်သို့ ယူဆောင်လာခြင်းဖြင့် လောကကို ကယ်တင်ပေးမည့် မေရှိယ သို့မဟုတ် ခရစ်တော်လည်းဖြစ်သည်။

ဤဇာတ်ကြောင်းတစ်လျှောက်၊ ဘုရားသခင်သည် ဤကတိတော်များကို ယေရှုအားဖြင့်ပြည့်စုံစေကြောင်းပြသရန်အတွက် လုကာသည်ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်၏ကတိတော်များကို ပုံမှန်ကိုးကားခဲ့သည်။ ထို့ကြောင့်၊ ဘုရားသခင်အပေါ် သစ္စာရှိရန်နှင့် နိုင်ငံတော်ကောင်းချီးများကို အမွေခံရန် တစ်ခုတည်းသောနည်းလမ်းသည် ယေရှုအား ရှင်ဘုရင်နှင့် ကယ်တင်ရှင်အဖြစ် လက်ခံခြင်းဖြစ်သည်။

ဤအခန်းများကို အဓိကအပိုင်းလေးပိုင်းအဖြစ် ခွဲခြားနိုင်သည်_ နှစ်ခြင်းဆရာယောဟန်နှင့်ယေရှုအတွက် မွေးဖွားခြင်းဆိုင်ရာကြေငြာချက်များ၊ ၎င်းတို့၏သက်ဆိုင်ရာမွေးဖွားခြင်းနှင့်ကလေးဘဝ၊ ယေရှုအကြောင်း ယောဟန်၏သက်သေခံချက်နှင့် သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြောင်း အတည်ပြုချက်သုံးရပ် တို့ဖြစ်သည်။ လုကာ ၁:၅-၅၆ တွင် မွေးဖွားခြင်းဆိုင်ရာ ကြေငြာချက်များဖြင့် စတင်ကြပါစို့။

## မွေးဖွားခြင်းဆိုင်ရာ ကြေငြာချက်များ

လုကာသည် ကောင်းကင်တမန်ဂါဗြေလ၏ထင်ရှားပြခြင်းဖြင့် သူ၏ခရစ်ဝင်ကျမ်းကို အစပြုခဲ့သည်မှာ ထင်ရှားသည်။ ရှေးနှစ်ပေါင်းရာနှင့်ချီသောကာလ၊ ဒံယေလ ၉ တွင် ဂါဗြေလသည် ဣသရေလ၏ကျွန်ခံခြင်းကာလသည် နှစ်ပေါင်းရာနှင့်ချီ၍ ကြာလိမ့်မည်ဟု ကြေညာခဲ့သည်။ သူတို့သည် ဘုရားသခင်၏တရားစီရင်ခြင်းအောက်တွင် ရှိနေသရွေ့ကာလပတ်လုံး၊ ဣသရေလတို့သည် ကျွန်ခံကြရလိမ့်မည်။ သို့သော် လုကာ၏ခရစ်ဝင်ကျမ်းတွင်၊ ဂါဗြေလသည် တရားစီရင်ရာကာလ ကုန်ဆုံးတော့မည်ဟု ကြေညာခဲ့သည်။

လုကာ ၁း၅-၂၅ တွင် ဂါဗြေလသည် နှစ်ခြင်းဆရာယောဟန်၏ မွေးဖွားခြင်းကို ကြိုဟောခဲ့သည်။ ဂါဗြေလသည် ယုဒပြည်ရှိ ယဇ်ပုရောဟိတ်ဇာခရိထံ သွားရောက်၍ မြို့သောဧနီးဧလိရှဗက်သည် အံ့ဖွယ်နည်းဖြင့် သားတစ်ဦးမွေးဖွားလိမ့်မည်ဟု ပြောခဲ့သည်။ ထိုသားကို ယောဟန်ဟု အမည်မှည့်ရမည်ဖြစ်သည်။ သူသည် မွေးကတည်းကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေမည်ဖြစ်ပြီး၊ ဘုရားသခင်၏ကယ်တင်ခြင်းအတွက် လမ်းကိုပြင်ဆင်ရန် ပရောဖက်ကြီး ဧလိယ၏ခွန်အားအစွမ်းဖြင့် အမှုထမ်းဆောင်မည်ဖြစ်သည်။ အစပိုင်းတွင်၊ ဇာခရိသည် ဂါဗြေလ၏သတင်းစကားကို သံသယဝင်သောကြောင့်၊ သူသည် သားမမွေးမီအထိ ဆွံ့အသွားခဲ့သည်။

လုကာသည် လုကာ ၁:၂၆-၃၈ တွင် ဂါဗြေလ၏ခရစ်တော်၏မွေးဖွားခြင်းဆိုင်ရာ ကြီးမြတ်သောကြေငြာချက်နှင့် ယောဟန်၏မွေးဖွားခြင်းကြေငြာချက်ကို တွဲ၍ဖော်ပြထားသည်။ ဘုရားသခင်သည် သူ့ကိုယ်သူ ဖခင်ဖြစ်စေရန်အတွက်၊ မာရိကို အံ့ဖွယ်နည်းဖြင့် သားယောကျ်ားမွေးဖွားစေမည်ဟု ဂါဗြေလသည် မာရိအားပြောပြခဲ့သည်။ ဘုရားသခင်၏သားတော်အား “ကယ်တင်ရှင်” ဟု အဓိပ္ပာယ်ရသော ယေရှုဟုအမည်ပေးရမည်ဖြစ်သည်။ ထို့အပြင်၊ သူသည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်၏ကယ်တင်ခြင်းကို ကမ္ဘာမြေကြီးသို့ ယူဆောင်လာမည့် ဒါဝိဒ်၏သားတော် မေရှိယဖြစ်မည်ဖြစ်ပြီး၊ သူသည် သူ၏ဘိုးဘေးဒါဝိဒ်၏ရာဇပလ္လင်ကို အမွေဆက်ခံမည်ဖြစ်သည်။

မာရိနှင့် ဧလိရှဗက်တို့သည် ဝမ်းကွဲများဖြစ်သောကြောင့်၊ မာရိသည် ဘုရားသခင်၏သားတော်ကို ကိုယ်ဝန်ရှိနေကြောင်း ပြောပြရန် ယုဒပြည်ရှိ ဧလိရှဗက်ထံသို့ သွားရောက်လည်ပတ်ခဲ့သည်။ လုကာ ၁:၃၉-၅၆ တွင် ဤလည်ပတ်မှုအကြောင်း ဖတ်ရသည်။ မာရိသည် ဧလိရှဗက်အားနှုတ်ဆက်သောအခါ၊ ယောဟန်သည် မိခင်ဝမ်းတွင်း၌ ရွှင်လန်းစွာခုန်လျက်ရှိပြီး၊ ဧလိရှဗက်သည်ချက်ချင်းပင် ဝိညာဉ်တော်နှင့်ပြည့်ဝမှုကြောင့် သူမကလေး၏ တုံ့ပြန်မှု၏အရေးပါပုံကို နားလည်ခဲ့သည်။ ဧလိရှဗက်သည် မာရိအားကောင်းချီးပေးကာ မာရိ၏သားကို သူ၏သခင်ဟု ခေါ်ခဲ့သည်။ တုံ့ပြန်မှုအနေနှင့် မာရိသည် လုကာ ၁:၄၆-၅၅ တွင် မာရိ၏ချီးမွမ်းသီချင်းဟုခေါ်သော ထင်ရှားကျော်ကြားသောချီးမွမ်းသီချင်းကို သီဆိုကာ၊ သူမ၏ကလေးမှတစ်ဆင့် ရောက်ရှိလာသောကယ်တင်ခြင်းအတွက် သူမ၏ကြီးစွာသောရွှင်လန်းမှုကို ဖော်ပြသည်။

မွေးဖွားခြင်းဆိုင်ရာ ကြေငြာချက်များအပြီး၊ လုကာသည် ယောဟန်နှင့် ယေရှု၏မွေးဖွားခြင်းများနှင့် ကလေးဘဝများကို လုကာ ၁:၅၇–၂:၅၂ တွင် နှိုင်းယှဉ်ခဲ့သည်။

## မွေးဖွားခြင်းနှင့် ကလေးဘဝ

ယောဟန်၏မွေးဖွားခြင်းနှင့် ကလေးဘဝအကြောင်း လုကာ၏မှတ်တမ်းကို လုကာ ၁:၅၇-၈၀ တွင် တွေ့ရှိနိုင်သည်။ ယောဟန်သည် သက်ကြီးရွယ်အိုမိဘနှစ်ပါးမှ မွေးဖွားခဲ့သည်။ အဋ္ဌမနေ့၌ အရေဖျားလှီးခြင်းအတွက် ဗိမာန်တော်၌ သူ့အားဆက်ကပ်ကြသောအခါ၊ ဖခင်၏နှုတ်သည် ပြန်၍ ပြောနိုင်ခဲ့သည်။ ထိုအချိန်တွင်၊ ဇာခရိသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျှက်၊ သူ၏သားသည် ဒါဝိဒ်၏သားတော် မေရှိယအတွက် လမ်းပြင်ဆင်ပေးလိမ့်မည်ဟု ပရောဖက်ပြုခဲ့သည်။ လုကာ ၁:၆၉-၇၆ တွင် မေရှိယ၏အခန်းကဏ္ဍကို ဇာခရိဖော်ပြခဲ့သည်ကို နားထောင်ပါ_

> ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ပေါ်ထွန်းသောမိမိသန့်ရှင်းသောပရောဖက်တို့နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ...ငါတို့အဘအာဗြဟံအား ကျိန်ဆိုခြင်း ဂတိတော်တည်းဟူသောသန့်ရှင်းသောပဋိညာဉ်တရားကို အောက်မေ့တော်မူသဖြင့်၎င်း...အချင်းသူငယ်၊ သင်သည်လည်း အမြင့်ဆုံးသောဘုရား၏ပရောဖက်ဟုခေါ်ဝေါ်ခြင်းကို ခံရလိမ့်မည် (လုကာ ၁:၆၉-၇၆)။

ဓမ္မဟောင်းကျမ်းတွင်၊ ဘုရားသခင်သည် အာဗြဟံနှင့် ဒါဝိဒ်အား ကယ်တင်ခြင်းဆိုင်ရာပဋိညာဉ်ကတိတော်များ ပေးထားသည်။ ဇာခရိက ဘုရားသခင်သည်ဤကတိတော်များကို ပြည့်စုံစေမည်အကြောင်း၊ သူ၏သားယောဟန်သည် လမ်းကိုပြင်ဆင်ပေးသော ပရောဖက်ဖြစ်မည်ဟု ပရောဖက်ပြုခဲ့သည်။

ထို့နောက်၊ လုကာ ၂:၁-၅၂ တွင်၊ လုကာသည် ယေရှု၏မွေးဖွားခြင်းနှင့် ငယ်ရွယ်စဉ်ကာလကို ဖော်ပြခဲ့သည်။ ဤမှတ်တမ်းနှင့် ယောဟန်မွေးဖွားခြင်းဆိုင်ရာ သူ၏ယခင်ဇာတ်လမ်းကြားတွင် တူညီမှုများစွာရှိသည်၊ သို့သော် ယေရှု၏မွေးဖွားခြင်းနှင့် ကလေးဘဝအကြောင်း လုကာ၏မှတ်တမ်းသည် ပို၍ရှည်လျားပြီး ပိုမိုရှင်းလင်းသည်။ ယေရှု၏မွေးဖွားခြင်းသည် လုကာ ၂:၁-၂၀ တွင်မှတ်တမ်းတင်ထားသည့် ဒါဝိဒ်၏မြို့ဖြစ်သော ယုဒနယ်ဗက်လင်မြို့မှအစပြုသည်။

ယေရှုသည် အလွန်နှိမ့်ချစွာဖြင့်မွေးဖွားခဲ့သည်။ သူ့အားနွားတင်းကုပ်တွင်မွေးဖွားခဲ့ပြီး နွားစားခွက်ထဲတွင် သိပ်ထားပါသည်။ သို့သော် အနီးနားရှိသိုးထိန်းများကိုမွေးဖွားကြောင်း ကြေငြာသည့် ကောင်းကင်တမန်၏ကြေငြာချက်သည် ကြီးကျယ်ခမ်းနားမှုရှိခဲ့သည်။ လုကာ ၂:၁၀-၁၁ တွင် သိုးထိန်းများအား ကောင်းကင်တမန် မိန့်ဆိုချက်ကို နားထောင်ပါ_

> ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက် ဝမ်း သာစရာသိတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလို ငှါ ဘွားမြင်ခြင်းကိုခံတော်မူပြီ (လုကာ ၂:၁၀-၁၁)။

ကောင်းကင်တမန်သည် သတင်းကောင်း သို့မဟုတ် “ဧဝံဂေလိတရား” ဖြစ်သော၊ မေရှိယဘုရင်သည် ဘုရားသခင်၏လူများကို ဘုရားသခင်၏တရားစီရင်ခြင်းမှ ကယ်တင်မည်ဖြစ်ကြောင်း ကြေငြာသည်။

ထိုအချိန်တွင် ဤကောင်းကင်တမန်သည် ယေရှုမွေးဖွားခြင်းအတွက် ဘုရားသခင်အား ချီးမွမ်းသီဆိုသော ကောင်းကင်ဗိုလ်ခြေများနှင့် ပူးပေါင်းခဲ့သည်။ ယေရှုသည်နှိမ့်ချစွာမွေးဖွားခဲ့သော်လည်း၊ မာရိ၏သားတော်သည် ဘုရားသခင်ရွေးချယ်ထားသော မေရှိယနှင့်ရှင်ဘုရင်ဖြစ်ကြောင်း လုကာရှင်းလင်းစွာဖော်ပြခဲ့သည်။

ထို့နောက်၊ လုကာသည် လုကာ ၂:၂၁-၄၀ တွင် ယေရုရှလင်မြို့ရှိ ဗိမာန်တော်၌ ယေရှု၏ အရေဖျားလှီးခြင်းနှင့် တင်ဆက်ပြမှုကို ဖော်ပြခဲ့သည်။ ဗိမာန်တော်တွင်၊ ရှိမောင်နှင့်ပရောဖက်မအန္နတို့အား သန့်ရှင်းသောဝိညာဉ်တော်မှ၊ ယေရှုသည် ဤလောကကို ကယ်တင်ခြင်းသို့ရောက်စေမည့် မေရှိယဖြစ်ကြောင်း ကြေညာရန် လှုံ့ဆော်ပေးခဲ့သည်။ လုကာ ၂:၃၀-၃၂ တွင် ရှိမောင်၏ ဘုရားသခင်အားချီးမွမ်းခြင်းကို နားထောင်ပါ–

> ကိုယ်တော်၏လူ ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှါ၎င်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်း ငှါ၎င်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ ပြင်ဆင်တော်မူသောအလင်းတည်းဟူသော ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်မြင်ရပါ၏ဟု မြွက်ဆို၏ (လုကာ ၂:၃၀-၃၂)။

၎င်းသည် ဟေရှာယ ၄၉:၆ တွင် ဘုရားသခင် မိန့်တော်မူခဲ့သည်ကို ပြည့်စုံစေခဲ့သည်–

> သင်သည်ယာကုပ်၏အမျိုးအနွယ်တို့ကို ချီးမြှောက်ခြင်း၊ ဘေးလွတ်သော ဣသရေလတို့ကို အရင်ကဲ့သို့ဖြစ်စေခြင်းအလို့ငှာသာ၊ ငါ့အမှုကို ဆောင်ရွက်သောအမှုသည် သာမညအမှုဖြစ်၏။ ထိုအမှုမက၊ သင်သည် မြေကြီးစွန်းတိုင်အောင် ငါ၏ကယ်တင်ခြင်းကို ပြုစိမ့်သောငှာ၊ သင့်ကို တစ်ပါးအမျိုးသားတို့ လင်းစရာဖို့ ငါခန့်ထားသည်ဟု မိန့်တော်မူ၏ (ဟေရှာယ ၄၉:၆)။

ရှိမောင်မှတဆင့်၊ ဘုရားသခင်က ယေရှုသည် ဣသရေလလူတို့အား ကယ်တင်ခြင်းနှင့် ဘုန်းထင်ရှားစေမည့် မေရှိယဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့ထက်မက၊ တပါးအမျိုးသားလူမျိုးများထံသို့လည်း ကယ်တင်ခြင်းသို့ရောက်စေခြင်းငှာ၊ သူသည် ဘုရားသခင့်နိုင်ငံတော်၏ဧဝံဂေလိတရားကို ဝေငှခဲ့သည်။

နောက်ဆုံးတွင်၊ လုကာသည် လုကာ ၂:၄၁-၅၂ တွင် ဗိမာန်တော်ရှိ ယေရှုအကြောင်းအကျဉ်းချုပ်ဖော်ပြခြင်းဖြင့် ယေရှု၏သားတော်ဖြစ်ခြင်းခေါင်းစဉ်သို့ ပြန်သွားခဲ့သည်။ ယေရှုသည် အသက်တစ်ဆယ့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှစ်နှစ်ရှိသောအခါ၊ ယေရှုရှလင်မြို့ပသခါပွဲသို့ မိဘများနှင့်အတူ လိုက်သွားသော်လည်း၊ အိမ်သို့ပြန်သော အခါ သူသည် မိဘများနှင့်ကွဲကွာသွားခဲ့သည်။ သူ၏မိဘများသည် ရက်အတော်ကြာ၌ သူ့အားဗိမာန် တော်ထဲတွင် ကျမ်းတတ်ဆရာများနှင့် စကားပြောနေသည်ကို ရှာတွေ့ကြသည်။ ဗိမာန်တော်ရှိလူတိုင်း သည် ယေရှု၏အသိပညာနှင့် နားလည်မှုကို အံ့သြကြသည်။ မာရိသည် ယေရှုကိုတွေ့သောအခါ သူ၏ အဖြေသည် သူသည်မည်မျှထူးခြားကြောင်း ဖော်ပြသည်။ လုကာ ၂:၄၉ တွင် မာရိအား ယေရှုပြောခဲ့ သောစကားကို နားထောင်ပါ_

> အကျွန်ုပ်သည်အဘ၏အိမ်၌ နေရသည်ကိုမသိပါသလော (လုကာ ၂:၄၉)။

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သောကြောင့် ဗိမာန်တော်သည် သူ၏အဘ၏အိမ်ဖြစ် သည်။

ယောဟန်နှင့်ယေရှု၏မွေးဖွားခြင်းနှင့် ငယ်စဉ်ကလေးဘဝအကြောင်းပြီးနောက်၊ လုကာသည် ယောဟန်၏ယေရှုအကြောင်းသက်သေခံချက်ကို လုကာ ၃:၁-၂၀ တွင်ဖော်ပြခဲ့သည်။

## ယေရှုအကြောင်း ယောဟန်၏သက်သေခံချက်

ဤဇာတ်ကြောင်းတွင်၊ ယောဟန်သည် ယေရှုအား မေရှိယအဖြစ် တရားဝင်သတ်မှတ်ခြင်းဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းအတွက် လမ်းကိုပြင်ဆင်ခဲ့သည်။ ဂျော်ဒန်မြစ်ဒေသရှိ သူ၏ဟောပြောခြင်း လုပ်ငန်းတွင်၊ ယောဟန်သည် လူတို့အားဘုရားသခင်၏နိုင်ငံတော် ကြွလာမည့်အကြောင်းကိုကြွေးကြော် ကာ၊ ၎င်းတို့၏အပြစ်များကို နောင်တရရန်တိုက်တွန်းခဲ့ပြီး၊ နောင်တရသူများကို နှစ်ခြင်းပေးခဲ့သည်။ သို့သော် ယေရှုသည် နှစ်ခြင်းခံရန် သူ့ထံသို့ လာသောအခါ၊ ယောဟန်က သူ့ကို မေရှိယဟုသတ်မှတ်ကာ၊ သူသည် မေရှိယ၏ခြေနင်းကိုဖြည်ရန်မထိုက်တန်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ ဟေရှာယ ၄၄:၃ နှင့် ယေဇကျေလ ၃၉:၂၉ ကဲ့သို့သော ဓမ္မဟောင်းကျမ်းပိုဒ်များတွင် ပရောဖက်ပြုထားသည့်အတိုင်း၊ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် နှစ်ခြင်းပေးမည်ဟု ယောဟန်ဆိုသည်။ ဤသည်မှာ သမိုင်း၏ နောက်ဆုံးခေတ်သို့ ရောက်ရှိခဲ့ပြီး၊ ဘုရားသခင်၏ကယ်တင်ခြင်းအား အပြည့်အဝ အကောင်အထည် ဖော်မည့်အချိန်ကို ဆိုလိုခြင်းဖြစ်သည်။

> ဓမ္မဟောင်းကျမ်း၊ ထွက်မြောက်ရာ ၁၉ တွင်၊ ဣသရေလတို့သည်
> ဘုရားသခင်ထံမှကြားနာရခြင်း သို့မဟုတ် သိနာတောင်ပေါ်မှ
> ဆင်းသက်လာသောအခါ၊ သူတို့၏အဝတ်ကို လျှော်ဖွပ်ပြီး သန့်စင်ရန်
> ၎င်းတို့အား ကြိုပြောထားသည်ကို စိတ်ဝင်စား မှတ်သားဖွယ်ကောင်းလှသည်။
> ထို့ကြောင့်၊ သန့်ရှင်းခြင်းသည် ဘုရားသခင်ကြွလာတော်မူခြင်းအတွက်
> ပြင်ဆင်ခြင်း သို့မဟုတ် ဘုရားသခင်၏ထင်ရှားပြခြင်းအတွက်
> အမှန်တကယ်ပြုလုပ်ရမည့်အရာဖြစ်သည်ကို တွေ့ရှိရပေသည်။
> ဗတ္တိဇံဆရာယောဟန်၏ ကြေငြာချက်ကို ကျွန်ုပ်တို့ကြည့်ပါက၊
> ဘုရားသခင်သည် တရားစီရင်ခြင်း၌ ကြွလာတော်မူမည်ဖြစ်ပြီး၊ လူတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောင်တရခြင်းဖြင့် ဗတ္တိဇံခံကာ မိမိတို့ကိုယ်ကို ပြင်ဆင်ရမည်ဖြစ်ကြောင်း အခြေခံအားဖြင့် ပြောခြင်းဖြစ်သည်။

**ဒေါက်တာ David A. Redelings**

ခရစ်ဝင်ကျမ်းများတွင်၊ ဗတ္တိဇံပေးသောယောဟန်ရှိသည်။ ထိုနောက် ယောဟန်၏ဗတ္တိဇံကိုခံရန် ယေရှုကြွလာတော်မူသည်။ သူသည် အဘယ်ကြောင့် ပြုလုပ်သနည်း။ ကျွန်ုပ်ဆိုလိုသည်မှာ၊ ယောဟန်သည် နောင်တရပြီး နိုင်ငံတော်အတွက်ပြင်ဆင်ပါ ဟူ၍ပြောနေသည်။ ယေရှု နောင်တရရန် လိုအပ်ပါသလား။ မလိုအပ်ပါ။ သူသည် အပြစ်ကင်းသော ဘုရားသခင်၏ သားတော်ဖြစ်သည်။ သို့ဖြစ်လျှင် ယောဟန်ထံမှ သူသည်အဘယ်ကြောင့် နှစ်ခြင်းခံယူခဲ့သနည်း။ ယောဟန်၏ဗတ္တိဇံသည် နိုင်ငံတော်ကြွလာခြင်းအတွက် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သဘောပေါက်ရန် အရေးကြီးသည်။ သူသည် လူများကို နောင်တရရန်၊ ယုံကြည်ရန် တောင်းဆိုနေသကဲ့သို့ ခရစ်ယာန်ဗတ္တိဇံနှင့် နိုင်ငံတော်ကြွလာမည်၊ ဘုရင်သည်ရောက်လာပြီဟု သူကြေငြာနေသည့်ဗတ္တိဇံသည် မတူပါ။ ထိုအတွက် သူတို့ ပြင်ဆင်ထား ရမည်ဖြစ်သည်။ သခင်ယေရှုသည် ယောဟန်၏ဗတ္တိဇံကိုခံရန်ကြွလာသောအခါ၊ သူ၏ဓမ္မအမှုတော်ယခုစတင်ရန် ကြွလာခဲ့ခြင်းဖြစ်သည်။ ဗတ္တိဇံအားလုံးသည် ခရစ်ဝင်ကျမ်းများတွင် ယေရှု၏ဓမ္မအမှုတော်အစပြုချိန်တွင် စတင်သည်။ သူသည် ကျွန်ုပ်တို့နှင့် ခွဲခြားသတ်မှတ်သည်— မဿဲကို ဆင်ခြင်ပါ— အလုံးစုံသောဖြောင့်မတ်ခြင်းအလုံးစုံကို ပြည့်စုံစေခြင်းငှာ ဖြစ်သည်။ သူသည် နောင်တရ၍မဟုတ်ပါ။ သူသည် အပြစ်သားဖြစ်သောကြောင့် မဟုတ်ပါ။ အကြောင်းမှာ သူ၏လူများကို ခွဲခြားသိမြင်၍ဖြစ်သည်။ သူသည် သူ၏ လူထုဓမ္မအမှုတော်ကို စတင်သည်။ သူ၏အသက်တာတွင် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေပြီး၊ ထို့နောက် သူ၏သေဆုံးခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်းတွင် အဆုံးသတ်မည် ဖြစ်သည်။ ထို့ကြောင့် ယောဟန်ထံ ကြွလာ၍ နှစ်ခြင်းခံရခြင်း၏ အကြောင်းအရင်းမှာ၊ မိမိ၏အမှုတော်လုပ်ဆောင်မှုကိုစတင်ရန်၊ တစ်နည်းအားဖြင့် ယောဟန်မျှော်လင့်ထားသည့်အရာသည် ယခု ရောက်လာကြောင်း ကြေညာရန်ဖြစ်သည်။ သူသည် နိုင်ငံတော်ကို ယူဆောင်လာပေးသောသူဖြစ်သည်။

**ဒေါက်တာ Stephen J. Wellum**

ယခု ကျွန်ုပ်တို့သည် ယေရှုအကြောင်း ယောဟန်၏သက်သေခံချက်ကို သုံးသပ်ပြီးနောက်၊ ဤဇာတ်ကြောင်း၏ စတုတ္ထနှင့် နောက်ဆုံးအပိုင်းကို ကြည့်ကြပါစို့‒ လုကာ ၃:၂၁–၄:၁၃ တွင် ယေရှုအား ဘုရားသခင်၏သားတော်အဖြစ် အတည်ပြုချက်ဖြစ်သည်။

## ဘုရားသခင့်သားတော်၏အတည်ပြုချက်များ

လုကာသည် လုကာ ၃:၂၁-၂၂ တွင် ဘုရားသခင်၏သားတော်အဖြစ် ယေရှုကို သီးခြားအတည်ပြုချက်သုံးခုကို ပေးခဲ့သည်။ လုကာ ၃:၂၂ မှ ယေရှု၏ဗတ္တိဇံအကြောင်း ဖော်ပြချက်ကို နားထောင်ပါ‒

> သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်ထင်ရှားလျက်
> ကိုယ်တော်ပေါ်၌ ဆင်းသက်တော် မူ၍၊ သင်ကား၊ ငါနှစ်သက်မြတ်နိုးရာ၊
> ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏ (လုကာ ၃:၂၂)။

ယေရှုနှစ်ခြင်းခံချိန်တွင် ဘုရားသခင်ကိုယ်တော်တိုင်သည် ဝိညာဉ်တော်၏မြင်နိုင်သောအသွင်အပြင်နှင့် ကောင်းကင်မှအသံတော်အားဖြင့် ယေရှုသည် သူ၏သားတော်ဖြစ်ကြောင်း လူသိရှင်ကြား အတည်ပြုခဲ့သည်။

ထို့နောက်၊ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း လုကာ ၃:၂၃-၃၈ တွင် မျိုးရိုးစဉ်ဆက်အတည်ပြုချက်ကို လုကာသည်ဖော်ပြခဲ့သည်။

မဿဲကဲ့သို့ပင်၊ လုကာသည် ဒါဝိဒ်နှင့် အာဗြဟံတို့၏ ဖြောင့်မတ်သောမျိုးရိုးမှတစ်ဆင့် ယေရှု၏မျိုးရိုးစဉ်ဆက်ကို ခြေရာခံခဲ့သည်။ သို့သော် မဿဲနှင့်မတူဘဲ၊ လုကာသည် လူသားမျိုးနွယ်၏ ဖြောင့်မတ်ခြင်းမျိုးရိုးကို အာဒံအထိသာ ထည့်သွင်းဖော်ပြခဲ့သည်။ ဤမျိုးရိုးစဉ်ဆက်၏ အရေးပါပုံကို နားလည်ရန် လုကာ ၃:၃၈ တွင် အဆုံးသတ်ပုံကို နားထောင်ပါ‒

> နေဒတ်အဘရှေသ၊ ရှေသအဘ အာဒံ၊ အာဒံအဘဘုရား သခင်ပေတည်း (လုကာ
> ၃:၃၈)။

လုကာသည် အာဒံကို “ဘုရားသခင်၏သားတော်” ဟုခေါ်သည်—ဤအခန်းများတွင် ယေရှုအားပေးခဲ့သော တူညီသောအမည်နာမဖြစ်သည်။ ဤနည်းအားဖြင့်၊ လုကာသည် ဓမ္မသစ်ကျမ်း၏ အခြားအပိုင်းများတွင် ရှင်းလင်းစွာသင်ကြားပေးထားသည့်အရာကို ထောက်ပြခဲ့သည်။ ဘုရားသခင်၏သားတော်အနေဖြင့်၊ အာဒံ၏ပထမသားတော်ဖြစ်ခြင်း၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းရန် ယေရှုသည် ရည်မှန်းထားသည်။ သို့မဟုတ် ၁ ကောရိန္သု ၁၅:၄၅ တွင် တမန်တော်ပေါလုဖော်ပြသည့်အတိုင်း ယေရှုသည် “နောက်ဆုံးသောအာဒံ” ဖြစ်သည်။ အာဒံသည် ဘုရားသခင်အလိုတော်ကိုဆောင်ရန် မြေကြီးပေါ်တွင် ဘုရားသခင်၏အစေခံရှင်ဘုရင်ဖြစ်ခဲ့သည်။ သို့သော် သူသည် စိတ်ပျက်စေလောက်အောင်ကျရှုံးခဲ့သည်။ သို့သော် ယေရှုသည် အာဒံကျရှုံးခဲ့သည့်နေရာကို ဆက်ခံခဲ့သော ဘုရားသခင်၏သားတော်ဖြစ်ပြီး၊ ကမ္ဘာပေါ် ရှိ လူမျိုးတိုင်းအား ကယ်တင်ခြင်းကိုဆောင်ကျဉ်းပေးခဲ့သည်။

ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏နောက်ဆုံးအတည်ပြုချက်မှာ လုကာ ၄:၁-၁၃ တွင် ယေရှုကိုယ်တော်တိုင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အတည်ပြုချက်ဖြစ်သည်။ ဤသည်မှာ တောဌ ယေရှု၏ သွေးဆောင်ခံရမှုမှတ်တမ်းဖြစ်သည်။ လုကာ ၄:၁ တွင် ဖော်ပြထားသည့်အတိုင်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုကိုပြည့်ဝစေပြီး၊ စာတန်၏သွေးဆောင်ခြင်းကိုခံရာတောအရပ်သို့ ပို့ဆောင်ခဲ့သည်။ မာရ်နတ်သည် ယေရှုအား ကျောက်ခဲကိုမုန့်အဖြစ်ပြောင်းရန်၊ တိုင်းနိုင်ငံများကိုအုပ်စိုးခွင့် မာရ်နတ်ထံမှ ယူရန်၊ ဗိမာန်တော်ထိပ်မှခုန်ချရန် သွေးဆောင်ခဲ့သည်။ မာရ်နတ်က "သင်သည် ဘုရားသခင်၏ သားတော်မှန်လျှင်" ဟူသည့်ကဲ့ရဲ့လှောင်ပြောင်သောစကားများဖြင့် ဤသွေးဆောင်မှုနှစ်ခုကို စတင်ခဲ့သည်။ တုံ့ပြန်ရာတွင်၊ ယေရှုသည် စာတန်၏သွေးဆောင်မှုသုံးခုလုံးကို ပြင်းထန်စွာ ငြင်းပယ်ခဲ့ပြီး၊ ဘုရားသခင်၏သစ္စာရှိသားတော်အနေဖြင့် မည်သည့်အရာလုပ်သင့်သည်ကို ဖော်ပြသည့် ဓမ္မဟောင်းကျမ်းပိုဒ်များကိုပင် ကိုးကားခဲ့သည်။

> တောအရပ်၌မာရ်နတ်တွေ့သောအခါ ယေရှုသည် အကြောင်းရင်းများစွာဖြင့် သမ္မာကျမ်းစာကို ကိုးကားခဲ့သည်။ ပထမအချက်၊ ခရစ်ဝင်ကျမ်းရေးသူများ လုပ်ဆောင်နေသည့်အပိုင်းသည် ယေရှုအား ဘုရားသခင်၏သားတော် အစစ်အမှန်အဖြစ် သရုပ်ဖော်ခြင်းဖြစ်သည် ။ ထို့ကြောင့်၊ သမ္မာကျမ်းစာကို ကိုးကားရခြင်းအကြောင်းရင်းတစ်ခုသည် ဘုရားသခင်နှင့် သူ၏ပဋိညာဉ် ဆက်ဆံရေးကြောင့်ဖြစ်သည်။ သူသည် ကျမ်းချက်များအားကိုးကားခြင်းဖြင့် သူ၏ပဋိညာဉ်ဆက်ဆံရေးဆိုင်ရာ အရာခပ်သိမ်းကို ထိန်းသိမ်းရန်၊ ခမည်းတော်ဘုရားသခင်နှင့်စပ်လျဉ်းသည့် သူ၏အခွင့်အာဏာကို မှန်ကန်စွာ ရှုမြင်ရန်၊ မာရ်နတ်၏အကန့်အသတ်ရှိသော အခွင့်အာဏာကိုလည်း ထားရှိရန်ဖြစ်သည်။ ထို့ကြောင့်၊ လူသည် မုန့်အားဖြင့်သာ အသက်မရှင်ဘဲ၊ ဘုရားသခင်၏ နှုတ်တော်ထွက်စကားတိုင်းအားဖြင့်၊ ထိုပဋိညာဉ်ဆက်နွယ်မှု၏ ဦးစားပေးမှုကို မိမိကိုယ်ကို သတိပေးရန်၊ ၎င်းသည် မာရ်နတ်၏ စုံစမ်းနှောင့်ယှက်မှုများကိုတွန်းလှန်ရာတွင် သူ့အား အထောက်အကူဖြစ်စေသည်။ အထူးသဖြင့် တရားဟောရာ ၆ မှ ၈ အထိ သမ္မာကျမ်းစာ၏ အပိုင်းကို ကိုးကားထားသည်ကို တွေ့နေရသည်၊ အကြောင်းမှာ မောရှေသည် ဘုရားသခင်၏လူမျိုးတော်၏တောကန္တာရအတွေ့အကြုံနှင့် ထွက်မြောက်ရာ လူထုတို့အား ထိုတောကန္တာရအတွေ့အကြုံအားဖြင့် သူတို့၏စိတ်နှလုံးကို စမ်းသပ်ပုံ၊ သူတို့စိတ်နှလုံးထဲတွင် မည်သည့်အရာရှိသည်ကို မြင်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့တွင် အလွန်တူညီသောအဖြစ်အပျက်ရှိပါသည်၊ ဤစမ်းသပ်မှုတွင် ဣသရေလလူတို့ ရှုံးနိမ့်ခဲ့သော ယေရှု၏သားဖြစ်ခြင်း စမ်းသပ်မှုကို ယေရှုအောင်မြင်ခဲ့သည်။ ထို့ကြောင့်၊ ဓမ္မဟောင်းကျမ်းရေးသူများ နှင့် ယေရှု၏သွေးဆောင်မှုဇာတ်ကြောင်းတွင်လည်း ထိုကဲ့သို့သော နှိုင်းယှဉ်မှုကို ကျွန်ုပ်တို့တွေ့မြင်ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဒေါက်တာ Gregory R. Perry**

ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏မျိုးရိုးစဉ်ဆက်ကို အာဒံထံ၌အဆုံးသတ်သောကြောင့်၊ ယေရှု၏သွေးဆောင်ခြင်းအကြောင်းဖော်ပြသောလုကာ၏မှတ်တမ်းအား ကမ္ဘာဦးကျမ်း ၃ တွင် တွေ့ရသော အာဒံ၏သွေးဆောင်မှုမှတ်တမ်းနှင့် ဆန့်ကျင်ဘက်ကြည့်ရှုသင့်သည်။ ထိုဇာတ်လမ်းတွင်၊ မာရ်နတ်သည် ဧဒင်ဥယျာဉ်တွင် အာဒံကို သွေးဆောင်ခဲ့ပြီး အာဒံအပြစ်ပြုသောအခါတွင်၊ ဘုရားသခင်သည် ဖန်ဆင်းခြင်းကိုကျိန်ပြီး လူသားအားလုံးကို တောအရပ်ထဲသို့ ချပစ်ခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ယေရှုသည် တောအရပ်၌သွေးဆောင်မှုကို တွန်းလှန်ခဲ့ပြီး၊ သူသည် ဘုရားသခင်၏သစ္စာရှိလူများကို ပရဒိသုဘုံသို့ ပြန်လည်ပို့ဆောင်ပေးမည့် ဘုရားသခင်၏သစ္စာရှိသားတော်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ယုဒပြည်နှင့် ယော်ဒန်မြစ်ဒေသတို့တွင် ယေရှုသည်အမှုတော်စတင်ပြီးနောက်၊ ရှင်လုကာခရစ်ဝင်ကျမ်း၏နောက်ထပ်အဓိကအပိုင်းသည် ဂါလိလဲပြည်၌ ယေရှုအမှုတော်ဆောင်ခြင်းကို တင်ပြသည်။ ဤအပိုင်းသည် ၄:၁၄–၉:၅၀ တွင်တွေ့ရသည်။

# ဂါလိလဲပြည်၌ ယေရှုအမှုတော်ဆောင်ခြင်း

သူ၏ခရစ်ဝင်ကျမ်း၏ဤအပိုင်းတွင်၊ လုကာသည် ဓမ္မဟောင်းတွင်ကတိပြုထားသည့် ဝိညာဉ်တော်ဘိသိက်ခံကယ်တင်ရှင်ဖြစ်ကြောင်း သက်သေပြရန်အတွက် ယေရှု၏အံ့ဖွယ်တန်ခိုးနှင့် ဧဝံဂေလိတရားဟောပြောမှုဥပမာများစွာကို ဖော်ပြခဲ့သည်။

ဂါလိလဲပြည်တွင် ယေရှု၏ဓမ္မအမှုတော်အကြောင်း ဖော်ပြသည့် လုကာ၏ဇာတ်ကြောင်းကို အပိုင်းငါးပိုင်းခွဲနိုင်သည်_ ပထမ၊ နာဇရက်မြို့၌ဟောသော ယေရှု၏တရားဒေသနာ၊ ဒုတိယ၊ သူ၏သွန်သင်ခြင်းနှင့် အံ့ဖွယ်အမှုများ၊ တတိယ၊ ယေရှုနှင့် နှစ်ခြင်းဆရာယောဟန်တို့၏ ခြားနားသောအခန်းကဏ္ဍများ ၊ စတုတ္ထ၊ ယေရှုထံမှ ထပ်လောင်းသွန်သင်ချက်နှင့် အံ့ဖွယ်အမှုများနှင့် ပဥ္စမ၊ အမှုတော်လုပ်ငန်းအတွက် တမန်တော်ဆယ့်နှစ်ပါးအား ယေရှု၏ပြင်ဆင်မှု တို့ဖြစ်သည်။ လုကာ ၄:၁၄-၃၀ တွင် နာဇရက်မြို့၌ဟောသော ယေရှု၏ပထမဆုံးတရားဒေသနာမှအစပြု၍ ဤကဏ္ဍတစ်ခုစီကို ကျွန်ုပ်တို့လေ့လာပါမည်။

## နာဇရက်မြို့၌ဟောသော တရားဒေသနာ

Synoptic ခရစ်ဝင်ကျမ်းသုံးကျမ်းစလုံးသည် ဂါလိလဲပြည်သာသနာတွင် ယေရှု၏အံ့ဖွယ်တန်ခိုးနှင့်ဧဝံဂေလိတရားဟောပြောချက်ကို အလေးပေးဖော်ပြသည်။ သို့သော် လုကာ၏တင်ပြချက်သည် အခြားသူများနှင့်မတူပါ၊ အကြောင်းမှာ ယေရှု၏ဓမ္မအမှုတော်ဆောင်ခြင်းကို သူ၏မွေးရပ်မြို့ နာဇရက်တွင် သခင်ဘုရား၏ပထမဆုံးတရားဒေသနာဖြင့် စတင်မိတ်ဆက်ပေးသောကြောင့်ဖြစ်သည်။ ယေရှုသည် ဥပုဒ်နေ့၌တရားစရပ်တွင်ရှိနေပြီး သူ့အား ဟေရှာယကျမ်းလိပ်ကို ပေးတော်မူကြောင်းကို လုကာ

ဖော်ပြသည်။ သူသည် ဟေရှာယ ၆၁:၁-၂ ကိုဖတ်ပြီး အံ့သြဘွယ်ကောင်းသော ကြေငြာချက်တစ်ခု ပြုလုပ်ခဲ့သည်။ လုကာ ၄:၁၈-၂၁ တွင် သခင်ယေရှုဖတ်ရှုပြီး မိန့်တော်မူသည်ကို နားထောင်ပါ_

> ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ ငါ့ကို ဘိသိတ် ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှါ၎င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှါ၎င်း၊ ညှဉ်းဆဲ ခံရသောသူတို့ကို ကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူပြီ…ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီဟု မိန့်တော်မူ၏ (လုကာ ၄:၁၈-၂၁)။

> "ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီ" ဟု မိန့်တော်မူသောအခါ၊ ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားကာ ကြိုတင်မျှော်လင့်ထားသည့်အရာသည် ယခုအခါ အကောင်အထည်ဖော်နေပြီဖြစ်သည် ဟု ဆိုလိုသည်။ ၎င်းသည် ၄၉ နှစ် သို့မဟုတ် ၅၀ နှစ်၊ သင်တွက်ချက်ပုံပေါ် မူတည်၍၊ ဓမ္မဟောင်းကာလရေလတို့သည် လူများ၏ အကြွေးများအား ဖြေလျှော့ပေးကာ ၎င်းတို့၏ ဘိုးဘွားများဖြစ်သော မောရှေနှင့် ယောရှုတို့ လက်ထက်ပြန်လည်ပေးအပ်ခဲ့သည့် မွေးရပ်မြေ၊ ၎င်းတို့၏ မျိုးနွယ်စုအား ခွဲဝေပေးသည့် မြေနေရာများကို ပြန်လည်ပေးအပ်ခြင်းဆိုင်ရာ ဂျူဗလီ၏ အတွေးအမြင်တစ်ခုလုံးဖြစ်သည်။ ရွေးနှုတ်ခြင်းအတွက် အရေးကြီးသော ဓမ္မဟောင်း ဖြစ်ရပ်ကြီးအဖြစ် ထွက်မြောက်ရာကျမ်းကို ကျွန်ုပ်တို့ ယူဆပါက၊ ဂျူဗလီသည် ပြန်လည်ထူထောင်ရန်အတွက် ဘုရားသခင်၏ အရေးကြီးသော ပြဋ္ဌာန်းချက်ဖြစ်ကြောင်းကိုလည်း နားလည်ရန် လိုအပ်သည်။ အဘယ်ကြောင့် ဆိုသော်၊ ကျွန်ုပ်တို့သည် ပြိုလဲနေသောကမ္ဘာတွင် အသက်ရှင်နေသမျှကာလ ပတ်လုံး၊ ရွေးနှုတ်ခြင်းသည် ကျွန်ုပ်တို့ကို ကယ်တင်လိမ့်မည်၊ သို့သော် ပြန်လည်ထူထောင်ခြင်းသည် ဘုရားသခင်၏ရွေးနှုတ်ခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ထို့ကြောင့်၊ ယေရှုသည် ဤဂျူဗလီ၏နိမိတ်များကို ပြသတော့မည် ဖြစ်သည်။ ယေရှုသည် လူများကို နတ်ဆိုးများ၏ ဖိနှိပ်မှုမှ လွတ်မြောက်စေကာ၊ လူမှုရေးကဲ့ရဲ့ရှုတ်ချခြင်း သို့မဟုတ် လူမှုရေး ခွဲခြားခြင်းမှလွတ်မြောက်စေပြီး၊ ထိုသူတို့ကို ဖန်ဆင်းရှင် ဘုရားသခင်နှင့် သူတို့၏ခမည်းတော်ထံ ပြန်လည် ပေါင်းစည်းစေခဲ့သည်။
>
> **သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟေရှာယသည် ဘုရားသခင်၏နိုင်ငံတော် ကြွလာခြင်းသည် ဘုရားသခင်၏သစ္စာရှိလူအားလုံးအတွက် ကယ်တင်ခြင်းရစေမည်ဟု ပရောဖက်ပြုထားသည်။ ထိုနေ့သည် ရောက်ခဲ့ပြီဟု ယေရှုမိန့်တော်မူသည်။ ဤကိုးကားချက်သည် ယေရှု၏ဓမ္မအမှုတော်တစ်ခုလုံးကို အဓိပ္ပါယ်ဖော်ပြခြင်းအတွက် လုကာ၏အခြေခံစံနမူနာကို ဖော်ပြသည်_ ယေရှုသည် ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ပြုထားသော ကယ်တင်ရှင်မေရှိယ သို့မဟုတ် ခရစ်တော်ဖြစ်ပြီး သူ၏လူတို့အား ကယ်တင်ခြင်းယူဆောင်ပေးခြင်းဖြင့် မြေကြီးပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်ကို ထင်ရှားစေမည်ဖြစ်သည်။

နာဇရက်မြို့၌ ယေရှု၏တရားဒေသနာအကြောင်း ဖော်ပြပြီးနောက်၊ လုကာသည် ယေရှု၏တန်ခိုးကြီးသောသွန်သင်မှုနှင့် အံ့ဖွယ်အမှုများကို လုကာ ၄:၃၁–၇:၁၇ တွင် ဥပမာများစွာဖြင့်တင်ပြခဲ့သည်။

## သွန်သင်ချက်များနှင့် အံ့ဖွယ်အမှုများ

ဤအပိုင်းတွင်၊ ယေရှုသည် ဟေရှာယ ၆၁:၁-၂ ၏ပရောဖက်ပြုချက်ကို ပြည့်စုံစေသောကြောင့် အမှန်တကယ်မေရှိယဖြစ်ကြောင်း သရုပ်ပြခဲ့သည်။ လုကာ ၄:၃၁-၃၆ တွင် ဆိုးညစ်သောဝိညာဉ်ထံမှ လွတ်မြောက်မှုကို ယေရှုပေးခဲ့သည်။ ၄း၃၈-၄၂ တွင် အခြားလူများစွာကို ကုသပေးခဲ့သည်။ လုကာ ၅:၁-၁၁ တွင် တပည့်တော် ပေတရု၊ ယာကုပ်၊ ယောဟန်တို့ကို ခေါ် ခဲ့သည်။ ၅:၁၂-၁၅ တွင် နူနာရောဂါပျောက်စေခြင်း၊ ၅:၁၇-၂၆ တွင်လေဖြတ်သူအားရင်း၊ ၅:၂၇-၃၂ တွင် တပည့်တော် လေဝိ သို့မဟုတ် မဿဲအားခေါ် ခြင်းစသည့် အလားတူပုံစံကို တွေ့ရသည်။

အလားတူပုံစံကို နောက်အခန်းငယ်များတွင်လည်းထပ်မံ၍ တွေ့ရပါသည်။ သို့သော် ကုသခြင်းအစား၊ လုကာသည် ယေရှု၏သွန်သင်ချက်များကို မှတ်တမ်းတင်ခဲ့သည်။ ၅:၃၃-၃၉ တွင်၊ ယေရှုသည် ကိုယ်ခန္ဓာအတွက်အစာရှောင်ခြင်းကို အဆုံးသတ်ပြီး ရွှင်လန်းမှုကို ဆောင်ကြဉ်းသင့်သည်ဟု သွန်သင်ခဲ့သည်။ ၆:၁-၁၁ တွင် ဥပုဒ်နေ့သည် ကုသခြင်းနှင့် အသက်များကို ကယ်တင်ရန်ဖြစ်ကြောင်း ယေရှုသွန်သင်ခဲ့သည်။ ၆:၁၂-၁၆ တွင်၊ သူသည် ဣသရေလအတွက် အမိန့်အသစ်တစ်ခု ချမှတ်ခြင်းတာဝန်ကို ထမ်းဆောင်ရန်အတွက် သူ၏တပည့်တော်များစွာထဲမှ အထူးတမန်တော်တစ်ဆယ့်နှစ်ပါးကို ရွေးချယ်ခဲ့သည်။

ဤအံ့ဖွယ်အမှုများနှင့် သွန်သင်ချက်များအားဖြင့်၊ ယေရှုသည် ဟေရှာယပရောဖက်ပြုထားသော မေရှိယဖြစ်ကြောင်း အမှန်တကယ်ပင် သက်သေပြခဲ့ပြီး၊ အကြောင်းမှာ သူသည် လွတ်လပ်ခြင်း၊ ကုသခြင်းနှင့် ဖိနှိပ်ခြင်းမှလွတ်မြောက်ခြင်းပုံစံဖြင့် သခင်ဘုရား၏မျက်နှာသာပေးခြင်းကို ယူဆောင်လာသောကြောင့်ဖြစ်သည်။

ထို့နောက်၊ လုကာ ၆:၁၇-၄၉ တွင် သခင်ယေရှုဟောခဲ့သော ရှည်လျားသောတရားဒေသနာကို တင်ပြခဲ့သည်။ ဤတရားဒေသနာကို ယေရှု၏လွင်ပြင်တရားဒေသနာအဖြစ် မကြာခဏရည်ညွှန်းလေ့ရှိပြီး မဿဲ ၅–၇ တွင် ကိုယ်တော်၏တောင်ပေါ်တရားတော်နှင့် များစွာတူညီပါသည်။

> မဿဲနှင့် လုကာအကြား စိတ်ဝင်စားဖွယ်ကောင်းသော ခြားနားချက်တစ်ခုမှာ မဿဲ ၅–၇ တွင် တောင်ပေါ်တရားဒေသနာရှိပြီး လုကာ ၆ တွင် လွင်ပြင်တရားဒေသနာရှိခြင်း ဖြစ်သည်။ ထို့ပြင်ဤသည်မှာ ဆွေးနွေးမှုများနှင့် ငြင်းခုံမှုများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆုံးသတ်မသွားစေပါ။ ဤအရာများသည် တစ်ခုနှင့်တစ်ခုတူညီပါသလား၊ သို့မဟုတ် သီးခြားဖြစ်ပါသလား။ အချက်နှစ်ချက်ပြောရန် လိုမည်ဟုထင်ပါသည်။ ပထမဦးစွာ၊ ထိုအချိန်အခိုက်အတန့်တွင် ယေရှုမိန့်ဆိုခဲ့သည့်အရာများထဲမှ အလွန်သေးငယ်သော ကောက်နုတ်ချက်တစ်ခုမျှသာ ကျွန်ုပ်တို့သုံးသပ်နေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ၊ မသဲ ၅–၇ ကိုအသံထွက်ဖတ်ဖို့ရန် မိနစ်လေးဆယ်မျှလောက် ကြာနိုင်ပါသည်။ သခင်ယေရှုသည် နာရီနှင့်ချီ၍ စကားပြောနေသောကြောင့် သူ၏သွန်သင်ချက်ကို အလွန်ချုံ့၍မရပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကောက်နုတ်ချက်များကို သုံးသပ်နေပါသည်။ ဤသို့ဆိုလျှင်၊ တူညီသော ကောက်နုတ်ချက်များကို ကျွန်ုပ်တို့ပြောနေခြင်းလော။ ဟုတ်ကဲ့.ကျွန်ုပ်တို့ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ နောက်ထပ်တစ်ခုပြောလိုသည်မှာ ထိုဒေသ၏ ပထဝီဝင်အနေအထားကိုသိလျှင် စိတ်ဝင်စားဖွယ်ဖြစ်သည်— ကပေရနောင်အနောက်ဘက်တွင် တောင်ကုန်းများရှိသောကြောင့် သင်သည် ၎င်းတောင်ကုန်းများကို ကြည့်ကာ၊ ယေရှုသည်ထိုင်နေပြီး လူများသည် တောင်ကုန်းတစ်ခုပေါ်တွင် ရှိနေကြသည်ဟု သင်ပြောနိုင်ပါသည်။ သို့သော် တစ်နည်းအားဖြင့်၊ ၎င်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေသုံးထောင်မှ နိမ့်ဆင်းလာသော မီးတောင်ကျောက်များ၏နှေးကွေးသော ဆင်းသက်မှုတစ်ခုဖြစ်သည်။ အဝေးမှကြည့်လိုက်သည်နှင့် လွင်ပြင်ဖြစ်သည်ဟု သင်နှင့်ကျွန်ုပ် ဆိုနိုင်သောအရာများစွာရှိသည်။ သူတို့သည် တောင်စောင်း၊ တောင်ကုန်းပေါ်တွင် ရှိနေကြသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ကိတ်မုန့်ကိုယူ၍ စားနေမည်ဖြစ်သည်။ ယေရှုသည် တောင်ပေါ်တွင်ထိုင်လျက်ဟောသောကြောင့် တောင်ပေါ်တရားဒေသနာဟုခေါ်ပြီး၊ လွင်ပြင်တရားဒေသနာသည်လည်းတူညီသောအရာပင်၊ ပြန့်ပြူးသောနေရာဖြစ်သည်။ ဤနေရာတွင် စိတ်ဝင်စားဖွယ်ကောင်းသော နောက်ဆုံးအချက်တစ်ခုရှိသည်ဟု ကျွန်ုပ်ထင်သည်— ယေရှုကိုလက်လှမ်းမီနိုင်သည်ဟု လုကာသည်ကျွန်ုပ်တို့အားဖော်ပြလိုသည်၊ ထို့ကြောင့် သူသည် ယေရှုသည်လွင်ပြင်တွင်ရှိနေသည်၊ ကျွန်ုပ်တို့နှင့်အတူ ရှိနေသည်ဟုဆိုသည်။ ရှင်မဿဲသည် သိနာတောင်ပေါ်၌ မောရှေသည်အခွင့်အာဏာရှိသကဲ့သို့ ယေရှုသည်လည်း အခွင့်အာဏာရှိသူဖြစ်ကြောင်း ကျွန်ုပ်တို့ကိုမြင်စေလိုသည်။ အဖြေနှစ်ခုစလုံးကို ကျွန်ုပ်တို့ရနိုင်မည်ဟုထင်ပါသည်။

**ဒေါက်တာ Peter Walker**

လွင်ပြင်တရားဒေသနာတွင်၊ ဟေရှာယပရောဖက်ပြုခဲ့သော ပြောင်းပြန်အနေအထားကို ယေရှုအလေးပေးဖော်ပြခဲ့သည်။ ဆင်းရဲသောသူတို့သည် မင်္ဂလာရှိကြ၏။ ဝတ်မွတ်သောသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့။ ငိုကြွေးသောသူတို့သည် ရယ်ကြလတံ့။ ဘုရားသခင်သည် အားကိုးရာမဲ့သူများကို ကောင်းချီးပေးလိမ့်မည်။ သို့သော် သတင်းကောင်းသည် နောက်တစ်ဆင့်သို့ရောက်လာသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် ကောင်းချီးခံစားရသူများကို သူ့နောက်လိုက်ရန်နှင့် မြေကြီးဆိုင်ရာစံနှုန်းများနှင့် အလွန်ကွာခြားသည့် ဘုရားသခင့်နိုင်ငံတော်၏စံနှုန်းများ၊ တန်ဖိုးများနှင့်အညီနေထိုင်ရန်မကြာခဏခေါ် ခဲ့သည်။ ဥပမာအားဖြင့်၊ သူစိမ်းများကိုသတိထားရန်နှင့် ရန်သူများကိုမုန်းတီးရန် ကျွန်ုပ်တို့အားပြောထားသည့် လောကတန်ဖိုးများနှင့်မတူဘဲ သူစိမ်းများနှင့် ရန်သူများကိုပင် ချစ်ရန်ခေါ် ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏သတင်းစကားသည် ကောင်းချီးမင်္ဂလာတစ်ခုသာမက ကျင့်ဝတ်ဆိုင်ရာတာဝန်တစ်ခုလည်းဖြစ်သည်။

လွင်ပြင်တရားဒေသနာပြီးနောက်၊ လုကာသည် ဟေရှာယ၏ပရောဖက်ပြုချက်ကို ယေရှုပြည့်စုံစေကြောင်း နောက်ထပ်အထောက်အထားများဖြင့် ဤအပိုင်းကို နိဂုံးချုပ်ခဲ့သည်။ လုကာ ၇:၁-၁၀ တွင် တပ်မှူး၏ကျွန်ကို ယေရှု ကုသပေးခဲ့သည်။ ၇:၁၁-၁၆ တွင်၊ နာ္ကနမြို့၌ရှိသော မုဆိုးမ၏သားကိုပင် ထမြောက်စေတော်မူသည်။

ဂါလိလဲပြည်ရှိ ယေရှု၏ဓမ္မအမှုတော်ဆိုင်ရာ လုကာ၏နောက်ထပ်မှတ်တမ်းသည် လုကာ ၇:၁၈-၅၀ တွင် နှစ်ခြင်းဆရာယောဟန်အကြောင်းနှင့်ပတ်သက်သော ဇာတ်လမ်းများဖြစ်သည်။

## ဗတ္တိဇံဆရာယောဟန်

ဗတ္တိဇံဆရာယောဟန်သည် အကျဉ်းချခံရပြီးနောက်၊ ယေရှုသည် မေရှိယဟုတ်မဟုတ်ကို မေးမြန်းရန် တပည့်တော်အချို့ကို စေလွှတ်ခဲ့သည်။ သခင်ယေရှုသည် သူပြုခဲ့သောအမှုကို ပြန်၍ပြောပြခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ ယေရှု၏အံ့ဖွယ်အမှုများနှင့် ဟောပြောခြင်းတို့သည် ဟေရှာယ ၆၁:၁-၂ ရှိပရောဖက်ပြုချက်များကို ရှင်းလင်းစွာ ပြည့်စုံစေသောကြောင့်၊ ယေရှုသည် မေရှိယဖြစ်ကြောင်း သက်သေပြခဲ့သည်။ လုကာ ၇:၂၂ တွင် ရှင်ယောဟန်၏တမန်များအား ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> ထိုအခါယေရှုက၊ သင်တို့သည်ကြားရသမျှ၊ မြင်ရသမျှတို့ကိုသွား၍ ယောဟန်အား ကြားလျှောက်ကြလော့။ မျက်စိကန်းသောသူတို့သည် မျက်စိမြင်ရကြ၏။ ခြေမစွမ်းသောသူတို့သည် လှမ်းသွားရကြ၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့ရောက်ရကြ၏။ နားပင်းသောသူတို့သည် နားကြားရကြ၏။ သေသောသူတို့သည် ထမြောက်ခြင်းသို့ ရောက်ရကြ၏ (လုကာ ၇:၂၂)။

ယောဟန်သည် ပရောဖက်များထဲတွင် အကြီးမြတ်ဆုံးသောသူဖြစ်ကြောင်း ယေရှု ဆက်လက်အတည်ပြုခဲ့သည်။ သို့သော် ယောဟန်သည် ဘုရားသခင်၏နိုင်ငံတော်တွင် အငယ်ဆုံးလူကိုပင် မတိုင်းတာခဲ့ပါ။ လုကာသည်ဤအချက်ကို ခြေဆေးပေးသော အကျင့်ပျက်အမျိုးသမီး၏အပြစ်ကို ယေရှုသည် အမှန်စင်စစ် ခွင့်လွှတ်တော်မူကြောင်း ရှင်းပြခြင်းဖြင့် လုကာ ၇:၄၇-၅၀ တွင် အလေးအနက်ပြုထားသည်။ ယောဟန်သည် ခွင့်လွှတ်ခြင်းအတွက် ဘုရားသခင်ထံ အသနားခံသည့်အနေဖြင့် နောင်တတရားတွင် လူတို့ကိုနှစ်ခြင်းပေးခဲ့သော်လည်း၊ ယေရှုသည် အပြစ်သားများကို ခွင့်လွှတ်ခြင်း၊ ဖျားနာသူများကို ကုသပေးခြင်း၊ ဆင်းရဲသားတို့အား ဧဝံဂေလိတရားကို ဟောပြောခြင်းဖြင့် လူတို့၏မျက်မှောက်တွေ့ကြုံမှုအဖြစ် ယေရှုသည် နိုင်ငံတော်ကို ယူဆောင်လာခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗတ္တိဇံဆရာယောဟန်နှင့်ပတ်သက်သော ဇာတ်လမ်းများအပြီးတွင်၊ လုကာသည် လုကာ ၈:၁-၅၆ တွင် ယေရှု၏သွန်သင်ချက်နှင့် အံ့ဖွယ်အမှုများကို ထပ်မံတင်ပြခဲ့သည်။

## သွန်သင်ချက်များနှင့် အံ့ဖွယ်အမှုများ

ဤနောက်ထပ်သွန်သင်ချက်များနှင့် အံ့ဖွယ်အမှုများတွင် ယေရှုသည် နိုင်ငံတော်သတင်းကောင်းကို အထူးပြုခဲ့သည်။ လုကာ ၈:၁-၁၅ တွင် မျိုးကြဲသူ၏ပုံဥပမာနှင့် လုကာ ၈:၁၆-၁၈ တွင် မီးခွက်ပုံဥပမာသည် ယုံကြည်ခြင်းနှင့် နာခံမှုဖြင့် နိုင်ငံတော်သတင်းတရားကို တုံ့ပြန်ခြင်း၏ အရေးကြီးပုံကို ဖော်ပြခဲ့သည်။ လုကာ ၈:၁၉-၂၁ တွင် သူ၏မိသားစုဝင်အစစ်အမှန်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံကာလိုက်လျှောက်သူများဖြစ်ကြသည်ဟု လုကာ ၈:၁၉-၂၁ တွင် ထပ်မံဖော်ပြသည်။

ထို့နောက်၊ လုကာ ၈:၂၂-၅၆ တွင်၊ လုကာသည် သခင်ယေရှုယူဆောင်လာခဲ့သည့် ကယ်တင်ခြင်းအကြောင်းကို အတည်ပြုပြီး သက်သေပြသည့် အံ့ဖွယ်အမှုများစွာကို တင်ပြခဲ့သည်_ ယေရှုသည် မုန်တိုင်းကို ငြိမ်သက်စေပြီး၊ နတ်ဆိုးကို နှင်ထုတ်ပြီး၊ ဖျားနာသည့်အမျိုးသမီးကို ကုသပေးပြီး၊ မိန်းကလေးတစ်ဦးကို သေခြင်းမှထမြောက်စေသည်။

နောက်ဆုံးတွင်၊ လုကာသည် လုကာ ၉:၁-၅၀ တွင် အမှုတော်ဆောင်ရန် တမန်တော်ဆယ့်နှစ်ပါးအား ယေရှု၏ပြင်ဆင်မှုကို အစီရင်ခံခြင်းဖြင့် ဂါလိလဲပြည်၌ ယေရှု၏အမှုဆောင်ခြင်းမှတ်တမ်းကို နိဂုံးချုပ်ခဲ့သည်။

## တမန်တော်ဆယ့်နှစ်ပါးအားပြင်ဆင်ခြင်း

ပထမ၊ လုကာ ၉:၁-၉ တွင်၊ ယေရှုသည် သူ၏တမန်တော်ဆယ့်နှစ်ပါးကို ကုသရန်နှင့် ဧဝံဂေလိတရားဟောရန် စေလွှတ်ခဲ့သည်။ လုကာ ၆ တွင် ခွဲထားခဲ့သောဤသူတို့သည်အတူတူပင် ဖြစ်သည်။ ထို့နောက် ၉:၁၀-၁၇ တွင် လူ ၅,၀၀၀ ကို ကျွေးမွေးပြီး သူ၏တန်ခိုးနှင့် ထောက်ပံ့ပေးစွမ်းနိုင်မှုကို ယုံကြည်ရန် တမန်တော်များအား သွန်သင်ခြင်းဖြင့် သူ၏တန်ခိုးကို သရုပ်ပြခဲ့သည်။ ယေရှုသည် ကာလကြာရှည်စောင့်ဆိုင်းခဲ့ရသော မေရှိယ သို့မဟုတ် ခရစ်တော်ဖြစ်ကြောင်း တမန်တော်များဝန်ခံသည့် လုကာ ၉:၁၈-၂၇ သည် ဤပြင်ဆင်မှုများ၏ အဆုံးသတ်ဖြစ်သည်။

လုကာသည် အထူးသဖြင့် ကောင်းကင်ဘုံသို့ တက်ကြွပြီးနောက် သူတို့ရရှိမည့်အမှုတော်လုပ်ငန်းနှင့်ပတ်သက်၍ တမန်တော်များကို ယေရှုဆက်လက်ပြင်ဆင်နေပုံအကြောင်း ဇာတ်လမ်းများစွာဖြင့် ဤအပိုင်းကိုနိဂုံးချုပ်ထားသည်။ လုကာ ၉:၂၈-၃၆ တွင် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ ရှေ့မှောက်တွင် သခင်ယေရှုသည် ရုပ်သွင်ပြောင်းလဲပြီး၊ ခမည်းတော်သည် ယေရှုအပေါ် သူတို့၏ဆက်ကပ်အပ်နှံမှုကို အတည်ပြုရန် ကောင်းကင်မှ မိန့်တော်မူခဲ့သည်။ ထို့နောက် ယေရှုသည် ၉:၃၇-၄၅ တွင် အလွန်ခက်ခဲသော နတ်ဆိုးနှင်ထုတ်ခြင်းတစ်ခုကို လုပ်ဆောင်ခဲ့ပြီး၊ ၉:၄၆-၅၀ တွင် နိုင်ငံတော်၌ ကြီးမြတ်ခြင်းအကြောင်းကို သင်ကြားခဲ့သည်။ ဤမှတ်တမ်းများအားလုံးတွင်၊ ယေရှုသည် သူ၏တပည့်တော်များအား ကိုယ်တော်၏အခွင့်အာဏာကိုအသိအမှတ်ပြုရန်၊ ကိုယ်တော်၏တန်ခိုးကိုအားကိုးရန်နှင့် ကိုယ်တော်၏နာမတော်၌ နှိမ့်ချသောအစေခံများအဖြစ် အမှုထမ်းရန်၊ သို့မှသာ သူတို့သည် မြေကြီးပေါ် ရှိ ကိုယ်တော်၏နိုင်ငံတော်၏ ထိရောက်သောခေါင်းဆောင်များဖြစ်လာရန် ပြင်ဆင်ပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဂါလိလဲပြည်တွင် ယေရှုအမှုဆောင်ပြီးနောက်၊ ရှင်လုကာခရစ်ဝင်ကျမ်း၏နောက်ထပ် အဓိက အပိုင်းတွင် ယေရုရှလင်မြို့သို့ ယေရှု၏ခရီးစဉ်ကို ဖော်ပြသည်။ ဤအပိုင်းသည် လုကာ ၉:၅၁–၁၉:၂၇ တွင်တွေ့ရသည်။

## ယေရုရှလင်မြို့သို့ ယေရှု၏ခရီးစဉ်

လုကာသည် ဤအပိုင်းတွင် ယေရုရှလင်မြို့သို့သွားရန် ယေရှု၏သန္နိဋ္ဌာန်ကို ၅ ကြိမ်တိုင် ဖော်ပြခဲ့သည်_ ၉:၅၁၊ ၁၃:၂၂၊ ၁၇:၁၁၊ ၁၈:၃၁၊ နှင့် ၁၉:၂၈ တို့တွင် ဖြစ်သည်။ ဥပမာတစ်ခုအနေနှင့်၊ လုကာ ၁၈:၃၁-၃၂ ကို နားထောင်ပါ_

> ထိုအခါ ကိုယ်တော်သည် တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို ခေါ်၍၊ ငါတို့သည် ယေရုရှလင်မြို့သို့ ယခု သွားကြ၏။ ပရောဖက်များ ရေးမှတ်သမျှသည် လူသား၌ ပြည့်စုံရလိမ့်မည်။ တပါးအမျိုးသားတို့လက်သို့ အပ်နှံခြင်း၊ ပြက်ရယ်ပြုခြင်း၊ ညှဉ်းဆဲခြင်း၊ တံတွေးနှင့် ထွေးခြင်းကို ခံရလိမ့်မည် (လုကာ ၁၈:၃၁-၃၂)။

ဤကဲ့သို့သောကျမ်းပိုဒ်များအားဖြင့်၊ ယေရှုသည် ယေရုရှလင်မြို့၌ အသေခံရန် လိုအပ်သော်လည်း၊ မိမိလူတို့ကို ကယ်တင်ရန် ဘုရားသခင်၏အစီအစဉ်ကို ကတိကဝတ်ပြုထားကြောင်း ထင်ရှားစေသည်။

ယေရုရှလင်မြို့သို့ ယေရှု၏ခရီးစဉ်အကြောင်း လုကာ၏ ဆွေးနွေးချက်ကို အဓိကအပိုင်း လေးပိုင်း ပိုင်းခြားပါမည်၊ ပထမ၊ တပည့်တော်ဖြစ်ခြင်း၏ သဘောသဘာဝနှင့်ပတ်သက်၍ ယေရှု၏ သွန်သင်ချက်၊ ဒုတိယ၊ ယေရှုနှင့် သူ၏ပြိုင်ဘက်များကြား တိုးများလာသောပဋိပက္ခအကြောင်း လုကာ၏ဖော်ပြချက်များ၊ တတိယ၊ တပည့်တော်ဖြစ်ခြင်း၏တန်ဖိုးနှင့်ပတ်သက်၍ ယေရှုသွန်သင်ချက်နှင့် စတုတ္ထ၊ သူ၏လူများကို ကယ်တင်ရန် ဘုရားသခင်၏အစီအစဉ်အပေါ် ယေရှု၏ဆက်ကပ်အပ်နှံမှုအကြောင်း တို့ဖြစ်သည်။ လုကာ ၉:၅၁–၁၁:၁၃ တွင်တွေ့ရသော တပည့်တော်ဖြစ်ခြင်း၏သဘောသဘာဝဖြင့် စကြပါစို့။

## တပည့်တော်ဖြစ်ခြင်း၏သဘောသဘာဝ

ဘုရားသခင့်နိုင်ငံတော်ကို တည်ဆောက်ပြီး မိမိလူမျိုးကို ကယ်တင်ရန်နှင့် ကိုယ်တော်၏အစေခံ ခေါင်းဆောင်မှုအတွက် အထူးတမန်တော်များကို ရွေးချယ်ကာလေ့ကျင့်ပေးရန်သည် ယေရှု၏ဆက်ကပ်အပ်နှံမှုဖြစ်သည်။ လုကာ ၉:၅၁–၁၀:၂၄ တွင်၊ ဧဝံဂေလိတရားဟောပြောနည်းကို သင်ကြားပေးပြီး၊ သူတို့အတွက် ဘဝသည်ခက်ခဲလိမ့်မည်ဟု သတိပေးခဲ့သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူတို့ကို အစွမ်းတန်ခိုးပေးတော်မူသည်။ ဤပြင်ဆင်မှုပြီးနောက်၊ သူသွားမည့်မြို့များသို့ ဧဝံဂေလိတရားဟောရန် သူတို့ကိုစေလွှတ်ခဲ့သည်။

ယင်းနောက်တွင်၊ လုကာ ၁၀:၂၅–၁၁:၁၃ တွင်၊ ယေရှုသည် တပည့်တော်ဖြစ်ခြင်းနှင့်ပတ်သက်သည့် ခေါင်းစဉ်သုံးခုဖြစ်သည့် ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်ခြင်း၊ ဘုရားသခင်ကိုချစ်ခြင်းနှင့် ဆုတောင်းခြင်းဖြင့် ကျယ်ပြန့်သောကမ္ဘာလောကအမြင်ကို ပေးခဲ့သည်။ လုကာ ၁၀:၂၇ တွင် ယေရှုသည် ချစ်ခြင်းမေတ္တာအကြောင်း အကျဉ်းချုပ်အားဖြင့် ဤနည်းဖြင့်စတင်ခဲ့သည်_

> ထိုသူက၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟုပြန်လျှောက်လေ၏ (လုကာ ၁၀:၂၇)။

ဤတွင်၊ ယေရှုသည် တရားဟောရာ ၆:၅ နှင့်ဝတ်ပြုရာ ၁၉:၁၈ တွင် ဓမ္မဟောင်းပညတ်တစ်ခုလုံးသည် ဘုရားသခင်နှင့်ကိုယ်နှင့်စပ်ဆိုင်သောသူကို မည်ကဲ့သို့ချစ်ရမည်ကို သွန်သင်ပေးကြောင်း ရှင်းပြရန်အတွက် ကိုးကားခဲ့သည်။

နောက်စာပိုဒ်နှစ်ပိုဒ်သည် ဤမေတ္တာတရား၏ အစိတ်အပိုင်းနှစ်ခုကို သရုပ်ဖော်သည်။ လုကာ ၁၀:၂၉-၃၇ ပါ "ကောင်းသောရှမာရိ" ပုံဥပမာသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းကို ဖော်ပြသည်။ ဤသည်မှာ ဣသရေလနှင့်ရှမာရိလူအုပ်စုနှစ်စုကြား တင်းမာမှုများရှိသော်လည်း ဒဏ်ရာရဣသရေလလူမျိုးအပေါ် ၎င်း၏ကိုယ်နှင့်စပ်ဆိုင်သောသူမေတ္တာကို ပြခဲ့သော ရှမာရိလူတစ်ဦးအကြောင်း လူသိများသော ဇာတ်လမ်းဖြစ်သည်။ ထို့နောက်၊ လုကာ ၁၀:၃၈-၄၂ တွင်၊ မာရိနှင့် ယေရှုတွေ့ဆုံခြင်းတွင် ဘုရားသခင်ကို ချစ်မြတ်နိုးပုံဥပမာကို ဖော်ပြသည်။ ယေရှု၏ သွန်သင်ချက်ကိုယေရှု၏ခြေရင်း၌ထိုင်ကာ နားထောင်ရင်းဖြင့်၊ ကျွန်ုပ်တို့၏ဘဝတွင် ဘုရားသခင်ကိုပထမဦးစားပေးအဖြစ်လည်းကောင်း၊ ကိုယ်တော်၏စကားကို နာခံမှုနှင့်နားထောင်ခြင်းဖြင့် ဘုရားသခင်ကို ချစ်သင့်ကြောင်း မာရိပြသခဲ့သည်။

နောက်ဆုံးအနေနှင့်၊ လုကာ ၁၁:၁-၁၃ တွင် ဆုတောင်းခြင်းနှင့်ပတ်သက်သည့် ယေရှု၏တမန်တော်များအားသွန်သင်ချက်သည် ဘုရားသခင့်နိုင်ငံတော်၏ဆုကျေးဇူးများနှင့် ကောင်းချီးများရရှိရန် စစ်မှန်စွာနှင့် ဖွဲ့ရှိစွာဆုတောင်းရန် သွန်သင်ခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။

> ဆုတောင်းခြင်းသည် ခရစ်ယာန်များအတွက် အလွန်အရေးကြီးပါသည်။ ၎င်းသည် ယေရှု၏အသက်တာ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး၊ ကိုယ်တော်၏အသက်တာ၏ပုံသက်သေအားဖြင့် ၎င်း၏အရေးပါမှုကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ သူ၏အလုပ်တာဝန်ပိုကြီးလေ၊ သူသည်ပို၍ဆုတောင်းလေ၊ သူအနားယူနေစဉ်အချိန်၌ပင် ဘုရားသခင်၏ခွန်အားကို ရှာဖွေလေဖြစ်သည်ကို တွေ့ရသည်။ သူ့ကိုယ်သူ ဝိညာဉ်ရေးအရ ပြန်လည်ခွန်အားယူရန်အတွက် ခမည်းတော်နှင့် စဉ်ဆက်မပြတ် ပြောဆိုဆက်ဆံရန် လိုအပ်ကြောင်း သူ နားလည်သည်။ တစ်ကျိပ်နှစ်ပါးသောတပည့်တော်တို့ကို ရွေးတော်မမူမှီ၊ တစ်ယောက်သောသူသည် သူ့ကိုသစ္စာဖောက်မည်ကိုသိကာ တစ်ညလုံး ဆုတောင်းလေသည်။ အမှန်မှာ၊ ကိုယ်တော်သည် တပည့်တော်များကို ရွေးချယ်သောအခါ၊ လက်ဝါးကပ်တိုင်ကို လှမ်းမျှော်ကြည့်နေပါသည်။

ဤအချက်သည် ဓမ္မအမှုတော်မလုပ်ဆောင်မီ တစ်ညလုံး ယေရှု ဆုတောင်းခြင်း၏ အလွန်အရေးကြီးသောတစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယေရှု၏ဆုတောင်းချက်သည် ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်သည်။ နောက်ပိုင်းတွင်၊ တပည့်တော်တို့သည် အံ့ဩဘွယ်သောအမှုတို့ကြောင့် ရွှင်လန်းစွာ ပြန်လာသောအခါ၊ ယေရှုသည် ခမည်းတော်အား "ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ်တော်သည် ပညာ အလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဘော်ပြတော် မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ် ချီးမွမ်းပါ၏"ချီးမွမ်းလေသည်။ သခင်ယေရှုသည် ခမည်းတော်ကို ချီးမွမ်းသောကြောင့် ကျွန်ုပ်တို့လည်း ချီးမွမ်းသင့်သည်။ သခင်ယေရှုပင်လျှင် ဆုတောင်းခြင်းနှင့် ချီးမွမ်းခြင်းလိုအပ်ပါက၊ ကျွန်ုပ်တို့သည်သာ၍လိုအပ်ပါသည်။ အဖမ်းမခံရမီတွင် ဂေသရှေမန်ဥယျာဉ်၌ စိတ်အားထက်သန်စွာ ဆုတောင်းပြီး နောက်ဆုံးတွင် “အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသော ”ဟု ဆုတောင်း တော်မူ၏။ ထို့ကြောင့်၊ ယေရှုသည် ခမည်းတော်ထံ အလုံးစုံနာခံရန်ဖြစ်ကြောင်း ကျွန်ုပ်တို့သိမြင်နိုင်ပါသည်။ ယေရှုသည် ခမည်းတော်နှင့် သူ၏ဆက်ဆံရေး ကြောင့် ဆုတောင်းခဲ့ပြီး၊ လူသားမျိုးနွယ်အတွက် ကယ်တင်ခြင်းအစီအစဉ်ကို အပြီးသတ်ချင်ခဲ့သည်။ ဘုရားသခင်၏သားသမီးများအနေနှင့်၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းနှင့် ခမည်းတော်၏အလိုတော်ကို နာခံခြင်းသည် ကျွန်ုပ်တို့၏ အသက်တာအတွက် အရေးကြီးကြောင်း သူ၏ပုံသက်သေသည်ကျွန်ုပ်တို့အား သွန်သင်ပေးပါသည်။

**ဒေါက်တာ Peter Chow**

ခရစ်ယာန်များအတွက် ဆုတောင်းရန် အရေးကြီးသည့် အဓိက အကြောင်းရင်းသည် ကျွန်ုပ်တို့ ဆုတောင်းတိုင်း၊ ၎င်းသည် ခရစ်တော်ကို ကျွန်ုပ်တို့ယုံကြည်ကြောင်း၊ သူ၏ဧဝံဂေလိတရားကိုခံယူကြောင်းကို ဖော်ပြချက်ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းနိုင်သော တစ်ခုတည်းသောအကြောင်းပြချက်သည် ကျွန်ုပ်တို့၏အပြစ်အတွက် ယေရှုအသေခံခြင်းကြောင့်ဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ ပလ္လင်တော်ရှေ့တွင် ကျွန်ုပ်တို့အားဝင်ရောက်ခွင့်ပေးခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ထိုနေရာသို့ရောက်ရန် လမ်းပြုလုပ်ထားသောကြောင့် ဆုတောင်းခြင်း၌ ယုံကြည်မှုအပြည့်ဖြင့် ကျေးဇူးတော်၏ပလ္လင်တော်သို့ ရဲရင့်စွာချဉ်းကပ်နိုင်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ဆုတောင်းရခြင်း၏

ပထမအကြောင်းရင်းသည် ဇဝံဂေလိတရားကို ကျင့်သုံးခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းရခြင်း၏ ဒုတိယအကြောင်းရင်းသည် အရာခပ်သိမ်းအတွက် ဘုရားသခင်အပေါ် မှီခိုအားထားနေရဆဲဖြစ်ကြောင်း ဖော်ပြနေရသောကြောင့် ဖြစ်သည်။ သားသမီးများကို ကောင်းချီးပေးလိုသော ဖခင်အဖြစ် ကျွန်ုပ်တို့သည် သူ့ထံသို့လာကာ ကျွန်ုပ်တို့၏နေ့စဉ်ခွန်အားကို တောင်းကြသည်။ သို့သော် ၎င်းသည် ဘုရားသခင်ကို ကျွန်ုပ်တို့သည်ကိုးကွယ်ရာ၊ ကိုယ်တော်၏တန်ဖိုးကို ဖော်ပြရာလည်းဖြစ်သည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချီးမြှောက်ရာ၊ ကိုယ်တော်နှင့် ပြောဆိုဆက်ဆံရာ နည်းလမ်းလည်းဖြစ်သည်။ အစဉ်ဆုတောင်းခြင်းသည်၊ ကျွန်ုပ်တို့သည် နေ့စဉ်ဘုရားသခင့် မျက်မှောက်တော်အကြောင်းကို အာရုံခံစားမှုဖြင့် လျှောက်လှမ်းသည့်နေရာ၊ ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်းနှင့် ကျွန်ုပ်တို့၏ အသက်တာကိုတာဝန်ယူကြောင်းသိခြင်းစသည့် သမ္မာကျမ်းစာဖော်ပြသည့် ဤအဖြစ်မှန်ရှိပါသည်။

**ဒေါက်တာ K. Erik Thoennes**

John Wesley သည် ဆုတောင်းခြင်းသည် ဘုရားသခင်ထံ ချဉ်းကပ်ခြင်း၏ ကြီးကျယ်သောနည်းလမ်းဖြစ်ပြီး၊ ကျေးဇူးတော်၏ အဓိကအဓိပ္ပါယ်ဖြစ်သည်ဟု ဆိုသည်။ အမှန်မှာ၊ ခရစ်ယာန်ဘာသာ၏သမိုင်းကြောင်းကို သင်လေ့လာသောအခါ၊ ကျမ်းစာဖတ်ရှုခြင်းနှင့် ဆုတောင်းခြင်းတို့သည် ဝိညာဉ်ရေးရာဆိုင်ရာ စည်းကမ်းနှစ်ခုဖြစ်သည်။ ဆုတောင်းခြင်းသည် အလွန်အရေးကြီးရခြင်း၏ အကြောင်းရင်းသည် ခရစ်ယာန်ဘာသာကို မြင့်တင်အားပေးရန် ရည်ရွယ်ထားသည့် ဘုရားသခင်နှင့် ဆက်ဆံရေးမျိုးကို ဖန်တီးပေးခြင်း ကြောင့်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စကားပြောသည်၊ ဘုရားသခင်ပြောသောအရာကို နားထောင်သည်၊ ထို့နောက် ကျွန်ုပ်တို့ကြားသောအရာကို တုံ့ပြန်သည်။ ၎င်းသည် ဆက်ဆံရေးအတွက် အခြေခံဖြစ်သည်။ ထို့ပြင် ၎င်းသည်ကျွန်ုပ်တို့အတွက် ဘုရားသခင် အမှန်တကယ် လိုလားသောအရာ၊ ဆက်ဆံရေးတစ်ခုရှိဖို့ဖြစ်သည်။ ဘုရားသခင်သည် ဥယျာဉ်တွင်လျှောက်လှမ်းနေကာ အာဒံနှင့် ဧဝတို့ကို မိတ်သဟာယဖွဲ့ရန် ရှာဖွေနေသော ကမ္ဘာဦးကျမ်းထဲသို့ သင်သည်ပြန်သွားခြင်း ဖြစ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏လျှောက်လှမ်းခြင်း၊ ဘုရားသခင်နှင့် စကားပြောခြင်းနည်း ဖြစ်လာသည်။ ထိုဓမ္မသီချင်းဟောင်းတွင် "သူသည် ငါနှင့်အတူ သွားလာ၍ ငါနှင့် စကားပြောလျက်၊ ငါသည် သူ့အပိုင်ဖြစ်သည်"ဟု ဆိုသည်။ ဆိုလိုသည်မှာ၊ သင်ဆုတောင်းသောအခါ ခရစ်ယာန်ဘာသာ

ရည်ရွယ်ထားသည့်အရာ၏အတွင်းနှလုံးသားထဲကို သင်သည်
ရောက်နေပြီဖြစ်ပြီး၊ ၎င်းသည် ဆက်နွယ်နေသောကြောင့်ဖြစ်သည်။

**ဒေါက်တာ Steve Harper**

တပည့်တော်ဖြစ်ခြင်းသဘောသဘာဝကို ယေရှုသွန်သင်ပြီးနောက်၊ လုကာသည် လုကာ ၁၁:၁၄–၁၅:၃၂ တွင် ယေရှုနှင့် ဂျူးခေါင်းဆောင်များကြား တိုးများလာသောပဋိပက္ခကို အလေးပေးဖော်ပြခဲ့သည်။

## ပဋိပက္ခများတိုးများလာခြင်း

ယေရှုသည် သူ၏ခရီးစဉ်အတွင်း အနည်းဆုံးအကြောင်းပြချက်သုံးခုဖြင့် ဂျူးခေါင်းဆောင်မှုကို ရည်ရွယ်ချက်ရှိရှိ ဆန့်ကျင်ခဲ့သည်။ ပထမ၊ သူသည် ဘုရားသခင်၏လူမျိုး၏ ညံ့ဖျင်းသောခေါင်းဆောင်မှုကို ပြစ်တင်ဆုံးမလိုသည်။ ဒုတိယ၊ သူသည် လူများကို သူ့နိုင်ငံတော်သို့ ခေါ်လိုသည်။ တတိယအနေနှင့်၊ ယေရုရှလင်မြို့၌ သူ့အားလက်ဝါးကပ်တိုင်တွင်ရိုက်ထားရန် အလိုတော်ရှိပြီး၊ သို့မှသာ မိမိလူမျိုး၏ အပြစ်အတွက် အပြစ်ဖြေခြင်းကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ သူတို့အပေါ် ရှင်ဘုရင်အဖြစ် ချီးမြှောက်ခြင်းခံရန် ဖြစ်သည်။

ဥပမာ၊ လုကာ ၁၁:၁၄-၂၈ တွင်၊ ယေရှုအား "နတ်ဆိုးမင်း" ဖြစ်သည်ဟု ဂျူးများသည် ဆိုကြသည်။ သခင်ယေရှုသည် အခန်းငယ် ၂၉-၅၃ တွင် သူတို့၏ဒုစရိုက်ကို ရှုတ်ချပြီး အမင်္ဂလာများကို ကြေငြာခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

လုကာ ၁၂:၁-၃ တွင် ဖာရိရှဲများကဲ့သို့ လျှို့ဝှက်သောလူများမဖြစ်ကြစေရန် လူတို့ကို သတိပေးခဲ့သည်။ အခန်းငယ် ၄-၁၂ တွင် ဂျူးတရားဇရပ်များ၊ အုပ်စိုးသူများနှင့် အာဏာပိုင်များ၏ ကျင့်ထုံးများကို တိုက်ခိုက်ခဲ့သည်။ အခန်းငယ် ၂၂-၃၂ တွင်၊ ယုဒခေါင်းဆောင်များကဲ့သို့ လောကစည်းစိမ်နောက်ကို လိုက်စားခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏နိုင်ငံတော်ကို ရှာဖွေသူတိုင်း၏ လိုအပ်ချက်များကို ဘုရားသခင်သည်ဖြည့်ဆည်းပေးမည်ဟု အလေးပေးဖော်ပြခဲ့သည်။ အခန်းငယ် ၃၃-၅၉ တွင်၊ သူ၏နောက်လိုက်များသည် ဘုရားသခင်၏နိုင်ငံတော်ကို လက်မခံသောသူများနှင့် ဧကန်မုချ ပဋိပက္ခဖြစ်လိမ့်မည်ဟု ယေရှုသတိပေးခဲ့သည်။

လုကာ ၁၃:၁-၉ တွင်၊ သခင်ယေရှုသည် ဣသရေလလူမျိုးအားလုံး ၎င်းတို့၏အပြစ်များကို နောင်တရရန် ဖိတ်ခေါ်ခြင်းဖြင့် ဂျူးလူမျိုးတို့၏ခေါင်းဆောင်မှုကို ဆက်လက်ဆန့်ကျင်ခဲ့သည်။ ထို့နောက် အခန်းငယ် ၁၀-၁၇ တွင်၊ ဥပုသ်နေ့တွင် ဆွံ့အသောအမျိုးသမီးကို ကုသခြင်းဖြင့်၊ တရားစရပ်မှူးကို အလွန်အမျက်ထွက်စေကာ ပဋိပက္ခကို တိုးစေခဲ့သည်။ အခန်းငယ် ၁၈-၃၀ တွင်၊ ဘုရားသခင်၏နိုင်ငံတော်သည် ၎င်းတို့အား လက်ခံလိမ့်မည်ဟု ထင်မြင်ယူဆသူအများအပြားသည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်မည်မဟုတ်ကြောင်း ယေရှုသည်သွန်သင်ခဲ့ပြီး၊ အဓိကအားဖြင့် ဂျူးလူမျိုးတို့၏ခေါင်းဆောင်မှုနှင့် ၎င်းတို့၏နောက်လိုက်များကို ပြတ်သားစွာ ရှုတ်ချခဲ့သည်။ နောက်ဆုံးတွင်၊ အခန်းငယ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၃၁-၃၅ တွင် ယေရှုနှင့် ဂျူးဘုရင်ဟေရုဒ်မင်းတို့ကြား တင်းမာမှုများ တိုးလာနေကြောင်း၊ ကိုယ်တော်အား သတ်ရန်ကြံစည်လာနေကြောင်း လုကာဖော်ပြခဲ့သည်။

လုကာ ၁၄ တွင် ယေရှုသည် ဂျူးခေါင်းဆောင်မှုကို ပို၍ရန်စခဲ့သည်။ အခန်းငယ် ၁-၂၄ တွင်၊ သူသည် ဥပုဒ်နေ့တွင် လူတစ်ဦးကို ကုသပေးခဲ့ပြီး၊ ဂျူးခေါင်းဆောင်များ၏ လောကသဘောထားများကို ဝေဖန်ခဲ့သည်— ၎င်းတို့အနက်မှ တစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏နိုင်ငံတော်ကို အမွေခံမည်မဟုတ်ကြောင်း မိန့်တော်မူခဲ့သည်။ ထို့နောက် အခန်းငယ် ၂၅-၃၄ တွင်ယေရှုသည် သူ၏နောက်လိုက်များ အနေဖြင့် ဆန့်ကျင်သူများထံမှ ကြုံတွေ့ရမည့်ပဋိပက္ခကြောင့် ဤဘဝတွင် အရာအားလုံးဆုံးရှုံးရနိုင်ကြောင်းကို သတိပေးခဲ့သည်။

၁၅:၁-၂ တွင် နိဒါန်းပျိုးပြီးနောက်၊ ယေရှုသည် ပျောက်ဆုံးသွားသောအရာများဖြစ်သည့် ပျောက်သောသိုး၊ ပျောက်သောဒင်္ဂါးပြားနှင့် ပျောက်သောသားစသည့် သူ၏ပုံဥပမာများမှတစ်ဆင့် ဂျူးခေါင်းဆောင်များနှင့် ပဋိပက္ခနောက်တဖန် ရှာခဲ့သည်။ ယေရှုသည် ဖာရိရှဲများနှင့် ကျမ်းပြုဆရာများ၏ လျှို့ဝှက်မှုကို ငြင်းပယ်ရန်နှင့် လောကတွင်ပျောက်ဆုံးနေသော အပြစ်သားများကြားတွင် သူ၏သားသမီးများကို ဘုရားသခင်တွေ့ရှိသောအခါ ဝမ်းမြောက်ရန် သူ၏လူများကို ဇာတ်လမ်းတစ်ပုဒ်စီတွင် တောင်းဆိုခဲ့သည်။

တပည့်တော်ဖြစ်ခြင်းသဘောသဘာဝနှင့် ဂျူးခေါင်းဆောင်မှုများနှင့် တိုးများလာသောပဋိပက္ခများအကြောင်း ယေရှု၏သွန်သင်ချက်ကို ဖော်ပြပြီးနောက်၊ လုကာသည် လုကာ ၁၆:၁–၁၈:၃၀ တွင် တပည့်တော်ဖြစ်ခြင်းအဖိုးအခအတွက် ယေရှု၏ယေရုရှလင်မြို့သို့သွားသည့်ခရီးစဉ်အကြောင်း သူ၏မှတ်တမ်းကို အာရုံစိုက်ခဲ့သည်။

## တပည့်တော်ဖြစ်ခြင်း၏တန်ဖိုး

ယေရှုသည် မိမိ၏နိုင်ငံတော်တွင် ထိုသူတို့၏အသက်တာသည် စံနမူနာဖြစ်မည်ကို နောက်လိုက်များအား နားလည်စေလိုသည်။ သူတို့သည် လောကီခေါင်းဆောင်များ၏ နှိပ်စက်ညှဥ်းပန်းခြင်းကိုခံရမည်ဖြစ်ပြီး ဘုရားသခင်အပေါ် သစ္စာတည်မြဲရန် ရုန်းကန်ရလိမ့်မည်။ ၁၆:၁–၁၇:၁၀ မှ ယေရှုသည် တပည့်တော်ဖြစ်ခြင်းတွင် ကျွန်ုပ်တို့ပိုင်ဆိုင်သမျှအားလုံးသည် ဘုရားသခင်ပိုင်ဆိုင်ပြီး၊ သူ၏ဘဏ္ဍာစိုးများအဖြစ် သူ၏ရည်ရွယ်ချက်များအတွက် ကျွန်ုပ်တို့အားအပ်နှင်းထားကြောင်းရှုမြင်မှု ပါဝင်ကြောင်း သွန်သင်ခဲ့သည်။ လောကဆိုင်ရာကောင်းချီးများသည် ထိမိ၍လဲစေနိုင်ကြောင်း၊ ချမ်းသာသူများအား စစ်မှန်သောဧဝံဂေလိတရားကို အသိအမှတ်ပြုလက်ခံခြင်းမှ တားဆီးပိတ်ပင်သည့်တိုင်ဖြစ်စေကြောင်း သတိပေးခဲ့သည်။ နောက်ဆုံးအနေနှင့်၊ ကျွန်ုပ်တို့မည်မျှကောင်းအောင်ပြုလုပ်သည်ဖြစ်စေ ကျွန်ုပ်တို့၏ အကောင်းဆုံးလုပ်ဆောင်သောအရာသည် ဘုရားသခင်တောင်းဆိုသည်ထက် မပိုကြောင်း ယုံကြည်ခြင်းနှင့် နောင်တရခြင်းကို အားပေးခဲ့သည်။

၁၇:၁၁–၁၈:၈ တွင်၊ ယေရှုသည် ဤလောကအပေါ် နောက်ဆုံးတရားစီရင်ခြင်းကို အာရုံစိုက်ခဲ့သည်။ ဤဘဝ၌ ကျွန်ုပ်တို့ရရှိသော ကောင်းသောအရာများ၊ ကျန်းမာခြင်း၊ စည်းစိမ်ဥစ္စာများနှင့် တရားမျှတမှုတို့အားဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို မြင်သင့်ပြီး၊ ဤဘဝတွင် ကိုယ်တော်သည် ကျွန်ုပ်တို့အား ထိုအရာများဖြင့် ကောင်းချီးပေးပါစေကြောင်း ဆုတောင်းသင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့သော်နောက်ဆုံးတရားစီရင်ခြင်းတွင် ထိုအရာများအားလုံးသည်ပျက်စီးမည်ဖြစ်သည်။ စစ်မှန်သော စည်းစိမ်ဥစ္စာ၊ ကျန်းမာခြင်းနှင့် တရားမျှတမှုသည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်တွင် ချီးမြှောက်မည့် ဆုလာဘ်များ ဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ထိုနေရာတွင် ရှိနေသင့်သည်။

ဤအယူအဆများနှင့်အညီ၊ ယေရှုသည် လုကာ ၁၈:၉-၃၀ တွင် နှိမ့်ချမှုလိုအပ်ကြောင်း အလေး ပေးဖော်ပြပြီး၊ အကြောင်းမှာ နှိမ့်ချသောသူသာလျှင် ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် ကောင်းချီးမင်္ဂလာကို ရရှိမည်ဖြစ်ပြီး ထာဝရအသက်ကို အမွေခံနိုင်သောကြောင့်ဖြစ်သည်။

လုကာသည် လုကာ ၁၈:၃၁–၁၉:၂၇ တွင် ဘုရားသခင်၏အစီအစဉ်အပေါ် ယေရှု၏ဆက်ကပ် အပ်နှံမှုအား အလေးပေးခြင်းဖြင့် မိမိ၏လူမျိုးကိုကယ်တင်ရန် ယေရုရှလင်မြို့သို့သွားသော ယေရှု၏ ခရီးစဉ်မှတ်တမ်းကို နိဂုံးချုပ်ခဲ့သည်။

## ယေရှု၏ဆက်ကပ်အပ်နှံမှု

သခင်ယေရှုသည် ဘုရားသခင်၏အကြံအစည်တော်အပေါ် သူ၏ဆက်ကပ်အပ်နှံမှုကို ပထမဆုံး ပြသသည့်နည်းလမ်းမှာ လုကာ ၁၈:၃၁-၃၄ တွင် မိမိ၏အသေခံခြင်းကို ကြို၍ဟောပြောခြင်းဖြစ်သည်။ ယေရှုသည် မိမိလူမျိုးကို ကယ်တင်ရန် အသေခံရမည်ကို သိခဲ့ပြီး၊ ခမည်းတော်၏အစီအစဉ်ကို လိုက်နာ ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။

၎င်းနောက်၊ ယေရှုသည် လုကာ ၁၈:၃၅-၄၃ တွင် ကိုယ်တော်ကုသပေးခဲ့သောမျက်စိကန်းသော သူ၊ လုကာ ၁၉:၁-၁၀ တွင် ကိုယ်တော်ခေါ်ခဲ့သော အခွန်ခံဇက္ခဲကဲ့သို့သော သူကယ်တင်ရန်ကြွလာသော လူများကို သခင်ယေရှုသည်ကောင်းချီးပေးခြင်းဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်တွင် သူ၏ ဆက်ကပ်အပ်နှံမှုကို ပြသခဲ့သည်။ ဤလူများသည် လူ့အဖွဲ့အစည်း၏ ငြင်းပယ်မှုခံရလေ့ရှိပါသည်။ သို့သော် ဟေရှာယ ၆၁:၁-၂ ပါဂတိတော်များနှင့်အညီ၊ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်တွင် ကြီးစွာ သောအမွေကို ရရှိကြမည်ဖြစ်သည်။ လုကာ ၁၉:၉-၁၀ တွင် ဇက္ခဲအကြောင်း ယေရှုပြောခဲ့သည့်အတိုင်း_

> ယေရှုကလည်း၊ ဤသူသည် အာဗြဟံ၏သားဖြစ်သည်နှင့်အလျောက်၊ ယနေ့ပင်
> ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ်အပေါ်မှာ သက်ရောက်လေ၏။
> လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ
> ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော် မူ၏ (လုကာ ၁၉:၉-၁၀)။

နောက်ဆုံး၊ လုကာ ၁၉:၁၁-၂၇ တွင်၊ ယေရှုသည် မင်းကြီးသည်အဝေးသို့ထွက်သွားစဉ်တွင် ငွေ အပ်နှင်းခြင်းခံထားရသော ငယ်သား၏ပုံဥပမာကို မိန့်တော်မူခဲ့သည်။ ဤပုံဥပမာသည် ဘုရားသခင်၏ နိုင်ငံတော်တွင် ကျွန်ုပ်တို့အမွေခံလိုပါက၊ ယေရှုကဲ့သို့ ဘုရားသခင်၏အကြံအစည်ကို နာခံရမည့် အကြောင်းကို သက်သေပြနေပါသည်။

ယေရုရှလင်မြို့သို့သွားသော ယေရှု၏ခရီးစဉ်ကို ဖော်ပြပြီးနောက် လုကာသည် ယေရုရှလင်မြို့၌ ယေရှု၏အမှုတော်ဆောင်ခြင်းကို တင်ပြခဲ့သည်။ ဤသည်မှာ လုကာခရစ်ဝင်ကျမ်း၏ ပဉ္စမမြောက် အဓိကအပိုင်းဖြစ်ပြီး ၁၉:၂၈–၂၁:၃၈ တွင်တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ယေရုရှလင်မြို့နှင့် အနီးဝန်းကျင်တွင် ယေရှု၏ ဓမ္မအမှုတော်ဆောင်ခြင်း

ယေရုရှလင်မြို့၌ ယေရှု၏ဓမ္မအမှုတော်ဆောင်ခြင်းအကြောင်း လုကာ၏ဖော်ပြမှုသည် လုကာ ၁၉:၂၈-၄၄ တွင် အစပြုကာ ယေရုရှလင်မြို့သို့ ကြွလာစဉ် လူအုပ်ကြီးသည် ကြွေးကြော်သံများဖြင့် ယေရှုကို ကြိုဆိုခဲ့ကြသည်။ မြို့ထဲသို့ဝင်ပြီးနောက် ယေရှု၏ပထမဆုံးလုပ်ဆောင်မှုသည် ရောင်းဝယ်ဖောက်ကားပြုနေများကိုနှင်ထုတ်ခြင်းဖြင့် ဗိမာန်တော်ကိုသန့်ရှင်းစေခြင်းဖြစ်သည်။ ဤဖြစ်ရပ်ကို လုကာ ၁၉:၄၅-၄၆ တွင် တွေ့ရသည်။ ဤရှင်းလင်းခြင်းသည် ဂျူးဝတ်ပြုကိုးကွယ်ခြင်းနှင့် အသက်တာကို ထိခိုက်စေသည့် အပြစ်ရှိသောအကျင့်များကို ရှုတ်ချမှုဖြစ်ပြီး၊ ထို့အတွက်ကြောင့် ဂျူးခေါင်းဆောင်မှုကို ကြီးမားစွာစော်ကားမှုဖြစ်ခဲ့သည်။

> ဓမ္မသစ်ကျမ်းရှိ သွန်သင်ချက်များကို နားလည်ရန် လိုအပ်သကဲ့သို့ ယေရှု၏ ဗိမာန်တော် သန့်ရှင်းခြင်းဆိုင်ရာ အဖြစ်အပျက်များကို နားလည်ရန်အတွက် ဓမ္မဟောင်းသမိုင်းနောက်ခံကို ကျွန်ုပ်တို့ နားလည်ရန်လိုအပ်ပါသည်။ ဓမ္မဟောင်းကို ပြန်လည်ကိုးကားရန် လိုပါသည်။ ၃ ဓမ္မရာဇဝင်ကျမ်း အခန်းကြီး ၈ တွင် ဗိမာန်တော်အားဆက်ကပ်အပ်နှံခြင်းအကြောင်းကို မှတ်တမ်းတင်ထားသည်။ ဗိမာန်တော်ကို နှစ်အတော်ကြာ ဆောက်လုပ်ခဲ့သည်။ ဆောက်လုပ်ပြီးသောအခါ၊ ရှောလမုန်မင်းကြီးနှင့် ဣသရေလလူတို့သည် ဗိမာန်တော်ကို ဆက်ကပ်အပ်နှံခြင်းပြုကြသည်။ ရှောလမုန်မင်းကြီးသည်၊ “ဤအရပ်၌ ဆုတောင်းသောအခါ ကိုယ်တော်ကျွန်နှင့် ကိုယ်တော်၏လူ ဣသရေလတို့၏ ပဌနာစကားကို နားထောင်တော်မူပါ။ ကောင်းကင်ဘုံမှ နားထောင်တော်မူပါ။ အပြစ်များကိုခွင့်လွှတ်ပေးသနားတော်မူပါ" ဟု ဆုတောင်းခဲ့သည်။ ထို့အပြင် ရှောလမုန်မင်းကြီးသည် ဘုရား၏ကြီးမြတ်သော နာမတော်ကိုကြားသိသော တိုင်းတစ်ပါးဝေးကွာသောပြည်မှလာ၍ ဗိမာန်တော်သို့ဆုတောင်းသောအခါ၊ မြေကြီးသားအပေါင်းတို့သည် ဘုရားသခင်၏နာမတော်ကိုသိ၍ ကြောက်ရွံ့ခြင်းရှိစေခြင်းငှာ သူတို့၏ဆုတောင်းချက်များကို ဘုရားသခင်နားညောင်းတော်မူမည့်အကြောင်း လည်း ဆုတောင်းခဲ့သည်။ ဘုရားသခင့်နာမည်အတွက် ဗိမာန်တော်ကို တည်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့်၊ ယေရှုခေတ်တွင်၊ ဘာသာရေး အာဏာပိုင်များသည် ဗိမာန်တော်ကို ဈေးပြတွင်းအဖြစ် ပြုလုပ်သောအခါ၊ ဗိမာန်တော်သည် ဘုရားသခင်၏နာမတော်နှင့် ဆက်စပ်နေသောကြောင့် ဘုရားသခင်၏နာမတော်ကို ရှုတ်ချခဲ့ကြသည်။ ထို့အပြင်၊ ယေရှုသည် ဗိမာန်တော်ကို သန့်ရှင်းစေသောအခါ ပုံဆောင်အဓိပ္ပါယ်လည်း ရှိပါသည်။ ဗိမာန်တော်သည် သခင်ယေရှုကိုညွှန်ပြသည်၊ အကြောင်းမှာ သူသည် စစ်မှန်ပြီး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးဗိမာန်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခမည်းတော်ထံ ယေရှု၏နာမကိုအမှီပြု၍ ဆုတောင်းသောကြောင့်၊ သခင်ယေရှုသည် လာမည့်လူမျိုးအားလုံးအတွက် ဗိမာန်တော်၏အဖြစ်မှန်ဖြစ်သည်။ ထို့ကြောင့်၊ ဓမ္မဟောင်းကျမ်းမှ ဗိမာန်တော်ကို နားလည်ပါက၊ ဗိမာန်တော်ကို ယေရှု သန့်ရှင်းစေခြင်း၏အဓိပ္ပါယ်နှင့် ဘုရားသခင်၏နိုင်ငံတော်ကြွလာခြင်းနှင့် ၎င်း၏ဆက်စပ်မှုကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။

**ဒေါက်တာ Peter Chow**

ယေရှုအနေဖြင့် ဝမ်းနည်းဆုံးဖြစ်ပုံရသောအရာသည် ဗိမာန်တော်နယ်မြေ၊ တစ်ပါးအမျိုးသားများ၏အရပ်၊ စကြဝဠာဖန်ဆင်းရှင်၏ မျက်မှောက်တော်သို့ တိုးဝင်ကာ ထိုသူများဝင်ရောက်လာနိုင်သည့်နေရာဖြစ်ပြီး၊ လူမျိုးတကာ လာနိုင်သည်။ ထိုသူတို့သည် ယုဒလူများအတွက်သာသတ်မှတ်ထားသော ဗိမာန်တော်အတွင်းပိုင်းထဲသို့ မဝင်နိုင်ဘဲ၊ အပြင်တန်တိုင်းသည် လူမျိုးများ၊ တစ်ပါးအမျိုးသားများအတွက် ဖြစ်သည်၊ ထိုသူတို့သည် လာနိုင်သည်၊ ဆုတောင်းနိုင်ပါသည်။ ဆုတောင်းရန်နေရာမရှိသည်ကို တွေ့ရသည်။ ထိုနေရာ၏ ရည်ရွယ်ချက်အစစ်အမှန်နှင့်ပတ်သက်၍ တစ်ပါးအမျိုးသားများအတွက် နေရာမရှိပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့မြင်ရသည်မှာ သခင်ယေရှုသည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်နေပြီး၊ လူမျိုးများလာရောက် ဆုတောင်းနိုင်စေရန် ထိုနေရာကို ရှင်းလင်းပေးခြင်းဖြင့် ပြန်လည် တည်ဆောက်နေခြင်းဖြစ်သည်။

**ဒေါက်တာ Gregory R. Perry**

လုကာ ၁၉:၄၇–၂၁:၃၈ တွင်ကျွန်ုပ်တို့ဖတ်ရသည်အတိုင်း၊ ယေရှုသည် ဘုရားသခင်၏ နိုင်ငံတော်အကြောင်း ဟောပြောပြီး၊ ဗိမာန်တော်တွင် နောက်ရက်များစွာကြာအောင် သွန်သင်ခဲ့သည်။ ဤအတောအတွင်း၊ ဂျူးခေါင်းဆောင်များနှင့် သူတို့၏အကျင့်များကို ဆက်လက်ရှုတ်ချပြီး၊ သူတို့သည် ကိုယ်တော်၏အခွင့်အာဏာကို ဆက်လက်စိန်ခေါ်နေသောကြောင့် ပဋိပက္ခပြင်းထန်လာခဲ့သည်။ လုကာ ၂၀:၂၀ တွင် ပညတ္တိကျမ်းဆရာများနှင့် ယဇ်ပုရောဟိတ်အကြီးတို့ ပြုမူသည်ကို နားထောင်ပါ_

> ထိုအခါ ဖာရိရှဲတို့သည် ကိုယ်တော်ကိုချောင်းမြောင်းလျက်၊ စကားတော်၌ အပြစ်ကိုရှာ၍ မြို့ဝန်မင်း လက်သို့ အပ်နှံသောခွင့်ကိုရခြင်းငှါ သူတော်ကောင်း ဖြစ်ယောင်ဆောင်သောသူလျှိုတို့ကို အထံတော်သို့ စေ လွှတ်ကြ၏ (လုကာ ၂၀:၂၀)။

သို့သော် ဆိုးညစ်သူများသည် သူ့ကိုထောင်ချောက်ဆင်ဖမ်းဆီးရန် ကြိုးစားနေသောကြောင့် ယေရှုသည်သမ္မာတရားကိုဟောပြောခြင်း ရပ်မသွားခဲ့ပါ။ ၎င်းအစား သူတို့ကို ပွင့်လင်းစွာ ဆုံးမတော်မူသည်။ လုကာ ၂၀:၄၆-၄၇ ၌ လူတို့ကို မိန့်တော်မူသည့်အတိုင်း_

> ကျမ်းပြုဆရာတို့ကို ရှောင်ကြလော့။ သူတို့သည် ရှည်သောအင်္ကျီကို ဝတ်လျက်လည်ခြင်းငှါ အလိုရှိ ကြ၏။ ဈေး၌ရိုသေစွာ နှုတ်ဆက်ခြင်းကိုငှင်း၊ ပွဲသဘင်၊ တရားစရပ်တို့၌ မြင့်မြတ်သောနေရာထိုင်ရာကိုငှင်း နှစ်သက်ကြ၏။ သူတို့သည် မုတ်ဆိုးမအိမ်ကို လုယူသိမ်းစား၍ အပြစ်မပေါ်စေခြင်းငှါ ရှည်စွာသော ပဌနာစကားကို ရွတ်တတ်ကြ၏။ ထိုသူတို့သည် သာ၍ကြီးစွာသော ဒဏ်ကိုခံရကြလတံ့ဟု မိန့်တော်မူ၏ (လုကာ ၂၀:၄၆-၄၇)။

ယေရှုသည် ယေရုရှလင်မြို့အနီးသို့ရောက်သောအခါ၊ ဣသရေလလူတို့သည် သူ့ကိုမေရှိယကယ်တင်ရှင်အဖြစ် လက်ခံရန်ငြင်းဆိုကာ မြို့ပျက်သုဉ်းခြင်းကို ပရောဖက်ပြုစေကြသည်။ သို့သော် ဤကပ်ဆိုးကြီးသည်ပင်လျှင် တရားစီရင်ခြင်းကြီး၏ နမူနာတစ်ခုမျှသာ ဖြစ်လိမ့်မည်။ နောက်ဆုံးသောနေ့၌၊ ယေရှုသည်ဘုန်းတန်ခိုးအားဖြင့် ကြွလာတော်မူသောအခါ၊ လူအပေါင်းတို့သည် ရှေ့တော်၌ ရင်ဆိုင်ဖြေရှင်းရကြလိမ့်မည်။ ထိုအကြောင်းကြောင့်၊ ယေရှုသည် သူ့အား လုံ့လဝီရိယဖြင့် နာခံရန်နှင့်သူပြန်ကြွလာမည့်အချိန်ကို သေချာစွာစောင့်နေရန် သူ၏တပည့်တော်များကို မိန့်တော်မူခဲ့သည်။

ယေရုရှလင်မြို့၌ဆောင်ရွက်သော ယေရှု၏ဓမ္မအမှုတော်ကို ဖော်ပြပြီးနောက်၊ ရှင်လုကာခရစ်ဝင်ကျမ်း၏နောက်ဆုံးအဓိကအပိုင်း_ ယေရုရှလင်မြို့အပြင်ဘက်တွင် ယေရှု၏လက်ဝါးကပ်တိုင်တွင် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာဇာတ်ကြောင်းကို လုကာ ၂၂:၁–၂၄:၅၃ တွင်တွေ့ရှိရသည်။

# ယေရှုအားကားစင်တင်ခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း

သူ၏ခရစ်ဝင်ကျမ်း၏ဤအပိုင်းတွင်၊ ယေရှုသည် သူ၏လူများအတွက် ကယ်တင်ခြင်းအမှန်တကယ် ပြီးမြောက်ကြောင်းကို လုကာရှင်းပြသည်။ ကိုယ်တော်သည် အပြစ်ဖြေရာယဇ်အဖြစ် မိမိကိုယ်ကိုပူဇော်ခြင်းဖြင့် ကောင်းကင်ခမည်းတော်၏အစီအစဉ်ကို ပြီးမြောက်စေခဲ့သည်။ ခမည်းတော်ဒါဝိဒ်၏ ရာဇပလ္လင်ကို ချီးမြောက်ခြင်းခံရသဖြင့်၊ ယခု မိမိလူတို့ကို ရှင်ဘုရင်အနေဖြင့် အုပ်စိုးတော်မူသည်။

ယေရှု၏ ကားစင်တင်ခံရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ လုကာ၏ဖော်ပြမှုကို အပိုင်းနှစ်ပိုင်းခွဲနိုင်သည်။ ယေရှု၏ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ဖြစ်သည်။ လုကာ ၂၂:၁–၂၃:၅၆ တွင် ယေရှု၏ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့် အသေခံခြင်းတို့ကို ဦးစွာကြည့်ရှုကြပါစို့။

## ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့် သေဆုံးခြင်း

သခင်ယေရှု၏ ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့် အသေခံခြင်းမှတ်တမ်းသည် လုကာ ၂၂:၁-၆ တွင် ယေရှုကို သစ္စာဖောက်ရန် ကြံစည်မှုဖြင့် စတင်သည်။ ထို့နောက် အခန်းငယ် ၇-၃၈ တွင် မှတ်တမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တင်ထားသော နောက်ဆုံးညစာစားပွဲအတွင်း၊ ယေရှုသည် ယုဒ၏သစ္စာဖောက်မှုအကြောင်း၊ ပေတရုသည် ယေရှုနောက်တော်သို့မလိုက်ငြင်းပယ်မည့်အကြောင်းတို့ကို ပရောဖက်ပြုခဲ့သည်။ သို့သော် ဤမှောင်မိုက်သောဟောကိန်းများအလယ်တွင်၊ ကိုယ်တော်သည် သူ၏နိုင်ငံတော်တွင် တပည့်တော်တို့၏နေရာနှင့်ပတ်သက်၍လည်းကောင်း၊ ဤအဖြစ်အပျက်အားလုံးကို ထိန်းချုပ်နိုင်ကြောင်းကို တပည့်တော်များအား အာမခံခဲ့သည်။

နောက်ဆုံးညစာစားပွဲပြီးနောက်၊ လုကာ ၂၂:၃၉-၄၆ တွင် သံလွင်တောင်ပေါ်တွင် ယေရှု၏ဆုတောင်းချက်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ သခင်ယေရှုသည် ဆုတောင်းနေစဉ်အတွင်း ပြင်းစွာသောဝေဒနာကို ခံစားခဲ့ရသည်၊ ချွေးသွေးကျသည်ကိုမြင်ရသည်၊ ဖြစ်နိုင်လျှင်ကားစင်တင်ခြင်းမှ ရှောင်ရန်ခမည်းတော်သည် တနည်းတဖုံ ခွင့်ပြုတော်မူလိုသော ဆန္ဒအားဖြင့် ဆုတောင်းသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ သို့သော်၊ ယေရှုသည် ကောင်းကင်ခမည်းတော်အပေါ် ခိုင်မာသောယုံကြည်ကိုးစားမှုသို့မဟုတ် ခမည်းတော်၏အစီအစဉ်ကို ဆက်ကပ်အပ်နှံမှုပြုခြင်း၌ မည်သည့်အခါမျှ မယိမ်းယိုင်ခဲ့ပါ။

လုကာ ၂၂:၄၇-၅၃ တွင် ယေရှုအဖမ်းခံရခြင်း၊ အခန်းငယ် ၅၄-၆၂ တွင် ပေတရု၏ငြင်းဆိုမှုဖြစ်ရပ်များအပြင်၊ ဂျူးခေါင်းဆောင်များဖြစ်သည့် ပိလတ်မင်းနှင့် ဟေရုဒ် ၂၂:၆၃–၂၃:၂၅ တို့တွင် ယေရှု၏ရုံးတင်စစ်ဆေးခြင်းများတွင် တွေ့နိုင်သည်။ ဟေရုဒ်နှင့်ပိလတ်တို့သည် ရောမအပေါ် ယေရှု၏အပြစ်သည် သေထိုက်သောရာဇဝတ်မှုမျိုးမရှိကြောင်း တွေ့ရှိခဲ့ကြသည်။ သို့ရာတွင် ပိလတ်မင်းသည် ဂျူးခေါင်းဆောင်များနှင့် လူအုပ်ကြီး၏ ဖိအားပေးမှုကို ခံခဲ့ရပြီး အပြစ်မဲ့ယေရှုအား လက်ဝါးကပ်တိုင်တွင် အသေသတ်ခြင်းကို ခွင့်ပြုခဲ့သည်။

> လူများတို့သည် ယေရှုအား ရုံးတင်စစ်ဆေးခြင်းနှင့် အသေခံခြင်းတွင်
> လူအုပ်ကြားမှ တုံ့ပြန်မှုအကြောင်း ခရစ်ဝင်ကျမ်းများကို ဖတ်ရသောအခါ
> တခါတရံတွင် ပဟေဠိဖြစ်တတ်ကြသည်၊ လူအုပ်ကြီးသည် ဗာရဗ္ဗကိုလွှတ်ကာ
> ယေရှုကိုသတ်ပစ်ရန်တောင်းဆိုကြသည်။ အဖြေတစ်ခုမှာ၊ လူ့အပြစ်၏
> နက်ရှိုင်းမှု၊ လူသည်အလွန်အပြစ်များပြီး၊ မတရားမှုကိုလုပ်တတ်သော
> သဘာဝရှိသည်ကို စိတ်ထဲတွင် စွဲမှတ်ထားရန်လိုပါသည်။ ထို့ပြင်
> လူစုလူဝေး၏ခံစားချက်အမြင်များနောက်လိုက်ကာ အမှားလုပ်မိသည်မျိုး
> ကြုံရတတ်ပြီး၊ ၎င်းသည်ကျွန်ုပ်တို့ကို ထိုအခိုက်အတန့်တွင်
> သက်တောင့်သက်သာရှိစေသည် သို့မဟုတ် လူကြိုက်များစေမည့်အရာ
> ဖြစ်လိမ့်မည် သို့မဟုတ်—ကျွန်ုပ်တို့သည် အမှားကိုဆက်လုပ်တတ်ကြသည်။
> ယေရှု၏ရုံးတင်စစ်ဆေးခြင်းတွင် ၎င်းအစိတ်အပိုင်းတစ်ခု ရှိကောင်းရှိမည်ဟု
> ထင်ပါသည်။ သတိပြုရမည့်အချက်မှာ ထိုနေရာတွင်ရှိနေသောလူအုပ်သည်
> ယေရှုကိုဆန့်ကျင်သောဖာရိရှဲများနှင့် အမှန်တကယ် သဘောတူသော
> လူအုပ်ဖြစ်နိုင်ပါသည်။ ယေရှုကိုကြောက်ရွံ့သော ယဇ်ပုရောဟိတ်အကြီးတို့သည်
> မိမိတို့၏အခွင့်အာဏာကို ရောမလူတို့သိမ်းယူမည်ကို စိုးရိမ်ကြသည်။
> ယေရှုအား တစ်စုံတစ်ရာမပြုလုပ်ပါက ရောမများနှင့် နိုင်ငံရေးအရ

> ဒုက္ခရောက်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် တစ်ဖက်တွင် သတ္တိကြောင်သည့် လုပ်ရပ်များ ရှိသည်။ လူများအားသတ္တိမဲ့စေသော ဖာရိရှဲများ၏ လွဲမှားသော လုပ်ရပ်များ၊ ယေရှုကို ဆန့်ကျင်ခြင်းသည် ဓမ္မပညာအရလွဲမှားပြီး ထိုအကြောင်းပြချက်ကြောင့် ကိုယ်တော့်ကို ဖယ်ရှားလိုသူများလည်း ရှိသည်။ ထို့ကြောင့်၊ စည်းဝေးသောလူအုပ်သည်လူအားလုံးမဟုတ်ပါ၊ ၎င်းတို့သည် ယေရှုကိုဆန့်ကျင်သူများနှင့် သဘောတူနိုင်ဖွယ်ရှိသည့် ရွေးချယ်ထားသော လူအုပ်စုဖြစ်သည်။ အသင်းတော်၏ ကနဦးကာလများတွင် ခရစ်ယာန်များ အားလုံးသည် ဂျူးများဖြစ်ပြီး၊ တမန်တော်များသည် ဂျူးများဖြစ်ကြသည်၊ ယေရှုကိုယ်တိုင်သည် ဂျူးလူမျိုးဖြစ်ပြီး ယေရှုအပေါ် အကောင်းမြင် စိတ်ထားရှိသော ဂျူးများစွာရှိကြောင်း သတိရရန်မှာ အလွန်အရေးကြီးပါသည်။ လက်ဝါးကပ်တိုင်ပေါ် သတ်ပစ်ရန်အော်ဟစ်သူများသည် ဓမ္မအမှုတော်ဆောင်စဉ် တွင် သခင်ယေရှုနှင့် ထိတွေ့ဆက်ဆံခဲ့ဖူးကြသူများထဲမှ အနည်းစုဖြစ်နိုင်ပါသည်။

**ဒေါက်တာ Frank Thielman**

စိတ်ဝင်စားစရာမှာ၊ ယေရှု၏ဖမ်းဆီးခံရမှုနှင့် ရုံးတင်စစ်ဆေးခြင်းများအကြောင်း လုကာ၏ ဇာတ်လမ်းသည် ယေရှု၏အသေခံခြင်းအပေါ် အာရုံမစိုက်ဘဲ၊ ခရစ်တော်အဖြစ် သူ၏လက္ခဏာကို အာရုံစိုက်သည်။ လုကာ ၂၂:၆၇-၇၀ တွင် ယေရှုနှင့် ဂျူးခေါင်းဆောင်များကြား ဖလှယ်မှုကို နားထောင် ပါ_

> သင်သည် ခရစ်တော်မှန်လျှင် ငါတို့အား ပြောလော့ဟုဆိုကြ၏။ ယေရှုကလည်း၊ ငါပြောလျှင် သင်တို့ သည် မယုံ။ ငါမေးလျှင်လည်း သင်တို့သည် မဖြေဘဲ၊ ငါ့ကို မလွှတ်ဘဲနေကြလိမ့်မည်။ နောက်၌ လူသားသည် ဘုရားသခင်၏ တန်ခိုးတော် လက်ျာဘက်၌ ထိုင်တော်မူလတံ့ဟု မိန့်တော်မူသော်၊ ထိုသူအပေါင်းတို့က၊ သို့ဖြစ်၍ သင်သည် ဘုရားသခင်၏ သားတော်မှန်သည်တကားဟု ဆိုကြလျှင်၊ သင်တို့ဆိုသည်အတိုင်းမှန်သည်ဟု မိန့်တော်မူ၏ (လုကာ ၂၂:၆၇-၇၀)။

ဤကျမ်းပိုဒ်တွင်၊ ယေရှုသည် သူ့ကိုယ်သူ ခရစ်တော်၊ လူသားနှင့် ဘုရားသခင်၏သားတော်ဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်။ ဤအသုံးအနှုန်းများအားလုံးသည် ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ပြုထား သည့် မေရှိယဖြစ်ကြောင်းကို ရည်ညွှန်းသည်။

သူ၏ရုံးတင်စစ်ဆေးခြင်းများပြီးနောက်၊ ယေရှု၏ ကားစင်တင်အသေခံခြင်းကို လုကာ ၂၃:၂၆-၄၉ တွင် ဖော်ပြထားသည်။ အခန်းငယ် ၄၃ နှင့် ၄၆ တွင်၊ လုကာသည် အခြားခရစ်ဝင်ကျမ်းရေးသူ မည်သူမျှ မဖော်ပြခဲ့သော လက်ဝါးကပ်တိုင်၌သခင်ယေရှုမိန့်တော်မူသော စကားများကို ကျွန်ုပ်တို့ အတွက်နှစ်ကြိမ်ကိုးကားဖော်ပြခဲ့သည်။ ဤစကားများသည် သူ၏ခရစ်ဝင်ကျမ်းတွင် လုကာ အကြိမ်ကြိမ်ပြောခဲ့သောအချက်နှစ်ချက်ကို အလေးပေးဖော်ပြသည်_ ပထမအချက်၊ ယေရှုသည်

ကူကယ်ရာမဲ့သူများအတွက် သနားကြင်နာမှုအပြည့်ရှိခြင်း၊ ဒုတိယအချက်၊ ယေရှုသည်ဤဖြစ်ရပ်များအားလုံးကို ထိန်းချုပ်ထားသည့် ခမည်းတော်အား ယုံကြည်ကိုးစားခြင်းပင်ဖြစ်သည်။ လုကာ ၂၃:၄၃ တွင်၊ ယေရှုသည် သူ့အနား လက်ဝါးကပ်တိုင်ပေါ် ရှိ သူခိုးအား သနားသောစိတ်နှင့် ဤစကားများဖြင့် နှစ်သိမ့်ပေးခဲ့သည်။

> ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏ (လုကာ ၂၃:၄၃)။

အခန်းငယ် ၄၆ တွင်၊ ယေရှုသည် ခမည်းတော်အား ယုံကြည်စိတ်ချစွာ ကြွေးကြော်ခဲ့သည်–

> အိုအဘ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏ (လုကာ ၂၃:၄၆)။

ကျွန်ုပ်တို့၏သခင်မသေဆုံးမီ နောက်ဆုံးအချိန်များသည် အခြားသူများအတွက် သနားကြင်နာမှုနှင့် ခမည်းတော်အားကိုးစားခြင်းတို့ဖြင့် ပြည့်နှက်နေကြောင်း လုကာသည် ရှင်းလင်းစွာဖော်ပြခဲ့သည်။ ထို့နောက်၊ လုကာ ၂၃:၅၀-၅၆ တွင်၊ လုကာသည် ဥပုဒ်နေ့စတင်တော့မည်ဖြစ်သောကြောင့် ကိုယ်တော်၏ရုပ်အလောင်းကိုမြှုပ်နှံခြင်းမပြုမီ ထွင်းထုထားသောကျောက်သင်္ချိုင်းထဲတွင် ထားသည့်မှတ်တမ်းကို တင်ပြခဲ့သည်။

ညှဉ်းပန်းနှိပ်စက်ခံရသော လုကာ၏စာဖတ်သူများသည် ယေရှု၏ဆင်းရဲဒုက္ခများကို မြင်ရန်မခဲယဉ်းပါ။ မည်သို့သော နှိပ်စက်ညှဉ်းပန်းခြင်းကိုသူတို့ခံစားရသည်ဖြစ်စေ၊ ခရစ်တော်သည်သာ၍ တွေ့ကြုံခံစားခဲ့ရသည်။ ထို့ထက်မက၊ ကိုယ်တော်သည် သူတို့အတွက် ခံစားပေးခဲ့သည်။ အကယ်၍ သူတို့၏သခင်သည် သူတို့အတွက်ဆင်းရဲဒုက္ခခံ၍ အသေခံရန်ပင် ဆန္ဒရှိခဲ့ပါက၊ သူတို့သည်လည်း ကိုယ်တော်အတွက် အသေခံရန် ဇောက်မလွဲဆန္ဒရှိသင့်သည်။ သို့သော်၄င်းသည် အကြွေးမျှသာမဟုတ်ပါ။ ယေရှုသည် နာခံမှုနှင့် ဆင်းရဲဒုက္ခများအတွက် ချီးမြှောက်ခြင်းခံရသကဲ့သို့၊ နာခံမှုရှိသော နောက်လိုက်များသည်လည်း ၄င်းတို့၏ ဆင်းရဲဒုက္ခများအတွက်ချီးမြှောက်ခြင်းခံရမည်ဖြစ်သည်။

နောက်ဆုံးတွင်၊ ယေရှု၏ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့်သေခြင်းဆိုင်ရာဖြစ်ရပ်များကို ဖော်ပြပြီးနောက်၊ လုကာသည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းမှတ်တမ်းနှင့် လုကာ ၂၄:၁-၅၃ တွင် သူ၏ခရစ်ဝင်ကျမ်းကို နိဂုံးချုပ်ခဲ့သည်။

## ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်း

လုကာ ၂၄:၁-၁၂ တွင် ယေရှု၏ဗလာကျင်းသင်္ချိုင်း၊ ကောင်းကင်တမန်နှင့် တပည့်တော်များ၏ မယုံသင်္ကာဖြစ်ခြင်းကို ရှာဖွေတွေ့ရှိကြောင်း လုကာဖော်ပြခဲ့သည်။ ကြိုတင်မိန့်တော်မူထားသည့်အတိုင်း ယေရှုသည် သေခြင်းမှ ထမြောက်တော်မူခဲ့သည်။ သူကိုယ်တိုင်အတွက်နှင့် ကိုယ်တော်ကို ယုံကြည်သူအပေါင်းအတွက် သေခြင်းတရားအား အောင်နိုင်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်ယေရှုသည် ဧမောက်မြို့သို့ တပည့်တော်နှစ်ဦးနှင့်အတူ ထိုနေ့တွင်လိုက်ပါလာသောအခါ ထိုအဖြစ်အပျက်ကို လုကာ ၂၄:၁၃-၃၅ တွင်ကောက်နှုတ်ဖော်ပြထားသည်။ ကိုယ်တော်သည် သူ၏ ဓမ္မအမှုတော်နှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာအလင်းဖြင့် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရန် သူတို့ကို သွန်သင်ပေးခဲ့သည်။ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသမျှအားလုံးသည် ယေရှုနှင့် သူ၏ ကယ်တင်ခြင်းအမှုတော်ကို ညွှန်ပြသည်။

ထို့နောက်၊ လုကာ ၂၄:၃၆-၄၉ တွင်၊ ယေရှုသည် တပည့်တော်တို့အား ထင်ရှားပြပြီး ဤဖြစ်ရပ်များကို သက်သေခံရန် သူတို့ကို အားပေးခဲ့သည်။ နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်းဆိုင်ရာ သတင်းကောင်းကို လူမျိုးအားလုံးအား ဟောပြောခြင်းဖြင့် သူ၏အမှုတော်ကို ဆက်လက်လုပ်ဆောင်ရန် သူတို့ကို အမိန့်ပေးခဲ့သည်။ ထို့နောက် လုကာသည် သူ၏ဒုတိယတွဲဖြစ်သော တမန်တော်ဝတ္ထုတွင် ဤတာဝန်အတွက် သူတို့ကို ခွန်အားပေးရန် သန့်ရှင်းသောဝိညာဉ်တော်အား စေလွှတ်မည်ဟူသော ယေရှု၏ ကတိကို ဖော်ပြခဲ့သည်။

လုကာ ၂၄:၅၀-၅၃ တွင် ယေရှု၏ကိုယ်ခန္ဓာနှင့်တကွ ကောင်းကင်သို့ တက်ကြွခြင်းနှင့်အတူ သူ၏ ခရစ်ဝင်ကျမ်းကို နိဂုံးချုပ်ခဲ့သည်။ ဤအံ့ဖွယ်အမှုကို တုံ့ပြန်သောအားဖြင့် တပည့်တော်များသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြပြီး၊ ရွှင်လန်းစွာချီးမွမ်းကြသည်။ လုကာ ၂:၁၀ တွင် ကောင်းကင်တမန်ကြေညာခဲ့သော ဝမ်းမြောက်စရာသတင်းစကားသည် နောက်ဆုံးတွင် ဘုရားသခင့်လူမျိုးထံသို့ ရောက်ရှိလာသည်။ ရှင်ပြန်ထမြောက်ပြီး အောင်ပွဲခံသောသခင်ယေရှုသည် သူတို့၏ကယ်တင်ရှင် ဖြစ်သည်။

လုကာသည် တစ်ပါးအမျိုးသားယုံကြည်သူများအနေဖြင့် ယေရှုနောက်တော်သို့လိုက်ခြင်းသည် မှန်ကန်သောရွေးချယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အာမခံရန် ကျမ်းကိုရေးခဲ့သည်။ သူ၏ခရစ်ဝင်ကျမ်း၏ ဖွဲ့စည်းပုံနှင့်အကြောင်းအရာအားဖြင့်၊ ယေရှု၏အသက်တာ၏ရှုထောင့်တိုင်းသည် ကိုယ်တော်၏နိုင်ငံတော်ကိုတည်ထောင်ရန် ဘုရားသခင့်အစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း လုကာသည်သရုပ်ပြခဲ့သည်။ ကိုယ်တော်သည် ဟေရှာယ၏ ကယ်တင်ခြင်းဆိုင်ရာ ပရောဖက်ပြုချက်များကို ဖြည့်ဆည်းရန် ကြွလာခဲ့သည့် ဒါဝိဒ်၏သားတော်ဖြစ်သည်။ ယေရှုသည် မရပ်တန့်နိုင်သောကျေးဇူးတော်နှင့် ကရုဏာတော်၏စွမ်းအားဖြစ်ပြီး လူမျိုးအားလုံးကို ကိုယ်တော်၏အုပ်ချုပ်မှုအောက်သို့ ရောက်စေမည့်သူ ဖြစ်သည်။ သူသည် ဘုရားသခင်၏ နိုင်ငံတော်ကို အမှန်တကယ် အစပြုခဲ့သည်။ သူသည် လူသားမျိုးနွယ်အားလုံးထံကယ်တင်ခြင်း ယူဆောင်လာပေးသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ပြင် ကိုယ်တော်အပေါ် သစ္စာရှိသောသူတိုင်းကို အမှန်တကယ်ကယ်တင်လိမ့်မည်။

လုကာ၏ခရစ်ဝင်ကျမ်း၏ နောက်ခံ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာတို့ကို သုံးသပ်ပြီးနောက်၊ ကျွန်ုပ်တို့သည် နောက်ဆုံးအဓိကအကြောင်းအရာကို ယခုလေ့လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ သင်ခန်းစာ၏ ဤအပိုင်းတွင်၊ လုကာအလေးပေးဖော်ပြခဲ့သော အဓိကအကြောင်းအရာအချို့ကို လေ့လာပါမည်။

# အဓိကအကြောင်းအရာများ

ယေဘုယျအားဖြင့်၊ Synoptic ခရစ်ဝင်ကျမ်း သုံးခုလုံး—မဿဲ၊ မာကု၊ နှင့် လုကာ — သည် တူညီသောဗဟိုအကြောင်းအရာကိုဖော်ပြကြသည်ဟု ဆိုနိုင်သည်။ ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာသူ ခရစ်တော်ဖြစ်သည်။ သို့သော် ခရစ်ဝင်ကျမ်းတစ်ခုစီသည် ဤဗဟိုအယူအဆကို မတူညီသောနည်းလမ်းများဖြင့် ဖော်ပြကြသည်။ ထို့ကြောင့်၊ ရှင်လုကာခရစ်ဝင်ကျမ်းတွင် ဤအယူအဆကို လေ့လာသည့်အခါ၊ ကယ်တင်ခြင်းအဖြစ် ဘုရားသခင်၏နိုင်ငံတော်အကြောင်း လုကာ၏ဖော်ပြချက်ကို အာရုံစိုက်ပါမည်။

လုကာသည် ကယ်တင်သည်၊ ကယ်တင်ခြင်း၊ ကယ်တင်ခြင်းတရားနှင့် ကယ်တင်ရှင်ဟူသော စကားလုံးများကို အနည်းဆုံး ၂၅ ကြိမ် အသုံးပြုခဲ့သည်— အခြားသော ခရစ်ဝင်ကျမ်းရေးသူများထက် ပိုများသည်။ ခရစ်တော်မပါသောကျွန်ုပ်တို့၏စိတ်ပျက်ဖွယ်အခြေအနေနှင့် ကျွန်ုပ်တို့၏ကယ်တင်ရန်လိုအပ်ခြင်းအကြောင်းကို သူသည် အလေးပေးဖော်ပြသည်။ ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံးသောကယ်တင်ခြင်းဖြစ်သည်ဟု သူသွန်သင်ခဲ့သည်။

ကယ်တင်ခြင်းဟူသော ဝေါဟာရသည် ဓမ္မဟောင်းကျမ်း၏ မေရှိယဆိုင်ရာမျှော်လင့်ချက်များတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည်။ မကောင်းမှု၏ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ခြင်းနှင့် ဘုရားသခင်၏ အပြစ်ကိုစီရင်ခြင်းမှ လွတ်မြောက်ခြင်းအဖြစ် ကျွန်ုပ်တို့ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ဓမ္မဟောင်းကာလတစ်လျှောက်လုံး၊ အထူးသဖြင့် ပရောဖက်ကျမ်းများထဲတွင်၊ မေရှိယသည် နောက်ဆုံးတွင် အပြစ်၏အကျိုးသက်ရောက်မှုများမှ ကယ်တင်ခြင်းသို့ရောက်စေခြင်း၊ အပြစ်၏မျက်မှောက်မှပင် ကယ်တင်ခြင်းသို့ရောက်စေကြောင်း သူ၏လူတို့အား ဘုရားသခင်သည်သွန်သင်ခဲ့သည်။

ကယ်တင်ခြင်းအပေါ် လုကာ၏ အလေးပေးမှုနှင့်အညီ၊ ကျွန်ုပ်တို့သည် ရှင်လုကာခရစ်ဝင်ကျမ်း၏ အဓိကအကြောင်းအရာများအကြောင်း ဆွေးနွေးချက်ကို ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်း၏ မတူညီသောရှုထောင့်များနှင့် ကိုက်ညီသော အပိုင်းသုံးပိုင်းဖြင့် ပိုင်းခြားပါမည်။ ဦးစွာ၊ လုကာ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကယ်တင်ခြင်းအကြောင်း ဖော်ပြချက်ကို သုံးသပ်ပါမည်။ ဒုတိယ၊ ဘုရားသခင်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် သူ၏သရုပ်ဖော်ပုံကို စဉ်းစားပါမည်။ တတိယ၊ ကယ်တင်ခြင်းခံရသော လူအမျိုးအစားများကို ကျွန်ုပ်တို့လေ့လာပါမည်။ ကယ်တင်ခြင်းအကြောင်း လုကာ၏ဖော်ပြချက်ဖြင့် စတင်ကြပါစို့။

## ကယ်တင်ခြင်းဆိုင်ရာဖော်ပြချက်

သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံးတွင်၊ လုကာသည် ပုဂ္ဂိုလ်ရေးဆိုင်ရာကယ်တင်ခြင်းသည် အဓိကအားဖြင့် လူများ၏အခြေအနေများကို ပြောင်းပြန်လှန်ရန်ဖြစ်ကြောင်း ပြသခဲ့သည်။ ၎င်းသည် သူတို့၏ပုဂ္ဂိုလ်များနှင့် ဘုရားသခင်ရှေ့တော်၌ ရပ်တည်မှုကို ပြောင်းလဲစေပြီး၊ ၎င်းတို့သည် ကျိန်ခြင်းအစား ကောင်းချီးခံစားရစေရန် ၎င်းတို့၏ဘဝကို ပြောင်းလဲစေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများအဖြစ် မွေးဖွားလာကြသည်။ ရလဒ်အနေနှင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြစ်တင်ရှုတ်ချမှုခံရပြီး ထာဝရပျက်စီးခြင်းသို့ ဦးတည်နေပါသည်။ သို့သော် ဧဝံဂေလိတရားသည်အပြစ်များကို ခွင့်လွှတ်ပေးသည်၊ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်စီရင်ရန် အကြောင်းမရှိတော့ပါ။ လုကာသည် မကြာခဏဆိုသကဲ့သို့၊ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်ကြား ငြိမ်သက်ခြင်းကို ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့၏အသစ်သောမျက်နှာသာပေးမှုအခြေအနေဖြင့်၊ ယေရှုပြန်လည်ကြွလာပြီး ကမ္ဘာမြေကြီးကို ပြီးပြည့်စုံစေသောအခါ၊ ကျွန်ုပ်တို့အမွေခံရမည့် ဘုရားသခင်၏နိုင်ငံတော်တွင် ထာဝရကောင်းချီးများကို ကျွန်ုပ်တို့ရရှိကြမည်ဖြစ်သည်။ ထိုကမ္ဘာသစ်တွင်၊ ဖျားနာခြင်း သို့မဟုတ် သေဆုံးခြင်း သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် နာကျင်မှုများ ရှိတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ဘဝသည် ယခုမည်သို့ပင်ရှိစေကာမူ၊ ကျွန်ုပ်တို့သည် နောင်လာမည့်ကမ္ဘာတွင် ချမ်းသာကြွယ်ဝပြီး အခွင့်ထူးခံများဖြစ်လာမည်ဖြစ်သည်။

> ရှင်လုကာခရစ်ဝင်ကျမ်းကိုဖတ်သူများသည် ယေရှု၏အသက်တာနှင့် ဓမ္မအမှုတော်၏လူမှုရေးအခြေအနေတွင်_အမျိုးသမီးများ၊ တစ်ပါးအမျိုးသားများ၊ ကလေးများ၊ စသည့်သြဇာကင်းမဲ့သောအုပ်စုများကို အထူးအာရုံစိုက်ကြောင်း မကြာခဏသတိပြုမိကြသည်။ ဤအတွက် လေးနက်သောဓမ္မပညာဆိုင်ရာ အကြောင်းပြချက်တစ်ခုရှိသည်ဟု ထင်ပါသည်။ ၎င်းသည် အစွမ်းမရှိသောသူများကို အကျိုးပြုခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏နောက်ဆုံးအချိန်အုပ်ချုပ်မှုကို လုကာနားလည်ခြင်းမှ အရင်းခံခြင်းဖြစ်သည်။ ထို့ပြင်၊ အင်အားကြီးသူများကို ထိခိုက်စေပြီး၊ အခန်းကဏ္ဍများအား အမှန်တကယ် ပြောင်းပြန်ဖြစ်စေခဲ့သည်။ အမှန်တကယ်၊ ယခုဤပြောင်းပြန်ဖြစ်သော အခန်းကဏ္ဍများသည် ခရစ်ဝင်ကျမ်းများသို့မဟုတ် ဓမ္မသစ်ကျမ်း သို့မဟုတ် နောက်ဆုံးကာလနိဂုံးပိုင်းအချိန် အယူအဆအတွက် သီးသန့်မဟုတ်ပါ၊ "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" ဟူသော အဖြစ်မှန်မျိုးဖြစ်သည်။ သမ္မာကျမ်းစာ၏ ဖွင့်လှစ်ဖော်ပြခြင်းအားဖြင့် ၎င်းကို သင်တွေ့နိုင်ပါသည်။ ဥပမာ၊ ကမ္ဘာဦးကျမ်းတွင်၊ ဒုတိယမွေးသောသားများသည် သားဦးများနေရာ၌ ရွေးချယ်ခံရတတ်ကြောင်း ထပ်ခါတလဲလဲ ကျွန်ုပ်တို့တွေ့ရသည်။ ၎င်းသည် မျှော်မှန်းချက်များ၏ ပြောင်းပြန်တစ်ခုဖြစ်သည်။ ၎င်းသည် ဓမ္မဟောင်းရှိ မျှော်လင့်ချက်များ ပြောင်းပြန်ဖြစ်ခြင်း၏ ဥပမာတစ်ခုဖြစ်ပြီး၊ လုကာအလေးထားသမျှအဆုံးသတ်ရန်၊ ဓမ္မသစ်တွင်ကျွန်ုပ်တို့ရရှိထားသောမျှော်လင့်ချက်များကို ကြီးကျယ်ခမ်းနားသောပြောင်းပြန်ဖြစ်ခြင်းတွင် ပြည့်စုံစေရန်၊ အထူးသဖြင့် အင်အားကြီးသူနှင့် စွမ်းအားမဲ့သူများ၏ ပြောင်းပြန်ဖြစ်ခြင်း ဖြစ်သည်။
>
> **ဒေါက်တာ David R. Bauer**

လုကာ ၇ တွင်၊ နှစ်ခြင်းဆရာယောဟန်သည် မေရှိယဟုတ်မဟုတ် ယေရှုအား မေးမြန်းရန် သံတမန်များ စေလွှတ်ခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ယေရှုသည် ဟေရှာယ ၆၁:၁-၂ ကို စကားပြေ ပြောခြင်းအားဖြင့် ပြန်လည်ဖြေကြားခဲ့သည်—လူထုဆိုင်ရာဓမ္မအမှုတော်အစတွင် တရားဇရပ်၌ သူ ဖတ်ခဲ့ဖူးသည့်ကျမ်းပိုဒ်ဖြစ်သည်။ လုကာ ၇:၂၂ တွင် ယေရှု၏ဖြေကြားချက်ကို နောက်တစ်ကြိမ် နားထောင်ပါ_

> မျက်စိကန်းသောသူတို့သည် မျက်စိမြင်ရကြ၏။ ခြေမစွမ်းသောသူတို့သည် လှမ်းသွားရကြ၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့ရောက်ရကြ၏။ နားပင်သောသူတို့သည် နားကြားရကြ၏။ သေသောသူတို့သည် ထမြောက်ခြင်း သို့ရောက်ရကြ၏ (လုကာ ၇:၂၂)။

ဤနေရာတွင် သခင်ယေရှုပြောခဲ့သမျှသည် ကယ်တင်ခြင်းပုံစံ၊ မကောင်းသောအခြေအနေမှ ကောင်းသောအခြေအနေသို့ ပြောင်းပြန်ဖြစ်ခြင်း ဖြစ်သည်။

မြေကြီးသစ်တွင်၊ ဤဆိုးရွားသောအခြေအနေများကို လုံးဝဖယ်ရှားပစ်မည်ဖြစ်သည်။ ယခုပင်၊ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အား ထိုထာဝရကောင်းချီးများကို ကြိုတင်၍မြည်းစမ်းစေပါသည်။ သို့သော် ကယ်တင်ခြင်း၏ ကြီးမားသော ပြောင်းပြန်လှန်မှုများသည် ကျွန်ုပ်တို့၏ အပြင်ပန်းအခြေအနေ များတွင် ကန့်သတ်မှုမရှိပါ။ သူတို့သည် ကျွန်ုပ်တို့၏ အတွင်းပိုင်း၌လည်း ပြောင်းလဲပေးပါသည်။ လုကာ ၆:၂၇-၃၆ တွင် ယေရှုပြောခဲ့သည့်အတိုင်း_

> ငါ့စကားကိုကြားရသော သင်တို့အား ငါဆိုသည်ကား၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။...သင်တို့မူကား ရန်သူတို့ကို ချစ်ကြသလော။ ကျေးဇူးပြုကြလော့။ တစုံတခုကိုရမည်ဟု မြော်လင့်ခြင်း မရှိဘဲ ချေးငှါးကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသော သူတို့အားကျေးဇူးပြုတော်မူ၏။ ထိုကြောင့် သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့ (လုကာ ၆:၂၇-၃၆)။

နိုင်ငံတော်၏ကောင်းချီးများသည် ပြင်ပအခြေအနေများကို ပြောင်းပြန်လှန်ခြင်းမျှသာမဟုတ်ပါ။ ကယ်တင်ခြင်းခံရသူများ၏ စရိုက်နှင့် အမြင်ကိုလည်း ပြောင်းပြန်လှန်ပေးသည်။ ပြင်ပပြောင်းပြန် ဖြစ်ခြင်းများကဲ့သို့ပင် ဤအတွင်းပြောင်းပြန်ဖြစ်ခြင်းများသည် လက်ရှိလောက၌ တစ်စိတ်တစ်ပိုင်းနှင့် နောက်ကမ္ဘာတွင်အပြည့်အဝ ထင်ရှားမည်ဖြစ်သည်။ ယခုတွင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ကျိမ်းဝပ်မှုကိုခံရ၍ မျက်စိအသစ်ဖြင့် ကမ္ဘာကြီးကို ကြည့်ကာ၊ ကျွန်ုပ်တို့၏စဉ်းစား တွေးတောခေါ်ခြင်း၊ ပြုမူခြင်းတို့သည် စတင်ကွဲပြားခြားနားခဲ့သည်။ ကျွန်ုပ်တို့သည် မျက်မှောက်၊ ဖောက်ပြန်ခြင်းနှင့် အပြစ်၏အကျိုးဆက်တို့မှ လုံးဝကင်းစင်သွားမည့် ကောင်းကင်နိုင်ငံတွင် ဤ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောင်းလဲမှုများ ဆက်လက်ရှိနေမည်ဖြစ်သည်။ ယေရှု ပြန်လည်ကြွလာ၍ မြေကြီးသစ်၌ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအသစ်ကို ပေးသောအခါ ၎င်းတို့သည် ပြီးပြည့်စုံလိမ့်မည်။

ဤကယ်တင်ခြင်း၏ကောင်းချီးများသည် ရှင်လုကာခရစ်ဝင်ကျမ်းတွင် ကယ်တင်ခြင်းအတွက် သင့်လျော်သောတုံ့ပြန်မှုသည် အဘယ်ကြောင့်အချိန်နှင့်အမျှ ရွှင်လန်းမှုဖြစ်ရခြင်းအကြောင်းကို ရှင်းပြသည်။ ဤသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည့်နည်းတစ်နည်းမှာ လုကာတွင်ပါဝင်သော သီချင်းများဖြစ်သည့်၊ လုကာ ၁:၆၈-၇၉ တွင် ဇာခရိသီချင်း၊ လုကာ ၁:၄၆-၅၅ တွင် မာရိ၏သီချင်းနှင့် လုကာ ၂:၂၉-၃၂ တွင် ရှိမောင်၏သီချင်းတို့ ဖြစ်သည်။ ကယ်တင်ခြင်း၌ရွှင်လန်းခြင်းအကြောင်းကိုလည်း၊ လုကာ ၁:၁၄ တွင် ဇာခရိအားပေးသော သတင်းစကားနှင့် လုကာ ၂:၁၀-၁၁ တွင် သိုးထိန်းများထံပေးသော ကြီးစွာသောရွှင်လန်းမှုသတင်းကောင်းကဲ့သို့သော ကောင်းကင်တမန်များ၏ ကြေညာချက်များတွင်လည်း ဖော်ပြထားသည်။ ရွှင်လန်းမှုသည် ပျောက်ဆုံးသွားသောသိုးများ၊ ပျောက်ဆုံးသောဒင်္ဂါးပြားနှင့် လုကာ ၁၅ တွင် ပျောက်ဆုံးသွားသောသားအကြောင်း ယေရှု၏ပုံဥပမာများ၏ တစ်သမတ်တည်းသော အကြောင်းအရာဖြစ်သည်။ သခင်ယေရှုသည် ဤနည်းဖြင့် ဝမ်းမြောက်ခြင်း၏တုံ့ပြန်မှုကို လုကာ ၆:၂၁-၂၃ တွင် အကျဉ်းချုပ်ဖော်ပြခဲ့သည်_

> ယခုတွင် ငိုကြွေးသော သင်တို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ရယ်ကြလတံ့။...ထိုကာလ၌ ဝမ်းမြောက်ခြင်းရှိကြလော့။ ရွှင်မြူးသောစိတ်နှင့် ခုန်ကြလော့ (လုကာ ၆:၂၁-၂၃)။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ရွှင်လန်းစေမည့် ကယ်တင်ခြင်းကိုပေးရန် ရည်မှန်းထားသည်။ ကျွန်ုပ်တို့၏အပြစ်များကို ဖယ်ရှားပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အား ကိုယ်တော်သည် ရွှင်လန်းစေလိုသည် —ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ငြိမ်းချမ်းသောဆက်ဆံရေးရှိသောကြောင့်ဖြစ်သည်— ကိုယ်တော်၏နိုင်ငံတော်၏ကောင်းချီးများကို အမွေခံရသောကြောင့်ဖြစ်သည်။ ဤအကြောင်းအရာသည် လုကာအတွက် အလွန်အရေးကြီးသောကြောင့် သူ၏ခရစ်ဝင်ကျမ်းကိုဤအချက်ဖြင့် အဆုံးသတ်ထားသည်။ လုကာ ၂၄:၅၂-၅၃၊ ယေရှု ကောင်းကင်ဘုံသို့ တက်ကြွပြီးနောက် တပည့်တော်များပြုမူခဲ့ပုံအား သူဖော်ပြသည်ကို နားထောင်ပါ_

> တပည့်တော်တို့သည်...အလွန်ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ယေရု ရှလင်မြို့သို့ ပြန်သွားကြ၏။ ဘုရားသခင်ကို အံ့ဩချီးမွမ်းလျက် ဗိမာန်တော်သို့ ရောက်မြဲ ရောက်ကြ၏ (လုကာ ၂၄:၅၂-၅၃)။

> ဘုရားသခင်သည် မည်သူဖြစ်သည်ကို ကျွန်ုပ်တို့မြင်သောအခါ၊ သခင်ဘုရား ကောင်းမြတ်ကြောင်းကို မြည်းစမ်း၍သိသောအခါ၊ ဝမ်းမြောက်ခြင်းသို့ ရောက်သင့်သည်၊ ၎င်းသည် မွေ့လျော်ခြင်းသို့ ဦးတည်သင့်သည်။ ကျွန်ုပ်သည် ပန်းများယူလာပြီး ဇနီးအား "ဒီမှာပန်းတွေ ဟန်နီရေ၊ ငါမင်းကို ဒီပန်းတွေ ပေးသင့်တယ်လို့ထင်တယ်" ဟု ဆိုပါက၊ ၎င်းသည် သူမ လိုချင်လိမ့်မည်မဟုတ်။ ကျွန်ုပ်သည်သူမကို ချစ်မြတ်နိုးသောကြောင့် ဝမ်းမြောက်စွာနှင့် ရွှင်လန်းမှုဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> လုပ်ဆောင်ရန် လိုအပ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၌ ကျွန်ုပ်တို့၏ မွေ့လျော်မှုသည် ဘုရားသခင်ကို အမှန်တကယ်သိကျွမ်းခြင်း၏ အခြေခံဖော်ပြချက်တစ်ခု ဖြစ်လာသည်။ ထို့ကြောင့်၊ ဘုရားသခင်၌ မွေ့လျော်ခြင်း၊ ဘုရားသခင်၌ ဝမ်းမြောက်ခြင်း၊ ကိုယ်တော်၌ ကျေနပ်ခြင်းသဘောသည် ခရစ်ယာန်အသက်တာ၏ အဓိကအချက်ဖြစ်သည်။
>
> **ဒေါက်တာ K. Erik Thoennes**

ကယ်တင်ခြင်းဆိုင်ရာ ဤဖော်ပြချက်ကိုစိတ်တွင်မှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့၏ ဒုတိယ အဓိကအကြောင်းအရာကို ကြည့်ကြပါစို့ ‒ လုကာသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် ဘုရားသခင်ကို အလေးထားသည်။

# ဘုရားသခင်သည် ကယ်တင်ရှင်

ကျွန်ုပ်တို့သည် အဆင့်သုံးဆင့်ဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် မှတ်ယူမည် ဖြစ်သည်။ ကယ်တင်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်၊ ဘုရားသခင်၏အကြံအစည်တော်နှင့်အညီ၊ ဘုရားသခင်၏သားတော်အားဖြင့် ရောက်ရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။ ကယ်တင်ခြင်း သည် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဖြစ်သည်ဟူသော အချက်ကို ဦးစွာ ကြည့်ကြပါစို့။

## ဘုရားသခင်၏ တန်ခိုးတော်

ရှင်လုကာခရစ်ဝင်ကျမ်းသည် ဘုရားသခင်သည် မိမိလူမျိုး၏ ကယ်တင်ရှင်ဖြစ်သည်ဟူသော ဓမ္မဟောင်းအယူအဆကို ပုံမှန်ဖော်ပြပါသည်။ ဥပမာ၊ ဤသည်မှာ လုကာ၏အဖွင့်အခန်းများတွင် အဓိကအကြောင်းအရာဖြစ်ပြီး၊ စာအုပ်တစ်ခုလုံးအတွက် သဘောထားဖြစ်သည်။ လုကာ ၁:၄၇ တွင် ဘုရားသခင်သည် သူမ၏ ကယ်တင်ရှင်ဖြစ်သောကြောင့် မာရိ ဝမ်းမြောက်ခဲ့သည်။ ဘုရားသခင်သည် ကယ်တင်ခြင်းယူဆောင်ပေးကြောင်း လုကာ ၁:၆၈-၇၉ တွင် ဇာခရိသီချင်းဆိုခဲ့သည်။ လုကာ ၂:၂၉-၃၀ တွင် သူငယ်တော်ယေရှုကို ကိုင်ဆောင်သောအခါ ရှိမောင်ပြောခဲ့သောစကားကို နားထောင်ပါ‒

> ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ် တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏… ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်မြင်ရပါ၏ဟု မြွက်ဆို၏ (လုကာ ၂:၂၉-၃၀)။

ရှိမောင်သည် ဘုရားသခင်အား အကြွင်းမဲ့ပိုင်သအုပ်စိုးရှင်အဖြစ်— သို့မဟုတ် ဂရိဘာသာဖြင့် *despota* — ဖန်ဆင်းခြင်းအားလုံးအပေါ် ဘုရားသခင်၏တန်ခိုးနှင့်အခွင့်အာဏာကို ရည်ညွှန်းသည်။ “ကယ်တင်သောသခင်” ဟူသောအသုံးအနှုန်းဖြင့် ဘုရားသခင်သည် ကယ်တင်ခြင်းယူဆောင်လာရန် သူ၏တန်ခိုးကို အသုံးပြုကြောင်း ရှုမောင်ဖော်ပြခဲ့သည်။

လုကာ၏ကျန်ရှိသောခရစ်ဝင်ကျမ်းတစ်ခုလုံးတွင် ဤတူညီသောအကြောင်းအရာသည် ဆက်လက်တည်ရှိနေသည်။ ဥပမာ၊ ဗတ္တိဇံဆရာယောဟန်သည် လုကာ ၃:၆ တွင် မြေကြီးတစ်ပြင်လုံးကို တန်ခိုးကြီးသောအသစ်ပြန်လည်ပြုပြင်ခြင်း၏အခြေအနေတွင် ဘုရားသခင်၏ကယ်တင်ခြင်းအကြောင်းကို ကြွေးကြော်ခဲ့သည်။ လုကာ ၁၈:၂၆-၂၇ တွင်၊ ကယ်တင်ခြင်းသည် လူအားဖြင့် မဖြစ်နိုင်သော်လည်း၊ ဘုရားသခင်အားဖြင့် အရာအားလုံးဖြစ်နိုင်သည်ဟု ယေရှုသွန်သင်ခဲ့သည်။

ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်း သူ၏စာဖတ်သူများကို လုကာသည် နားလည်စေလိုသည်။ ထို့ကြောင့်၊ လူသားတစ်ဦး၏ ခွန်အား၊ ဉာဏ်ရည်ဉာဏ်သွေး၊ စိတ်ပိုင်းဖြတ်မှု၊ သို့မဟုတ် စည်းစိမ်ဥစ္စာများဖြင့် ကယ်တင်ခြင်း မပြီးမြောက်နိုင်ပါ။ ကယ်တင်ခြင်းသည် ဘုရားသခင်နှင့် သက်ဆိုင်သည်။ သူ၏ အလုပ်ဖြစ်ပြီး၊ သူ၏တန်ခိုးအစွမ်းဖြင့် ပြီးမြောက်ခြင်း ဖြစ်သည်။ ဘုရားသခင်သာလျှင် လူတို့ကို တရားစီရင်ခြင်းမှ လွတ်မြောက်စေရန် အခွင့်အာဏာရှိသည်။ လူ၏အတွင်းပိုင်းကို ပြောင်းလဲနိုင်သောတန်ခိုးအစွမ်းသည် ဘုရားသခင်၌သာလျှင် ရှိသည်။ သူ၏နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာရန် လိုအပ်သောတန်ခိုး ဘုရားသခင်၌သာလျှင် ရှိသည်။ ထိုနိုင်ငံတော်၏ ကောင်းချီးများနှင့် သူ၏လူများကို ချီးမြှောက်ရန်အစွမ်းသည် ဘုရားသခင်တစ်ပါးတည်း၌သာ ရှိသည်။

လုကာက ကယ်တင်ခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်မှ ထွက်ပေါ်လာကြောင်း အလေးပေးသည့်အပြင်၊ ကယ်တင်ခြင်းသည် ဘုရားသခင်၏အစီအစဉ် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သွန်သင်ခဲ့သည်။

## ဘုရားသခင်၏အစီအစဉ်

ဥပမာ၊ လုကာ ၄ တွင် ယေရှုသည် သူ၏လူထုဆိုင်ရာအမှုဆောင်ခြင်းကို စတင်သောအခါ၊ ဟေရှာယ ၆၁:၁-၂ အားဖတ်ရှုခဲ့သည်။ ၎င်းပရောဖက်ပြုချက်သည် ထိုအချိန်နှင့်ထိုနေရာ၌ ပြည့်စုံစေပြီဟု ကြွေးကြော်ခြင်းဖြင့် လူများကို အံ့အားသင့်စေခဲ့သည်။ သူ၏ခရစ်ဝင်ကျမ်း၏ ကျန်တစ်လျှောက်လုံးတွင်၊ လုကာက ကယ်တင်ခြင်းသည် ဘုရားသခင်၏အစီအစဉ်ဖြစ်ကြောင်းပြသခြင်းဖြင့် ယေရှုအသက်တာ၏ထူးခြားသောဖြစ်ရပ်များသည် ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ကတိတော်များကို ပြည့်စုံစေခြင်းကြောင်းပြသခဲ့သည်။ လုကာ ၂၄:၄၄ တွင် သူ၏လူထုဆိုင်ရာ ဓမ္မအမှုတော်ပြီးဆုံးခါနီး ပြောခဲ့သော ယေရှု၏စကားများကို နားထောင်ပါ_

> တဖန် မိန့်တော်မူသည်ကား၊ မောရှေ၏ပညတ္တိကျမ်းစာ၌၎င်း၊ ပရောဖက်တို့၏ ကျမ်းစာ၌၎င်း၊ ဆာလံကျမ်းစာ၌၎င်း၊ ငါ့ကို ရည်မှတ်၍ ရေးထားသမျှသောအချက်တို့သည် ပြည့်စုံရမည် (လုကာ ၂၄:၄၄)။

ဓမ္မဟောင်းကျမ်းတစ်ခုလုံးသည် ယေရှုအားဖြင့် ဘုရားသခင်လုပ်ဆောင်ပေးနေသော ကယ်တင်ခြင်းအကြောင်းကို ပြောဆိုထားသည်။ ဤနည်းဖြင့် သူ၏လူများကို ကယ်တင်ရန် ဘုရားသခင်သည် အစဉ်အမြဲစီစဉ်ထားခြင်းဖြစ်သည်။

ကယ်တင်ခြင်းသည် ဘုရားသခင်၏အကြံအစည်ကို ပြည့်စုံစေမှုဖြစ်ကြောင်း လုကာပြသခဲ့သည့် နောက်တစ်နည်းမှာ ယေရှုပြုခဲ့သည့်အရာများသည်လိုအပ်ကြောင်းကို ပုံမှန်ညွှန်ပြခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်းမှာ ၎င်းအရာများသည်ဘုရားသခင်၏တောင်းဆိုမှုဖြစ်ခြင်း သို့မဟုတ် ဖြစ်လာစေရန်ကြိုတင်ခွဲခန့်ထားခြင်းဖြစ်သည်။ ဥပမာတစ်ခုအနေနှင့်၊ လုကာ ၉:၂၂ တွင် ယေရှု၏ဆင်းရဲဒုက္ခနှင့် အသေခံခြင်းအကြောင်း ဖော်ပြပုံကို နားထောင်ပါ_

> ထိုမှတပါး၊ လူသားသည် များစွာခံရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့၏ ငြင်းပယ်ခြင်းကိုင၎်း၊ အသေသတ်ခြင်းကိုင၎်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသောအကြောင်းများတို့ကို မိန့်တော်မူ၏ (လုကာ ၉:၂၂)။

ဖြစ်ပျက်မည့်အရာများကို ယေရှုရှင်းပြသောအခါ ဂရိစကားလုံး *dei* ဟုဘာသာပြန်ဆိုထားသော "လိုအပ်သည်" ဟူသည့်စကားလုံးကို အသုံးပြုခဲ့သည်ကို သတိပြုပါ။ အဘယ်ကြောင့် လိုအပ်ခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် တောင်းဆိုသောကြောင့်ဖြစ်သည်။ သခင်ယေရှု၌ဖြစ်ပျက်ခဲ့သမျှသည် ကိုယ်တော်၏လူများကိုကယ်တင်ရန် ဘုရားသခင်၏ရှေးကာလအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ကြောင်း သက်သေပြရန် တတိယအချက်မှာ ကယ်တင်ခြင်းသည် ဘုရားသခင်၏သားတော် ယေရှုခရစ်အားဖြင့် ရရှိလာခြင်းဖြစ်သည်။

## ဘုရားသခင်၏သားတော်

ရှင်လုကာခရစ်ဝင်ကျမ်းမှ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ထပ်ခါတလဲလဲအတည်ပြုသည်။ တခါတရံ ယေရှု၏သားဖြစ်ခြင်းနှင့်ပတ်သက်၍ လုကာ ၁:၃၂-၃၅ တွင် သူ၏မွေးဖွားခြင်းဆိုင်ရာ ကောင်းကင်တမန်ကြေငြာချက်တွင် လူ့ဇာတိခံယူသောဘုရားသခင်အဖြစ် ခွဲခြားသတ်မှတ်သည်။ အခြားအချိန်များ၌၊ သူ၏အခွင့်အာဏာကို အလေးပေးဖော်ပြသည်။ ဤကိစ္စနှင့်ပတ်သက်၍ သူ၏နှစ်ခြင်းခံစဉ် လုကာ ၃:၂၂ တွင် ဘုရားသခင်သည်၏နှစ်သက်လက်ခံမှုကို ကောင်းကင်ဘုံမှ မိန့်ကြားခဲ့ခြင်းနှင့် လုကာ ၉:၃၅ တွင် ရုပ်သွင်ပြောင်းလဲခြင်းအချိန်တွင် ဘုရားသခင်သည်လူတို့ကို ခရစ်တော်အားနာခံရန်ညွှန်ကြားသောအခါ ကျွန်ုပ်တို့တွေ့မြင်ရသည်။ အခြားအချိန်များတွင်လည်း ၎င်းသည် လုကာ ၂၂:၂၉ တွင် နောက်ဆုံးသောညစာစားစဉ်ကဲ့သို့ ဘုရားသခင်၏ မေရှိယဘုရင်ခံအဖြစ် သူ၏အခန်းကဏ္ဍကို ရည်ညွှန်းသည်။

သို့သော် ဘုရားသခင်၏သားတော်ယေရှုအား ရည်ညွှန်းသောဤအရာအားလုံးတွင် အနည်းဆုံးတူညီသောအရာတစ်ခုပါဝင်သည်_ ၎င်းတို့အားလုံးက ဘုရားသခင်သည် ယေရှုအားဖြင့် ကယ်တင်ခြင်းကို ပြီးမြောက်စေတော်မူကြောင်း ဖော်ပြသည်။ ယေရှုသည် မိမိလူတို့၏နေရာ၌ အသေခံပေးပြီး ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးပေါ်သို့ ပို့ဆောင်ခြင်းဖြင့် မိမိ၏လူတို့ကို အပြစ်စီရင်ခြင်းမှ ကယ်တင်ရန် ဤလောကသို့စေလွှတ်ခြင်းခံရသော ဘုရားသခင်၏သားတော်ဖြစ်သည်။

တစ်ခါတစ်ရံ ခရစ်ယာန်များက ခမည်းတော်သည် ကျွန်ုပ်တို့ကို မုန်းတီးပြီး၊ အမျက်ထွက်နေသောဘုရားသခင်ဖြစ်ပြီး၊ ယေရှုသည် ကျွန်ုပ်တို့အတွက် ရပ်တည်ရန်ကြွလာခဲ့သည့် သူ၏ပုန်ကန်သောသားတော်ဖြစ်သည်ဟု တခါတရံ မှားယွင်းစွာ ယူဆကြသည်။ သို့သော် သမ္မာတရားနှင့် မည်သည့်အရာမှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မကျွာနိုင်ပါ။ ခမည်းတော်စေလွှတ်တော်မူသောကြောင့်သာလျှင် ကျွန်ုပ်တို့ကိုကယ်တင်ခြင်းငှါ ယေရှု ကြွလာတော်မူသည်။ ဟုတ်ပါသည်၊ ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ရှင် အမှန်တကယ်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို ခမည်းတော်၏တရားစီရင်ခြင်းမှ အမှန်တကယ် ကယ်တင်သည်။ သူယူဆောင်လာ ပေးသော ကယ်တင်ခြင်းသည် ခမည်းတော်ထံမှအစပြုကြောင်း နားလည်ရန် အရေးကြီးသည်။ ဘုရားသခင်၏သားတော်အဖြစ်၊ ယေရှုသည် ခမည်းတော်၏အမိန့်တော်အတိုင်းသာ လုပ်ဆောင်သည်။ ဘုရားသခင်၏ အကြံအစည်ကို ပြည့်စုံစေရန်အတွက် သူသည် ဘုရားသခင်၏တန်ခိုးကို အသုံးပြုသည်။ ဤနည်းအားဖြင့်၊ ယေရှု၏ကယ်တင်ခြင်းက ခမည်းတော်သည် ကျွန်ုပ်တို့၏အဆုံးစွန်သောကယ်တင်ရှင် ဖြစ်ကြောင်း သက်သေပြပါသည်။

ယခု ကျွန်ုပ်တို့သည် လုကာ၏ကယ်တင်ခြင်းအကြောင်းဖော်ပြချက်နှင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ခြင်းကို ကြည့်ရှုပြီးသောအခါ၊ ရှင်လုကာခရစ်ဝင်ကျမ်း၏တတိယ အဓိကအကြောင်းအရာဖြစ်သော ကယ်တင်ခြင်းခံရသောလူအမျိုးမျိုးကို ကြည့်ကြပါစို့။

## ကယ်တင်ခြင်းခံရသောသူများ

ယေရှုခေတ်တွင်၊ လူ့အဖွဲ့အစည်းအတွင်း ဂုဏ်အသရေ သို့မဟုတ် တန်ခိုးအာဏာရှိသူတို့အား ကယ်တင်ခြင်းပေးမည်ဟုဆိုလျှင် မည်သူမျှ အံ့သြကြမည်မဟုတ်ပါ။ ဘုရားသခင်၏ပညတ်တော်နှင့် အညီ တင်းကြပ်စွာလိုက်နာသူများကို အဘယ်ကြောင့် သူကယ်တင်သည်ကို မည်သူမျှ အံ့သြကြမည် မဟုတ်။ ဂျူးလူ့အဖွဲ့အစည်းအနေဖြင့် မထီမဲ့မြင်ပြုပြီးသားလူများ၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာ သည် ထိုသူတို့၏ပျက်ကွက်ခြင်းများကြောင့် လွဲပြောင်းသွားခဲ့ပုံရသည့်လူများကို သူသည်ရှုံ့ချခဲ့မည် ဆိုလျှင် မည်သူမျှအံ့သြကြမည်မဟုတ်။ သို့သော်ငြားသည် ယေရှုလုပ်ဆောင်သည့်အရာမဟုတ်။ ရှင်လုကာခရစ်ဝင်ကျမ်း၏ အဓိကအကြောင်းအရာတစ်ခုမှာ ယေရှုကယ်တင်ခဲ့သောအံ့သြဖွယ်လူများနှင့် ထိုသူတို့ကို ပေးခဲ့သော အံ့သြဖွယ်ဂုဏ်အသရေနှင့် အဆင့်အတန်းကို အာရုံစိုက်ရန်ဖြစ်သည်။

> လုကာ၏ဇာတ်ကြောင်းနှင့်ပတ်သက်၍ မှတ်သားဖွယ်အချက်တစ်ခုမှာ သူသည် အငယ်ဆုံးသောသူ၊ နောက်ဆုံးသောသူနှင့် ပျောက်ဆုံးသူများကို စိတ်ဝင်စားပြီး အမှန်တကယ်တွင် သူ၏အဓိကအကြောင်းအရာတစ်ခုမှာ ပြောင်းပြန်လှန်ခြင်း အကြောင်းအရာဖြစ်သည်။ အငယ်ဆုံးသောသူ၊ နောက်ဆုံးသောသူနှင့် ပျောက်ဆုံးသူများသည် ဘုရားသခင်၏နိုင်ငံတော်တွင် အများဆုံး၊ ပထမဆုံးနှင့် တွေ့ရှိသူများ ဖြစ်လာမည်ဖြစ်သည်။ လုကာသည်ခရစ်ဝင်ကျမ်း၏ ကျင့်ဝတ်ဆိုင်ရာများကို အမှန်တကယ်စိတ်ဝင်စားသည်။ အတွဲနှစ်တွဲဖြစ်သည့် လုကာနှင့် တမန်တော်ဝတ္ထုနှစ်ခုစလုံးတွင် ကျွန်ုပ်တို့တွေ့မြင်နေရသည့်အရာ များထဲမှ တစ်ခုဖြစ်သည့် ချီးမွမ်းထိုက်သော သို့မဟုတ် သီလနှင့်ပြည့်စုံသော ယေရှု၏ဓမ္မအမှုတော်နှင့်ပတ်သက်၍ ထူးခြားသောအရာကို သူစိတ်ဝင်စားပြီး၊ လုကာ/တမန်တော်ဝတ္ထုသည် ဆင်းရဲနွမ်းပါးသူများ၊ အမျိုးသမီးများနှင့် ရောဂါဝေဒနာရှင်များ၊ သက်ကြီးရွယ်အိုများအတွက်အလေးထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဤအရာမျိုးများနှင့်ပတ်သက်၍ လုကာ/တမန်တော်ဝတ္ထုတွင် အခြား ခရစ်ဝင်ကျမ်းများထက် သာ၍အလေးပေးလုပ်ဆောင်သည်ကို မေးခွန်းထုတ်စရာမရှိပါ။ ကျွန်ုပ်ဆိုလိုသည်မှာ,ကျွန်ုပ်တို့သည် သခင်ယေရှု၏မင်္ဂလာတရားများအကြောင်းပြောသောအခါ၊ မဿဲ၏ "စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏"ဟူသောအစား၊ လုကာ၌ "ဆင်းရဲသောသင်တို့သည် မင်္ဂလာရှိကြ၏"ဟူ၍ဖြစ်သည်။ ၎င်းသည် လုကာ၏အမှန်တကယ် အလေးထားသည့်အရာဖြစ်သည်။ ယေရှုအားဖြင့် ရွေးနှုတ်ခြင်းသာမက တရားမျှတခြင်းလည်းရောက်ရှိခြင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ၎င်းကိုအလေးထားခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်း၏ အမှားများကိုပြုပြင်ခြင်း၊ လူ့လောက ပြိုလဲခြင်း၏အကြောင်းကို သခင်ယေရှုပြုပြင်ခြင်း၊ ယေရှုသည် ဤလောက၏ ကယ်တင်ရှင်ဖြစ်ကြောင်း အမှန်တကယ် အလေးပေးလိုသည်။ သူသည် လူတိုင်းအတွက် ကယ်တင်ရှင်ဖြစ်သည်။ ၎င်းသည် ယေရှု၌တစ်နေရာတည်းတွင် အလုံးစုံရရှိခြင်းဖြစ်သည်။ သင်သည် အရေးအကြီးဆုံးသူ သို့မဟုတ် အထက်တန်းစားသူ သို့မဟုတ် ပညာတတ်သောသူ သို့မဟုတ် လူ့အဖွဲ့အစည်းတွင်အကျော်ကြားဆုံးသောသူ သို့မဟုတ် အငယ်ဆုံးသောသူပင် ဖြစ်နေသော်လည်း ယေရှုသည် လူတိုင်းအတွက်ဖြစ်ပြီး၊ လုကာသည် ၎င်းကို သေချာပေါက် အလေးပေးလိုပါသည်။

**ဒေါက်တာ Ben Witherington III**

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ လုကာပြောလေ့ရှိသော အံ့သြဖွယ်လူ အမျိုးအစားလေးမျိုးကိုသာလေ့လာပါမည်။ တစ်ပါးအမျိုးသားများဖြင့် အစပြုမည်။

တစ်ပါးအမျိုးသားများသည် နောက်ဆုံးတွင်ဘုရားသခင်၏နိုင်ငံတော်သို့ ခေါ်ခြင်းခံရပြီး နိုင်ငံတော်၏ကယ်တင်ခြင်းနှင့် ကောင်းချီးများရရှိခြင်းအကြောင်း ဓမ္မဟောင်းကျမ်းဖော်ပြသည်။ သို့သော် ဣသရေလခေတ်ရှိ ဂျူးများသည် တစ်ပါးအမျိုးသားများကို ဘုရားသခင့်နိုင်ငံတော်၏ အဓိက ကောင်းချီးများမှ ဖယ်ထုတ်ခံရသူများအဖြစ် အများအားဖြင့်ရှုတ်ချကြသည်။

သူ၏ခရစ်ဝင်ကျမ်းကို လုကာရေးသောအချိန်တွင်၊ ကမ္ဘာတစ်ဝှမ်းရှိ ခရစ်ယာန်အသင်းတော်များ တွင် တစ်ပါးအမျိုးသားပြောင်းလဲသူများ အများအပြားပါဝင်သည်။ သမိုင်းတစ်လျှောက်၊ ဘုရားသခင်သည် တစ်ပါးအမျိုးသားများအား အံ့သြဖွယ်ရာနည်းလမ်းများဖြင့် ကောင်းချီးပေးရန် သူ၏ရည်ရွယ်ချက်ကို ရှင်းလင်းစွာပြသသည်။ ဤသင်ခန်းစာအစောပိုင်းတွင်၊ ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ လုကာကျမ်း ရေးသားရခြင်း၏အကြောင်းရင်းတစ်ခုသည် တစ်ပါးအမျိုးသားများသည် ခရစ်ယာန်များဖြစ်လာခြင်း ဖြင့် အမှားအယွင်းမရှိကြောင်း သိစေရန်ဖြစ်သည်။ ထို့ကြောင့်၊ သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး၊ ဓမ္မဟောင်း၏မျှော်လင့်ချက်များနှင့် စံနှုန်းများပြည့်စုံစေရန်၊ တစ်ပါးအမျိုးသားများ ကယ်တင်ခြင်း ခံစားခဲ့သည့်နေရာများကို သူအာရုံစိုက်ခဲ့သည်။

ဥပမာ၊ လုကာ ၂:၁၀-၁၄ တွင်၊ ဧဝံဂေလိတရား၏ဝမ်းမြောက်ဖွယ်သတင်းသည် "လူအပေါင်းတို့" နှင့် "မြေကြီးပေါ် ရှိလူများ" အတွက်ဖြစ်ကြောင်း ကောင်းကင်တမန်များ ကြေညာခဲ့သည်။ ဂျူးလူမျိုးများကိုကယ်တင်ဖို့ ဣသရေလ၏ဘုရင်သစ် မွေးဖွားလာသည်ဟုပြောမည့်အစား ကောင်းကင်တမန်များသည် ကမ္ဘာလုံးနှင့်သက်ဆိုင်သော အသုံးအနှုန်းများကို ပြောခဲ့သည်။ လုကာ ၂:၃၂ တွင်၊ ရှိမောင်သည် သူငယ်ယေရှုအား "တပါးအမျိုးသားတို့အတွက်အလင်း" ဖြစ်မည်ဟု ကြွေးကြော်ခဲ့သည်။ ခရစ်ဝင်ကျမ်းလေးစောင်စလုံးသည် နှစ်ခြင်းဆရာယောဟန်၏ ဟေရှာယ ၄၀ ကိုကိုးကားထားသော်လည်း၊ လုကာ ၃:၆ သည်သာ "လူသားအပေါင်းတို့သည် ဘုရားသခင်၏ကယ်တင်တော်မူခြင်းအကြောင်းကို မြင်ရကြလတံ့" ဟူသော စကားလုံးများကို ထည့်သွင်းဖော်ပြခဲ့သည်။

ရန်သူများအဖြစ် ဂျူးများမှတ်ယူထားသော ရှမာရိလူများကိုလည်း ကယ်တင်နိုင်သည်ဟု လုကာသတိပြုမိသည်။ ဥပမာ၊ လုကာ ၁၇:၁၁-၁၉ တွင်၊ ယေရှုသည် နူနာရောဂါသည်ဆယ်ဦးကို ကုသပေးခဲ့သော်လည်း ကျေးဇူးတော်ကို ပြန်လာ၍ချီးမွမ်းနိုင်သော တစ်ဦးတည်းသောနူနာသည်မှာ ရှမာရိလူမျိုးဖြစ်သည်။ ကောင်းသောရှမာရိလူပုံဥပမာကို လုကာသာလျှင် လုကာ ၁၀:၃၀-၃၇ တွင်ဖော်ပြခဲ့ပြီး၊ ၎င်းတွင် ရှမာရိလူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ချစ်ခြင်းမေတ္တာ၏ပုံနမူနာဖြစ်သည်။

ထို့အပြင်၊ လုကာသည် တစ်ပါးအမျိုးသားများသည် သခင်ယေရှုကို အမှန်တကယ် ကယ်တင်ရှင်အဖြစ်ယုံကြည်ကြောင်း ဖော်ပြသည့်အချိန်များကို မှတ်တမ်းတင်ခဲ့သည်။ ဥပမာ၊ လုကာ ၇:၉ တွင် ယေရှုသည် ရောမတပ်မှူးတစ်ဦးအကြောင်း မိန့်တော်မူခဲ့သည်–

> ဤမျှလောက်သော ယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် ငါမတွေ့ဘူးသေးဟု မိန့်တော်မူ၏ (လုကာ ၇:၉)။

ဤသင်ခန်းစာအစောပိုင်းတွင် ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ယေရှုသည် ဂျူးများနှင့်တစ်ပါးအမျိုးသားများအပါအဝင် အာဒံ၏မျိုးနွယ်တစ်ခုလုံးကို ကယ်တင်ရန် ကြွလာသည်ဟုဖော်ပြကာ အာဒံထံသို့တိုင်အောင် ယေရှု၏မျိုးရိုးစဉ်ဆက်ကို လုကာခြေရာခံခဲ့သည်။

လုကာ၏ခရစ်ဝင်ကျမ်းတွင် ကယ်တင်ခြင်းရရှိခဲ့သော ဒုတိယအံ့သြဖွယ်လူအမျိုးအစားသည် အပြစ်သားများဖြစ်သည်။ ယခု၊ အရေးကြီးသောသဘောအရ၊ လူသားအားလုံးသည် အပြစ်သားများဖြစ်သည်။ သို့သော် ယေရှုခေတ်ကာလတွင် အလွန်အပြစ်ကြီးပြီး လူအများကြားပေါ်လွင်သူလူအချို့ရှိခဲ့သည်၊ ဤလူများကို ဂျူးလူ့အဖွဲ့အစည်းမှ ဝိုင်းပယ်ကြပြီး၊ လုကာ ၇:၃၆-၅၀ တွင် အကျင့်ယိုယွင်းသောအမျိုးသမီး၊ လုကာ ၁၉:၁- ၉ တွင် အခွန်ခံဇက္ခဲကဲ့သို့သောသူများ ဖြစ်ကြသည်။ အခွန်ခံများသည် အစိုးရမှုမသတ်မှတ်သော အခွန်နှုန်းထားများကို လူမျိုးချင်းများအပေါ်အဆမတန် ကောက်ခံခြင်းဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းပြုခြင်းကြောင့် အပြစ်သားများဖြစ်သည်။ သို့သော် ယေရှုသည် သူတို့ကိုပင် ကယ်တင်ရန် ကြွလာခဲ့သည်။ ကိုယ်တော်သည် ယုံကြည်ခြင်း၌ နောင်တရသောသူတိုင်းအား ကယ်တင်ခြင်းပေးလိုစိတ်ပြင်းပြခဲ့သည်။ ဥပမာတစ်ခုအနေနှင့်၊ လုကာ ၅:၂၉-၃၂ မှ ဤမှတ်တမ်းကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုနောက်မှလေဝိသည် ကိုယ်တော်အဘို့အလို့ငှါ မိမိအိမ်၌ကြီးစွာသောပွဲကိုခံ၍၊ အခွန်ခံသောသူများ နှင့် အခြားသောသူအပေါင်းတို့သည် ကိုယ်တော်မှစသော တပည့်တော်တို့နှင့်တကွ စားပွဲ၌ လျောင်းကြ၏။ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က သင်တို့သည် အခွန်ခံသောသူ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့် စားသောက်ကြသနည်းဟု တပည့်တော် တို့ကိုကဲ့ရဲ့အပြစ်တင်ကြ၏။ ယေရှုကလည်း၊ ကျန်းမာသောသူတို့သည် ဆေးသမားကိုအလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိ ကြ၏။ ဖြောင့်မတ်သောသူတို့သည် နောင်တသို့ ခေါ် ခြင်းငှါလာသည်မဟုတ် ဆိုးသောသူတို့ကိုခေါ် ခြင်းငှါ ငါလာသတည်းဟု မိန့်တော်မူ၏ (လုကာ ၅:၂၉-၃၂)။

ရှင်လုကာခရစ်ဝင်ကျမ်းတွင် ကယ်တင်ခြင်းခံရသော တတိယအုံ့သြဖွယ်အုပ်စုမှာ အမျိုးသမီးများဖြစ်သည်။ သခင်ယေရှုနေထိုင်ခဲ့သည့် ရှေးခေတ်မြေထဲပင်လယ်ဒေသလူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အခွင့်အရေးများမရရှိကြ၊ ၎င်းတို့သည် တန်ဖိုးမြင့်မသတ်မှတ်ခံရကြပါ။ သို့သော် လုကာသည် သူတို့ကိုကယ်တင်ခြင်းသို့ ယေရှုပို့ဆောင်ပေးသည့်နည်းလမ်းနှင့်ပတ်သက်၍ အာရုံစိုက်ခဲ့သည်။ လုကာ ၈:၄၁-၅၃ တွင်၊ ယေရှုသည် ယာဣရု၏သမီးနှင့် တစ်ဆယ့်နှစ်နှစ်ကြာ သွေးသွန်ခဲ့သော အမျိုးသမီးကို ကုသပေးခဲ့သည်။ ရှေးဘိုးဘေးလူ့အဖွဲ့အစည်းတွင် အကူအညီပေးခြင်းမရှိ၍ မျှော်လင့်ချက်မဲ့သော မုဆိုးမများအပေါ်တွင်လည်း ကြီးမားသောကရုဏာကို ပြသခဲ့သည်။ လုကာ ၇:၁၁-၁၇ နှင့် ၁၈:၁-၈ တွင် ဤအလိုအပ်ဆုံးသောလူများအတွက် ယေရှု၏အလေးထားမှုနှင့် ဂရုစိုက်မှုကို ဖော်ညွှန်းပြသည်။

အမျိုးသမီးများ၏ကယ်တင်ခြင်းကို မီးမောင်းထိုးပြသည့် လုကာ၏ အထင်ရှားဆုံး သင်ကြားနည်းစနစ်တစ်ခုမှာ ဂုဏ်ယူနေသော အမျိုးသားဘာသာရေးခေါင်းဆောင်များနှင့် နှိမ့်ချသော အမျိုးသမီးများကို ယှဉ်ပြခြင်းဖြစ်သည်။ ဥပမာ၊ လုကာ ၁၃:၁၄-၁၅ တွင် ယေရှုသည် တရားဇရပ်မှူးကို လျို့ဝှက်သောသူဟုခေါ်ဆိုခဲ့ပြီး၊ နောက်ကျမ်းချက်တွင် မသန်မစွမ်းသောအမျိုးသမီးကို "အာဗြဟံ၏သမီး" ဟု ခေါ် ခဲ့သည်။ မာနကြီးသောဖာရိရှဲရှိမုန်ကို ရှုတ်ချစဉ်တွင် ယေရှုသည် အကျင့်ယိုယွင်းသောအမျိုးသမီးတစ်ဦး၏ ကြည်ညိုမှုကို လက်ခံခဲ့သည့် လုကာ ၇:၃၇-၅၀ တွင် အလားတူခြားနားချက်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။

ဘုရားသခင်ကို ချစ်ခြင်း၏ အဆုံးစွန်သောပုံသက်သေအတွက်၊ လုကာသည် ယေရှု၏မိတ်ဆွေ မာရိ၏ဇာတ်လမ်းကို ဆက်စပ်ဖော်ပြခဲ့သည်။ လုကာ ၁၀:၂၇ တွင်၊ ကြီးမြတ်သောပညတ်ချက်နှစ်ရပ်သည် ဘုရားသခင်ကိုချစ်ရန်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်ရန်ဖြစ်ကြောင်း ယေရှုသွန်သင်ခဲ့သည်။ ထို့နောက်၊ အခန်းငယ် ၃၈-၄၂ တွင်၊ မာရိသည် သူ၏သွန်သင်ချက်များကို နာခံမှုရှိစွာနားထောင်ခြင်းဖြင့် ဘုရားသခင်ကို ချစ်မြတ်နိုးပုံကို သာဓကပြခဲ့သည်။ ပေတရုမဟုတ်၊ ယောဟန်လည်းမဟုတ်၊ ဂျူးခေါင်းဆောင်မှုလည်းမဟုတ်၊ သို့သော် အမျိုးသမီးတစ်ဦး၏ ဘာသာတရားကိုင်းရှိုင်းခြင်း၏စံနမူနာဖြစ်သည်။

နောက်ဆုံး၊ ရှင်လုကာခရစ်ဝင်ကျမ်းတွင် ကယ်တင်ခြင်းခံရသော စတုတ္ထအံ့သြဖွယ်လူအမျိုးအစားမှာ ဆင်းရဲသားများဖြစ်သည်။ မာရိနှင့်ယောသပ်တို့၏မိသားစုသည် ဆင်းရဲကြောင်းထောက်ပြခြင်း

ဖြင့် လုကာသည် သူ၏ခရစ်ဝင်ကျမ်းကို စတင်ခဲ့သည်။ လုကာ ၂:၂၄ တွင် ဗိမာန်တော်သို့ သူတို့ ယူဆောင်ခဲ့သော ပူဇော်သက္ကာသည် ဝတ်ပြုရာ ၁၂:၈ တွင်ဖော်ပြထားသော ဆင်းရဲသားများ၏ ပူဇော်သက္ကာဖြစ်သည်ကို ကျွန်ုပ်တို့သိသည်။

လုကာ ၁၂:၁၃-၂၁ နှင့် လုကာ ၁၆:၁၉-၃၁ တွင် ချမ်းသာသောလူမိုက်နှင့် လာဇရုအကြောင်း သူ၏ပုံဥပမာများတွင် ယေရှုသည် ဆင်းရဲသူများကို မျက်နှာသာပေးကြောင်းကိုလည်း လုကာ ပြသခဲ့သည်။ ယေရှုသည် ဟေရှာယ ၆၁:၁ မှဖတ်ကြားခဲ့သော လုကာ ၄:၁၈ ကို တစ်ဖန်နားထောင်ပါ_

> ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။
> အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို
> ကြားပြောစေခြင်းငှါ ငါ့ကို ဘိသိတ် ပေးတော်မူပြီ (လုကာ ၄:၁၈-၁၉)။

လုကာသည် ဤဖြစ်ရပ်ကိုဖော်ပြသည့် တစ်ဦးတည်းသော ခရစ်ဝင်ကျမ်းရေးသူဖြစ်သည်။ ယေရှု၏ဓမ္မအမှုတော်တစ်ခုလုံးအတွက် စံနမူနာတစ်ခုအဖြစ် ၎င်းကိုသူထည့်သွင်းခဲ့သည်။ သူ၏ အချက်မှာ ဘုရားသခင်၏နိုင်ငံတော်ကို ဆောင်ကြဉ်းပေးခြင်း၏ အစိတ်အပိုင်းသည် ဆင်းရဲသားတို့အား ကယ်တင်ခြင်းသတင်းကောင်းကို ဝေငှခြင်းပင်ဖြစ်သည်။ လုကာသည် လူ့အဖွဲ့အစည်း၏ မထီမဲ့မြင်ပြု ခြင်းခံရသောသူများကိုပင် ကယ်တင်ရန် စကြဝဠာ၏ဘုရားသခင်သည် လူ့ဇာတိခံယူခဲ့ကြောင်း ထောက်ပြရန် အထူးဂရုစိုက်ခဲ့သည်။ တစ်ပါးအမျိုးသား၊ အပြစ်သားများ၊ အမျိုးသမီးများနှင့် ဆင်းရဲသား တို့သည် ဂျူးလူ့အဖွဲ့အစည်းတွင် အခွင့်အရေးအလွန်နည်းပါးကြပြီး ဘုရားသခင့်နိုင်ငံတော်၏ အကြီးမား ဆုံးကောင်းချီးများကို အမွေဆက်ခံရန် မမျှော်လင့်ထားခဲ့ကြပေ။ သို့သော် ယေရှုသည် ၎င်းတန်ဖိုးစံနစ်ကို ငြင်းပယ်ခဲ့သည်။ သူအား ကယ်တင်ရှင်နှင့်သခင်အဖြစ် လက်ခံသူတိုင်းအား အပြည့်အဝလက်ခံမှုနှင့် အဆုံးမဲ့သောကောင်းချီးများကို ပေးခဲ့သည်။

> ခရစ်ဝင်ကျမ်းရေးသူများထဲမှ လုကာသည် သူ၏ခေတ်ပါလက်စတိုင်း
> လူ့အဖွဲ့အစည်းရှိ မဖြစ်စလောက်သောအုပ်စုများအပေါ် အထူး
> အလေးပေးထားသည်။ အမျိုးသားများ၏မှတ်တမ်းများကို အမျိုးသမီးများ၏
> မှတ်တမ်းများနှင့် အစဉ်ယှဉ်တွဲဖော်ပြသည်ကို တွေ့ရသည်။ ရှမာရိလူများကို
> အထူးအာရုံစိုက်ပြီး၊ ဆင်းရဲသားများအား အာရုံစိုက်သည်ကိုလည်း
> တွေ့မြင်ရပါသည်။ လာဇရုနှင့် သူဌေးအကြောင်းညွှန်ပြသည့် ဤဥပမာကို
> ရှင်လုကာခရစ်ဝင်ကျမ်းတွင်သာ ကျွန်ုပ်တို့တွေ့မြင်ရသည်။
> ကောင်းသောရှမာရိပုံဥပမာသည်လည်း လုကာ၌သာ ကျွန်ုပ်တို့
> ထပ်မံတွေ့မြင်ရပြန်သည်။ ထို့ကြောင့်၊ ယေရှု၏သွန်သင်ချက်နှင့်ပတ်သက်သော
> ဤမှတ်တမ်းများသည် နာဇရက်မြို့ရှိ ကိုယ်တော်၏အစီအစဉ်တကျ
> ဟောပြောသော တရားဒေသနာနှင့် အလွန်ကိုက်ညီပါသည်။
> ၎င်းတွင်ဆိုထားသည်မှာ၊ ငါသည်ကြွလာပြီ၊ ယနေ့ပင် ဤကျမ်းစာချက်သည်
> သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီ၊ ဝိညာဉ်တော်သည် ဆင်းရဲသားများနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘမ်းသွားချုပ်ထားလျက်ရှိသောသူများနှင့် ညှဉ်းဆဲခံရသူတို့အား သတင်းကောင်း ဟောပြောရန် ငါ့ကိုစေလွှတ်တော်မူပြီဟု ဆို၏။ ထို့ပြင် ပွဲခံရာတွင် ခြေလက်မသန်စွမ်းသူနှင့် ဆင်းရဲသူများကိုလည်း ဖိတ်ခေါ်သင့်သည်ဟု တပည့်တော်များအား ယေရှုမိန့်တော်မူသည်။ ထို့ကြောင့်၊ ယေရှုသည် အလွန်အရေးကြီးသောအရာကို ပုံဥပမာပေးဖော်ပြသည်မှာ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဆောင်သော အခြားလူများနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးတွင်၊ ကျွန်ုပ်တို့သည် ပေါလုတင်ပြသကဲ့သို့ မိမိကိုယ်ကို ထင်သင့်သည်ထက်ပို၍မထင်ရန်ဖြစ်သည်။ သို့သော် ယေရှုသည် လူ့အဖွဲ့အစည်း၏ကဏ္ဍတိုင်းသို့ ကျေးဇူးတော်ဖြင့် ကြွရောက်တော်မူသည်ကို ကျွန်ုပ်တို့မြင်သင့်သည်။ ထိုသို့ပြုရန် တပည့်တော်တို့ကို ခေါ်တော်မူသည်။ ထို့ပြင် ကျွန်ုပ်တို့သည်လည်း ထိုသို့ပြုလုပ်ရမည်ဖြစ်သည်။ သခင်ယေရှုသည် ပြည့်တန်ဆာများ၊ အပြစ်ရှိသောသူများနှင့် အတူရှိခြင်းကြောင့် လှောင်ပြောင်ခံရပြီး သူ၏ပြန်လည်တုံ့ပြန်သည့်နည်းလမ်းမှာ ငါသည် ဖြောင့်မတ်သူများအတွက်မဟုတ် အပြစ်သားများအတွက် ကြွလာခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် ထိုခေတ်သူ၏လူ့အဖွဲ့အစည်း၏ ကဏ္ဍပေါင်းစုံကို ရောက်ရှိရန် ယေရှု၏တာဝန်ကို ထင်ရှားဖော်ပြရုံသာမကဘဲ၊ ကျွန်ုပ်တို့သည်အမှန်တကယ် မည်သူဖြစ်သည်ဟူသည့်ခံစားမှု၊ ကျွန်ုပ်တို့၏ အမှန်တကယ် လိုအပ်ချက်များလည်း ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်များ သို့မဟုတ် လူ့အဖွဲ့အစည်းရှိ ကျွန်ုပ်တို့၏ကိုယ်ပိုင်ရပ်တည်မှုအပေါ် ဘုရားသခင်၏မျက်နှာသာပေးမှုကို မရနိုင်သောကြောင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ကျေးဇူးတော်ကို လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ရှေ့တော်တွင် တန်းတူညီတူရှိကြပြီး ကျွန်ုပ်တို့တွင် တူညီသောလိုအပ်မှုမျိုးရှိသောကြောင့် အချင်းချင်းကျေးဇူးပြုပြီး အချင်းချင်းဆက်သွယ်သင့်သည်။

**ဒေါက်တာ Gregory R. Perry**

# နိဂုံး

ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ရှင်လုကာခရစ်ဝင်ကျမ်းကို ၎င်း၏ကျမ်းရေးသူနှင့် မူလ ပရိသတ်နှင့် ရေးသားသည့်အချိန်ကာလစသည့် နောက်ခံအကြောင်းများကို သုံးသပ်ခြင်းနှင့် ၎င်း၏ ဖွဲ့စည်းပုံနှင့်အကြောင်းအရာ၊ ကယ်တင်ခြင်းအကြောင်းအရာနှင့်ပတ်သက်သော ၎င်း၏အဓိက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်းအရာများကို လေ့လာခဲ့ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းကို ဖတ်ရှုစဉ် ဤအယူအဆများကို စိတ်ထဲတွင်မှတ်ထားပါက၊ ကျွန်ုပ်တို့သည် သူ၏အဓိပ္ပါယ်ကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်မည်ဖြစ်ပြီး၊ အသင်းတော်နှင့် ကမ္ဘာပေါ် ရှိ ကျွန်ုပ်တို့၏အသက်တာတွင် ၎င်းကိုကျင့်သုံးရန် ပိုမိုပြင်ဆင်လာမည် ဖြစ်သည်။

ရှင်လုကာခရစ်ဝင်ကျမ်းသည် ယေရှုအား ဘုန်းကြီးသောဘုရားသခင်၏သားတော်သည် လောကကိုချစ်သောကယ်တင်ရှင်အဖြစ် ကမ္ဘာမြေသို့ကြွလာကြောင်း ဖော်ပြသည်။ ကိုယ်တော်သည် လူမျိုး၊ စည်းစိမ်ချမ်းသာ သို့မဟုတ် အဆင့်အတန်းမခွဲခြားဘဲ လူတိုင်းအား ဘုရားသခင်၏ ကယ်တင်ခြင်းဆိုင်ရာသတင်းကောင်းကို ပေးသည်။ သူ၏ခေတ်ကာလတွင်၊ ရှင်လုကာခရစ်ဝင်ကျမ်းသည် တစ်ပါးအမျိုးသားခရစ်ယာန်များကို ဂျူးမေရှိယနောက်လိုက်ခြင်းဖြင့် သူတို့အမှားပြုလုပ်ခြင်းမဟုတ်ကြောင်း အာမခံပေးခဲ့သည်။ ခေတ်တိုင်းတွင်လည်း အလားတူပင်ဖြစ်သည်။ ပထမရာစုကတည်းကပင်၊ အသင်းတော်အများစုသည် တစ်ပါးအမျိုးသားများဖြစ်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့လည်း အမှားမလုပ်ခဲ့ကြပါ။ ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ကျွန်ုပ်တို့တွင် စစ်မှန်သောကယ်တင်ခြင်းသို့ အမှန်တကယ်ရောက်စေမည့်တစ်ခုတည်းသောသတင်းစကားရှိသည်ကိုသိလျက်၊ ဤလောကရှိလူတိုင်းအား နောင်တတရားနှင့်ယုံကြည်ခြင်းဆိုင်ရာတူညီသောသတင်းကောင်းကို ဆက်လက်ဟောပြောရန်သည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။